# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၀၄)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ တနင်္လာနေ့။


## ဒါနနှစ်မျိုး

(၁) အဝတ်အစား၊ နေရာထိုင်ခင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် လုပ်အားစသည်ကို လှူဒါန်းခြင်းသည် ဝတ္ထုဒါနမည်၏။

(၂) ထိုအလှူနှင့်ပတ်သက်၍ အလှူရှင်၏ သန္တာန်၌ဖြစ်သည့် ပေးကမ်းလှူဒါန်းလိုသော စေတနာသည် စေတနာဒါန မည်၏။

# မျိုးဆက်သစ်များ စိတ်ဓာတ်၊ စည်းကမ်းကောင်းများဖြင့် ပညာတတ်များဖြစ်အောင် သင်ကြားပေးရမည်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (အမျိုးသားကျောင်း-၁၉၂၀)၏ ၉၅ နှစ်ပြည့်နှင့် (၁၅) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ကန်တော့ခံဆရာကြီး ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရွှေပင်ဆင့်ဆောင်၌ ကန်တော့ခံဆရာကြီး ဆရာမကြီးများအား မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီကန်တော့ပြီး လက်ဆောင်ပစ္စည်းများ ဂါရဝပြုပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် အမျိုးသားကျောင်းဆောင်၌ကျင်းပသည့် အမျိုးသားကျောင်း ၉၅ နှစ်ပြည့်နှင့် (၁၅) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင် ဆရာကြီး၊ ဆရာမကြီးများကို ယခုကဲ့သို့ ဂါရဝပြုပူဇော်ပွဲပြုလုပ်ချိန်တွင် ကျောင်းနေဖက် သူငယ်ချင်းများနှင့် ပြန်လည်တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းသာမိပါကြောင်း၊ ထို့အတူယခင်အတိတ်သမိုင်းကြောင်းနှင့် ရှေးဟောင်းနှောင်းဖြစ်များ

*စာမျက်နှာ ၃ ကော်လံ ၁* ❑

(ကချင်မြေကိုလာပါ့… တကယ်ပျော်တယ်နော့…ဒီမြေကရိုန်နော်… မနောပွဲတော်…အတူနွဲပျော်…)

## ကချင်ပြည်နယ်နေ့နှင့် အနာဂတ်ရှေ့ခရီး

**သတင်းဆောင်းပါး-ဝင်းနိုင်၊ ဓာတ်ပုံ-ဌေးအောင်**

စတဲ့သီချင်းသံတွေဟာ မြစ်ကြီးနားမြို့ စီတာပူမနောကွင်းရဲ့ ကောင်းကင်ယံသာမက မြန်မာပြည်မြောက်ဖျားရဲ့ တောင်တန်းတွေမှာတောင် ပဲ့တင်ထပ်လို့နေပါတော့တယ်။

ဇန်နဝါရီ ၁၀ ရက်၊ အဲဒီနေ့ဟာ ကချင်ပြည်နယ်မှာနေထိုင်ကြတဲ့ ညီနောင်တိုင်းရင်းသားတွေအတွက် ထူးခြားလေးနက်တဲ့ နေ့တစ်နေ့ဖြစ်လို့နေပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်ခဲ့တဲ့ ကချင်ပြည်နယ်နေ့ အခမ်းအနား နဲ့အတူ မနောပွဲတော်ကြီးကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပါတယ်။

ကချင်ပြည်နယ်ဟာ တွင်းထွက်သယံဇာတပေါများကြွယ်ဝပြီး တိုင်းရင်းသားပေါင်းစုံစုပေါင်းနေထိုင်တဲ့ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ကချင်လူမျိုးများဟာ မွန်မြတ်သောယဉ်ကျေးမှုများစွာ ကြွယ်ဝတဲ့လူမျိုးများ ဖြစ်ပါတယ်။ မနောအကဟာလည်း တိုင်းရင်းသားတွေရဲ့ရိုးရာ အကတွေထဲမှာ ထင်ရှားကျော်ကြားတဲ့ အကတစ်ခု ဖြစ်ပါတယ်။ မနောပွဲကိုအဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြပေမယ့် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ကျင်းပတဲ့မနောပွဲတော်များကို “ဆွေမျိုးသားချင်းများ ပြန်လည်စုစည်း၍ တစ်ဦးနဲ့တစ်ဦး ဆောင်ရွက်သွားရမယ့်ကိစ္စများကို စည်းလုံးညီညွတ်စွာနဲ့ ညှိနှိုင်းဆုံးဖြတ်အားသစ်ယူ၍ အားအင်စုစည်းထားခြင်း၊

*စာမျက်နှာ ၇ ကော်လံ ၁* ✻


“သင့်အနာဂတ်လုံခြုံစိတ်ချဖို့ Future Auto မှာ ကား ဝယ် စို့ ”

✣ အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
✣ ကားများကို နိုင်ငံတကာအဆင့်မှီ (၆)လအာမခံပစ္စည်းနှင့် လက်ခဖိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
✣ အရည်အသွေးမြင့်ကားအရေအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

Show Room(1) - အမှတ်(၁၄၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်။ Ph: 01-400785, 09-254342575, 09-5147128
Show Room(2) - သစ္စာလမ်းမကြီး၊ ဗဟိုဈေးမှတ်တိုင်အနီး၊ တောင်ဥက္ကလာပမြို့နယ်။ Ph: 09-254346475, 01-8500492
Show Room(3) - အမှတ်(၂၆၊ ဘီ)၊ အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။ (ဘာတာမှတ်တိုင်နှင့်အုတ်ကျင်းမှတ်တိုင်ကြား)။ Ph: 09-254342979
Show Room(4) - Mandalay အမှတ်(၄၁၃)၊ (၆၂)လမ်း၊ (၃၅ × ၃၆)လမ်းကြား၊ မဟာအောင်မြေ Ph: 09-795594006, 09-795594008

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးလာမည်

စစ်တောင်းမြစ်ဝှမ်းဒေသသည် နှစ်စဉ်မိုးတွင်းကာလ၌ ရေကြီးရေလျှံမှုများကြုံတွေ့ရသည့် ဒေသတစ်ခုဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုလျော့ပါးသွားစေရန်အတွက်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာစေရန်အတွက်လည်းကောင်း၊ ရေအားလျှပ်စစ်ထုတ်ယူရန်အတွက်လည်းကောင်း၊ စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် ရေလှောင်တမံစီမံကိန်း ၁၁ ခုလျာထားဆောင်ရွက်ခဲ့ရာ ယခုအခါ ကိုးခုမြောက် ရေလှောင်တမံစီမံကိန်းဖြစ်သည့် ဖြူးချောင်းရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို ဖွင့်လှစ်လိုက်ပြီဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဒေသခံပြည်သူများအား နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ဖြူးချောင်းရေလှောင်တမံကို မြစ်ရေလျှံမှုမှ ကာကွယ်နိုင်ရေး၊ လုံလောက်သည့် စိုက်ပျိုးရေရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ဖြူးချောင်းရေလှောင်တမံကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအားဖြင့် ဤဒေသအတွက်များစွာ အကျိုးရှိမည်ဖြစ်ပါကြောင်း၊ တစ်သီးသာစိုက်ပျိုးသည့် စနစ်မှ နှစ်သီး၊ သုံးသီး စိုက်ပျိုးနိုင်ကြရန်အတွက် စိုက်ပျိုးရေရရှိရန် ဆည်မြောင်းတာတမံများကို တည်ဆောက်ပေးနေခြင်းဖြစ်ပါကြောင်း၊ မိရိုးဖလာလက်မှုလယ်ယာစိုက်ပျိုးရေးစနစ်မှ ပိုမိုထုတ်လုပ်နိုင်ရန် စက်မှုလယ်ယာစိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၁၁၄ ၏အနောက်ဘက် ငါးမိုင်ခန့်အကွာတွင်တည်ရှိပြီး အလျားပေ ၁၀၂၀၊ အမြင့် ၂၄၅ ပေရှိ ဇုန်အမျိုးအစား ကျောက်ဖြည့်တမံတစ်ခုဖြစ်သည်။ ဤစီမံကိန်းသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ၁၉၆၄ ခုနှစ်တွင် စစ်တောင်းမြစ်ဝှမ်းအတွင်းရှိ မြစ်ချောင်းများပေါ်တွင် ရေလှောင်တမံများ တည်ဆောက်၍ ရေအားလျှပ်စစ်ထုတ်ယူခြင်း၊ ဆည်ရေပေးဝေခြင်း၊ ရေလွှမ်းမိုးမှုမှ ကာကွယ်ခြင်း၊ ဘက်စုံစီမံကိန်းများ အစီရင်ခံပြုစုတင်ပြခဲ့သည့် လုပ်ငန်းများအနက် ပါဝင်သည့် စီမံကိန်းတစ်ခုဖြစ်သည်။ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ လယ်မြေဧက ၉၀၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး တပ်ဆင်အင်အားမဂ္ဂါဝပ် ၂၀ နှစ်လုံးဖြင့် ရေအားလျှပ်စစ်နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ခန့် ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုင်းတာခဲ့သည့်စီမံကိန်း ၁၁ ခုရှိရာ တည်ဆောက်ပြီးစီမံကိန်းမှာ ကိုးခုရှိသွားပြီဖြစ်သည်။ တစ်ခုမှာ တည်ဆောက်ဆဲဖြစ်ပြီး တစ်ခုသာ တည်ဆောက်ရန်ကျန်ရှိတော့သည်။ ဤစီမံကိန်းအားလုံးပြီးစီးသွားခဲ့ပါက ဒေသတွင်း လယ်မြေဧကထောင်ပေါင်းများစွာ စိုက်ပျိုးရေဖြန့်ဝေပေးနိုင်မည်ဖြစ်သကဲ့သို့ လျှပ်စစ်ဓာတ်အားအနေဖြင့်လည်း နှစ်စဉ်ကီလိုဝပ်နာရီသန်းပေါင်း ၁၀၇၀ ထုတ်ယူရရှိမည်ဖြစ်သည်။

သို့ပါ၍ စစ်တောင်းမြစ်ဝှမ်းဒေသသည် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် ရေကြီးရေလျှံမှုကို အထိုက်အလျောက်ကာကွယ်နိုင်ပြီဖြစ်သကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာပြီး လျှပ်စစ်မီးကိုအခြေခံ၍ လုပ်ကိုင်ရသော အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်ကာ ဒေသခံများ၏ လူမှုဘဝမြှင့်တင်ရေးအတွက် များစွာအထောက်အကူပေးနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် မြို့ပြနှင့် ကျေးရွာချင်းဆက်လမ်းလုပ်ငန်း ဆောင်ရွက်မှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဇန်နဝါရီ ၉ ရက် ညနေပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပမ္မတီး-ပြည်ထောင် မြို့ပြနှင့် ကျေးလက်ရွာချင်းဆက်လမ်း ငါးမိုင် သုံးဖာလုံ လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် မြန်မာမိတ်ကာဟုမ်း ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာချင်းဆက်လမ်း သုံးမိုင်အတွင်း စက်ယန္တရားကြီးများဖြင့် ကတ္တရာလမ်းခင်းနေမှု၊ ကျောက်လမ်းခင်းနေမှုကို လည်းကောင်း၊ မြေသားလမ်း တိုးချဲ့ဆောင်ရွက်နေမှု၊ ကောင်းကင်လွင် ကုမ္ပဏီကတာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာချင်းဆက်လမ်း နှစ်မိုင် သုံးဖာလုံ၌ ရောက်ရှိပြီး ကျောက်လမ်းခင်းရန် ကျောက်များ စုဆောင်းထားရှိမှု၊ ပမ္မတီး-ပြည်ထောင် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဆန်စီခချောင်းကူး သံကူကွန်ကရစ်တံတား တည်ဆောက်နေမှု၊ ရေပြွန်တံတားများ တည်ဆောက်ပြီးစီးမှုနှင့် ရွှေအိုက်ချောင်းကူး သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲကျင်းပ

**လယ်ဝေး ဇန်နဝါရီ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ဇလီငှက်ကြီးတောင်အုပ်စု အောင်နန်းချို ကျေးရွာ၌ Max-Myanmar ကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းသော မူလတန်းလွန်ကျောင်းဆောင်သစ် ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၅ ရက်ကကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ကောင်စီဝင်ဦးမြင့်ဆွေ၊ ဦးဖုန်းဇော်ဟန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြတ်သရဖူကျောင်းဆောင်သစ်နှင့် ပတ်သက်သည့်စာရွက်စာတမ်းများကို Max-Myanmar ဘိလပ်မြေစက်ရုံမှူး ဦးသိန်းဝင်းက နေပြည်တော်ပညာရေးမှူး ညွှန်ကြားရေးမှူး ဦးစိုးဝင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ အောင်နန်းချိုကျေးရွာ မူလတန်းလွန်ကျောင်း မြတ်သရဖူကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံ ပေ ၃၀ RC တစ်ထပ်ဖြစ်ပြီး ငွေကျပ် ၃၉၁ သိန်း အကုန်ကျခံကာ ဒေသခံကလေးများ၏ ပညာရေး ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဆောက်လုပ်လှူဒါန်းကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်၌ အခြေခံပညာအလယ်တန်း (ကျောင်းခွဲ)ဖွင့်

**သရက်ချောင်း ဇန်နဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ဂုံညှင်းဆိပ်ကျေးရွာ၊ ဆီတောကျေးရွာ အခြေခံပညာ(ကျောင်းခွဲ) ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်နံနက် ၉ နာရီကကျင်းပရာ အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ သရက်ချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကင်းစိန်နှင့် တနင်္သာရီတိုင်းဒေသကြီး ပညာရေး ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆီတောကျေးရွာ အခြေခံပညာ (ကျောင်းခွဲ) ဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက စက်ခလုတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဘဏ္ဍာအခွန်ဝန်ကြီး ဦးသန်းအောင်၊ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်၊ သရက်ချောင်းမြို့နယ် အမှတ်(၂) မဲဆန္ဒနယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးထွေး၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဝင်း**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

ပြည်တွင်းသတင်း

❑ ရှေ့ဖုံးမှ

ပြောကြားခွင့်ရသည်ကို ဝမ်းသာကြည်နူးမှုဖြစ်ရပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ဖွဲ့ရှိခြင်းနှင့် သတ္တိရှိစွာဆုံးဖြတ်ခြင်းများ ပြုလုပ်ကြရန်လိုအပ်ပါကြောင်း၊ ဖြူးမြို့နယ်သည် နိုင်ငံရေး၊ လူမှုရေးတို့၌ နိုးကြားတက်ကြွပြီး ရေ၊ မြေ၊ သစ်တော၊ သယံဇာတအရင်းအမြစ် ပေါကြွယ်ဝသောဒေသဖြစ်ပါကြောင်း၊ ထိုနည်းတူ လူသားအရင်းအမြစ်လည်း ပေါကြွယ်ဝပါကြောင်း၊ သို့ဖြစ်၍ နောင်အနာဂတ်တွင် မျိုးဆက်သစ်လူငယ်များ၏ ဘဝအခြေအနေမြင့်မားအောင် လုပ်ပေးရမည်ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများ၏ သင်ကြားပေးသည့် အကြောင်းအရာများကို သိရှိရုံဖြင့် မလုံလောက်ဘဲ သင်ခန်းစာရယူရန်လိုကြောင်း၊ အကြောင်းအရာ၊ အချက်အလက်များကို ဆွေးနွေးသုံးသပ်ပြီး သဘာဝသယံဇာတများကို လူသားအရင်းအမြစ်များဖြင့် မည်သို့ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးရမည်ကိုသုံးသပ်ရန်လိုကြောင်း၊ အနာဂတ်မျိုးဆက်သစ်များစိတ်ဓာတ်၊ စည်းကမ်းကောင်းများဖြင့် ပညာတတ်များဖြစ်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ လူငယ်များကလည်းအချိန်ကိုတန်ဖိုးထားပြီး တာဝန်ကျေပွန်စွာထမ်းဆောင်ရန်လိုကြောင်း၊ မျိုးဆက်သစ်များအတွက် အခြေအနေကောင်းများ ဖန်တီးပေးရန်မှာ မိမိတို့တွင် တာဝန်ရှိပါကြောင်း။

လူငယ်များလုပ်ချင်စိတ်ရှိအောင်၊ လုပ်တတ်အောင် သင်ကြားပေးရန်လိုပြီး လုပ်နိုင်အောင်လည်း ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်းသည် တိုင်းပြည်ကိုချစ်မြတ်နိုးခြင်းပင် ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ အစဉ်အလာကောင်းရှိသော ဖြူးမြို့နယ် မကျန်ရစ်စေဘဲ လူကြီး၊ လူငယ်များအားလုံး ကျရာတာဝန်ကို ဝိုင်းဝန်းထမ်းဆောင်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကသည် ဖြူးမြို့နယ် ခန်းမတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက မြို့နယ်ခန်းမတည်ဆောက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ဖြူးမြို့နယ်ခန်းမသတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေးအတွက် တာဝန်ရှိသူအားလုံး ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့မှ တာဝန်ရှိသူများ၊ မြို့နယ်ဆေးရုံအုပ်ကြီးနှင့် မြို့နယ်ပညာရေးမှူးတို့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ဖြူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (အမျိုးသားကျောင်း-၁၉၂၀)၏ ၉၅ နှစ်ပြည့်နှင့် (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# အိမ်ရာစီမံကိန်းဆောက်လုပ်ရာတွင် အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး အထူးအလေးထားဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ဧရာဝဏ် ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းလုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အထူးအဖွဲ့များမှ တာဝန်ခံအင်ဂျင်နီယာများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ အင်ဂျင်နီယာချုပ် ဦးခင်မောင်သိန်းက ဧရာဝဏ် ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း လုပ်ငန်းများအား အထူးအဖွဲ့များ၊ ကုမ္ပဏီများနှင့် တာဝန်ယူဆောင်ရွက်နေမှု၊ အဆင့်အလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အပတ်စဉ်လုပ်ငန်းတိုးတက်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ အထူးအဖွဲ့များ၊ ကုမ္ပဏီများမှ မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်များနှင့်ပတ်သက်၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများတိုးတက်မှုရရှိစေရေး ဦးစားပေးဆောင်ရွက်ရန် မြို့ပြ၊ ရေသန့်၊ လျှပ်စစ်အဖွဲ့များကလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေး အထူးအလေးထားဆောင်ရွက်ရန်၊ ကုမ္ပဏီများမှလည်း ယခုပွင့်လင်းရာသီအချိန်တွင် လုပ်ငန်းတိုးတက်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝဏ်ရတနာအထပ်မြင့် စီမံကိန်းလုပ်ငန်းခွင်အတွင်း Precast တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ယုဇနအိမ်ရာစီမံကိန်း ရှစ်ခန်းတွဲ လေးထပ်အဆောက်အအုံ ဆောက်လုပ်ထားရှိမှု၊ မြေတိုင်းရပ်ကွက်(၈၉) ကနောင်တန်ဖိုးနည်းအိမ်ရာစီမံကိန်း ဆောင်ရွက်ထားရှိမှု၊ မြေတိုင်းရပ်ကွက် (၁၆၈) အပိုင်း(၆) ရိုးမတန်ဖိုးနည်းအိမ်ရာ စီမံကိန်းဆောင်ရွက်မည့်နေရာ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရွာသာကြီးအနီး မြေတိုင်း(၁၀၆) အောင်မြင့်မိုရ်အိမ်ရာစီမံကိန်းဆောင်ရွက်မည့်နေရာ၊ မြေတိုင်း(၁၄၁/၂) မဟာဗန္ဓုလအိမ်ရာစီမံကိန်းဆောင်ရွက်မည့် နေရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး**(ဝဲပုံ)** လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ထိုင်းနိုင်ငံ ထုတ်ကုန်များ ကုန်စည်ပြပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာ-ထိုင်း နှစ်နိုင်ငံ စီးပွားရေးအခွင့်အလမ်းများ ရေရှည်တည်တံ့စေရန် ရည်ရွယ်၍ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ထိုင်းနိုင်ငံ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုအခန်းကဏ္ဍများ (Thailand Week 2015) ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ Myanmar Event Park ၌ ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် အစားအစာနှင့် အဖျော်ယမကာများ၊ ကျန်းမာရေးနှင့် အလှအပထုတ်ကုန်များ၊ အဝတ်အထည်များ၊ အိမ်တွင်းအလှပြင်ပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် ဆောက်လုပ်ရေး၊ ပညာရေး၊ SPA အစရှိသည်တို့ ပါဝင်ပြသမည်ဟု သိရသည်။

ဇန်နဝါရီ ၁၅ နှင့် ၁၆ ရက်များတွင် စီးပွားရေးလုပ်ကိုင်သူများသာ လေ့လာနိုင်ပြီး စီးပွားရေးပညာပေးစာတမ်းဖတ်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ဇန်နဝါရီ ၁၇ နှင့် ၁၈ ရက်များတွင် အများပြည်သူများ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

## မိုးလေဝသ အခြေအနေ

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

# လယ်ဝေးမြို့နယ်၌ စပါးအုံးမြွေကြီးတစ်ကောင်ဖမ်းမိ

**လယ်ဝေး ဇန်နဝါရီ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ညိုပင်ကျေးရွာအုပ်စု ကြိုးတန်းကျေးရွာနေ လယ်ယာလုပ်ငန်းလုပ်ကိုင်သူ ကိုဇော်သည် ယမန်နေ့နံနက်ပိုင်းက ရဘိန်းကျေးရွာအုပ်စု ရေပြာကျေးရွာတောစပ်သို့ အိမ်မွေးကျွဲများအတွက် ကျွဲစာရိတ်ရန်သွားရောက်ရာ တောစပ်အနီး စပါးအုံးအမျိုးအစား မြွေကြီးနှစ်ကောင်ကို တွေ့ရှိခဲ့၍ တစ်ကောင်ကို အရှင်ဖမ်းမိခဲ့ပြီး ကျန်တစ်ကောင်မှာ တောထဲသို့ ဝင်ပြေးသွားခဲ့သည်။ ဖမ်းမိခဲ့သောမြွေမှာအမဖြစ်၍ အရှည်ရှစ်ပေ၊ လုံးပတ်ရှစ်လက်မရှိပြီး ယခုအခါ ကြို့တန်းကျေးရွာ ရွာဦးဘုန်းကြီးကျောင်းဝင်းအတွင်း သစ်သားသံဆန်ခါ လှောင်အိမ်ပြုလုပ်၍ ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိကြောင်း သိရသည်။ **ကိုပေါက်(ဥက္ကာမြေ)**

# ရွှေသောင်ယံမြို့နယ် ကျောင်းများနှင့် ရပ်ကွက်အတွက် အလှူငွေလှူဒါန်း

**ပုသိမ် ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့နယ် အမှတ်(၂)ရပ်ကွက် ဓမ္မာရုံ၌ ဇန်နဝါရီ ၈ ရက် နံနက်က ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်ခင်စီနှင့် ရွှေဟိန်းထက်ကုမ္ပဏီတို့က အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် အမှတ်(၁) ရပ်ကွက်ရှိ အမက-၁၂၅ စာသင်ကျောင်းအတွက် ငွေကျပ်၂၅ သိန်း၊ အမှတ်(၂) ရပ်ကွက်ရှိ ရွှေသောင်ယံ အထကအတွက် ငွေကျပ်သိန်း ၆၀၊ အမှတ်(၃) ရပ်ကွက် အမကအတွက် ငွေကျပ် သိန်း ၃၀၊ အမှတ်(၂)ရပ်ကွက် မီးလင်းရေးအတွက် ငွေကျပ် သိန်း ၅၀ နှင့် အမှတ်(၂) ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းစာသင်တိုက်အတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်ဟန်(iprd)**

## စာပေမြင့်မှ လူမျိုးတင့်မည်

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အထက(၃) ကျောင်းခန်းမ၌ ဇန်နဝါရီ ၉ ရက်က သာကေတမြို့နယ် စာရေးဆရာအသင်းက စာဖတ်ရှိန်မြှင့်တင်ရေး စာရေးဆရာများကဟောပြောကြပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှ ဆရာမှော်ဝန်းကြည်မြတ်နှင့် စာရေးဆရာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (၀၂၀)

နိုင်ငံတကာသတင်း

## တောင်ကိုရီးယား ဓာတုပစ္စည်းတင်သင်္ဘော ပေါက်ကွဲမှုဖြစ်ပွား

**ဆိုးလ် ဇန်နဝါရီ ၁၁**

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း ကမ်းရိုးတန်း၌ ဓာတုပစ္စည်းများ သယ်ဆောင်လာသော သင်္ဘောတစ်စင်း တနင်္ဂနွေနေ့က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ဓာတုပစ္စည်းများတင်ဆောင်လာသော အဆိုပါသင်္ဘောသည် နိုင်ငံ၏ အရှေ့တောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် အူလ်ဆန်မြို့၌ ဆိုက်ကပ်ထားခဲ့ရာမှ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၃၉ မိနစ်ခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မည်သည့် အကြောင်းကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရသည်ကို မသိရပေ။

အူလ်ဆန်မီးသတ်ဌာနက ယင်းပေါက်ကွဲမှုတွင် ကလေးဦးဒဏ်ရာရရှိခဲ့ကြောင်း အတည်ပြုပြောဆိုခဲ့သော်လည်း အခြားအသေးစိတ်အချက်အလက်များကိုမူ မသိရှိရသေးပေ။

ဓာတ်ငွေ့မျိုးစုံ သင်္ဘောပေါ်တင်ဆောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်ဟု ယူဆခဲ့ရသော်လည်း ယင်းကိစ္စကို တိတိကျကျသိရှိနိုင်ရန် စုံစမ်းစစ်ဆေးဆဲဖြစ်သည်။

ရေကြောင်းမတော်တဆမှု စီမံခန့်ခွဲရေး အေဂျင်စီက အခင်းဖြစ်နေရာသို့ ကယ်ဆယ်ရေးပြုလုပ်ရန် သင်္ဘောများ၊ လေယာဉ်များ စေလွှတ်ပေးခဲ့သည်။

**(ဆင်ဟွာ)**

## သီရိလင်္ကာသမ္မတသစ် ပထမဦးဆုံးခရီးစဉ်အဖြစ် အိန္ဒိယသို့သွားရောက်မည်

**ကိုလံဘို ဇန်နဝါရီ ၁၁**

သီရိလင်္ကာသမ္မတသစ် မိုင်သရီပါလစီရိဆီနာသည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရန်အတွက် လာမည့်လတွင် အိန္ဒိယနိုင်ငံသို့ ပထမဆုံးသွားရောက်မည်ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ပြီးခဲ့သည့် ကြာသပတေးနေ့က ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည့် စီရိဆီနာကို ဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခဲ့သည်။

သမ္မတ စီရိဆီနာသည် အိန္ဒိယဝန်ကြီးချုပ်က ဖိတ်ခေါ်မှုဖြင့် လာမည့်လတွင် သွားရောက်မည်ဖြစ်ကြောင်း၊ အိန္ဒိယနှင့် ဆက်ဆံရေးသည် အလွန်အရေးပါလှပြီး နှစ်နိုင်ငံ ခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှု ရရှိလာမည်ဟု ယုံကြည်ပါကြောင်း သမ္မတ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ ရာဂျီသာ ဆီနာရက်နေက သတင်းထောက်များကို ပြောသည်။

အိန္ဒိယနှင့် သီရိလင်္ကာတို့သည် နှစ်နိုင်ငံ ရေပိုင်နက်များ၌ ရေလုပ်သားများ၏ အရေးကိစ္စများစွာ ဆွေးနွေးခဲ့ကြသော်လည်း မည်သည့် သဘောတူညီမှုမှ ရရှိခဲ့ခြင်း မရှိခဲ့ပေ။

သမ္မတသစ်သည် တရုတ်နှင့် အနောက်နိုင်ငံများနှင့် ဆက်ဆံရေးကို ရေရှည်ထိန်းသိမ်းသွားရန် စိတ်အားထက်သန်လျက်ရှိကြောင်း ဒေါက်တာ ဆီနာရက်နေက ပြောသည်။

**(ဆင်ဟွာ)**

## အမေရိကန်က ပူးတွဲစစ်ရေးလေ့ကျင့်မှုဖျက်သိမ်းပေးလျှင် နျူကလီးယားစမ်းသပ်မှုများ ရပ်ဆိုင်းထားမည်ဟု မြောက်ကိုရီးယားဆို

**ပြုံယမ်း ဇန်နဝါရီ ၁၁**

အမေရိကန်အနေဖြင့် ယခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု ဖျက်သိမ်းပေးမည်ဆိုပါက အနာဂတ်နျူကလီးယားစမ်းသပ်မှုများကို ရပ်ဆိုင်းရန် အသင့်ရှိကြောင်း မြောက်ကိုရီးယားက ပြောကြားလိုက်သည်။

ယခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုအားလုံး ဖျက်သိမ်းလိုက်ခြင်းဖြင့် ကိုရီးယားကျွန်းဆွယ် တင်းမာမှုကို လျှော့ကျစေမှာဖြစ်ကြောင်း ပြုံယမ်းက ဝါရှင်တန်ကို ဆော်ဩတိုက်တွန်းလိုက်သည်ဟု မြောက်ကိုရီးယားသတင်းအေဂျင်စီ ကေစီအင်န်အေက စနေနေ့က ထုတ်ပြန်သည်။

အဆိုပါသတင်းကို သက်ဆိုင်ရာလမ်းကြောင်းမှတစ်ဆင့် အမေရိကန်အာဏာပိုင်များသို့ ပေးပို့ထားပြီးဖြစ်ကြောင်းလည်း ၎င်းသတင်းအေဂျင်စီက ပြောသည်။

အမေရိကန်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ တောင်းဆိုချက်အပေါ် လိုက်လျောနိုင်မည်ဆိုပါက နျူကလီးယားစမ်းသပ်မှုကို ရပ်ဆိုင်းသွားတော့မည်ဖြစ်ကြောင်း ကေစီအင်န်အေက ကြေညာသည်။

မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားနှင့် အမေရိကန်တို့ နှစ်စဉ် စစ်ရေးလေ့ကျင့်မှုအပေါ် တုံ့ပြန်သောအားဖြင့် ယမန်နှစ်က ဒုံးကျည်နှင့် ဒုံးပျံများ စမ်းသပ်ပစ်ခတ်ခဲ့သည်။ မြောက်ကိုရီးယားအနေဖြင့် ထူးခြားသော နျူကလီးယားထိပ်ဖူးနည်းပညာကို အဆင့်တစ်ခုသို့ ရောက်ရှိပြီဟု ယူဆရကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

**(ပရက်စ်တီဗွီ)**

## အဲအေးရှားလေယာဉ်၏ ပျံသန်းမှုအသေးစိတ် အလိုအလျောက်မှတ်တမ်းတင်စက်ပြန်လည်တွေ့ပြီဟု အင်ဒိုနီးရှားအာဏာပိုင်များကပြောကြား

**ဆူရာဘယာ ဇန်နဝါရီ ၁၁**

အဲအေးရှားလေယာဉ် QZ8501 ၏လေယာဉ် ပျံသန်းမှုအခြင်းအရာ အသေးစိတ်အလိုအလျောက်မှတ်တမ်းတင်သည့်ကိရိယာကို တနင်္လာနေ့ နံနက်ပိုင်း၌ ပြန်လည်ရရှိနိုင်မည်ဟု အင်ဒိုနီးရှား အာဏာပိုင်များက ပြောကြားသည်။

ဇန်နဝါရီ ၁၁ ရက် တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ အဲအေးရှားလေယာဉ် ပျံသန်းမှုအခြင်းအရာအသေးစိတ်ကို အလိုအလျောက် မှတ်တမ်းတင်သည့် ကိရိယာကို ရှာဖွေတွေ့ရှိခဲ့သည်ဟု အင်ဒိုနီးရှား ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးချုပ်က အတည်ပြုပြောကြားသည်။

ယင်းကိရိယာသည် အပျက်အစီး အစိတ်အပိုင်းများ အတွင်း၌ ပိနေပြီး ရှာဖွေရေးအဖွဲ့များအနေဖြင့် ယင်းအစိတ်အပိုင်းများကို ဖယ်ရှားပြီး အဆိုပါ ကိရိယာအား ပြန်လည်ရရှိအောင် ဆောင်ရွက်မည်ဖြစ်သည်။ သို့သော်လည်း အဆိုပါနည်းလမ်း မအောင်မြင်ပါက လေယာဉ်၏အမြီးပိုင်းအား မ ယူသော ဘောလုံး နည်းစနစ်ကိုအသုံးပြုမည်ဖြစ်သည်။

အဆိုပါကိရိယာ ပြန်လည်ရရှိအောင် တနင်္လာနေ့ နံနက်တွင် ပြန်လည်ကြိုးစားနိုင်မည်ဟု အာဏာပိုင်များကပြောကြားသည်။ **စိုးသူ**

## လာမည့်ရက်သတ္တပတ်တွင် ဗြိတိန်ဝန်ကြီးချုပ် အမေရိကန်သမ္မတနှင့် တွေ့ဆုံမည်

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် အမေရိကန်သမ္မတ ဘားရက်အိုဘားမားထံသို့ နှစ်ရက်ကြာအလည်အပတ်ခရီးသွားရောက်မည်ဟု အိမ်ဖြူတော်က သတင်းထုတ်ပြန်ထားသည်။

ခေါင်းဆောင်နှစ်ဦးသည် ကြာသပတေးနေ့၌ အိမ်ဖြူတော်တွင် အလုပ်သဘော ညစာစားပွဲပြုလုပ်မည်ဖြစ်ပြီး သောကြာနေ့တွင် သမ္မတရုံး၌ တွေ့ဆုံမည်ဖြစ်သည်။

အင်တာနက်ဆိုက်ဘာ တိုက်ခိုက်မှုအပြင် အခြားကိစ္စရပ်များကိုလည်း အတူတကွ ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားရန် ဆွေးနွေးသွားမည်ဟု မျှော်လင့်ရသည်။

ခေါင်းဆောင်နှစ်ဦးသည် ကမ္ဘာ့အရေးကိစ္စများကိုလည်း ဆွေးနွေးသွားမည်ဟု ဗြိတိန်ဘက်မှ ပြောကြားသည်။

ထို့အပြင် ကမ္ဘာ့စီးပွားရေးအလားအလာ၊ လွတ်လပ်သောကုန်သွယ်မှုတိုးမြှင့်ရေး၊ အမျိုးသားလုံခြုံရေးကိစ္စရပ်များ၊ အကြမ်းဖက် တန်ပြန်တိုက်ဖျက်ရေးနှင့် ယူကရိန်းအရေးကိစ္စတွင် ရုရှား၏ပါဝင်ပတ်သက်မှု စသည်တို့ကို ခရီးစဉ်အတွင်း ဆွေးနွေးသွားမည်ဟုဝန်ကြီးချုပ်အနေဖြင့် မျှော်မှန်းထားသည်။

ဗြိတိန်ဝန်ကြီးချုပ်၏ ခရီးစဉ်သည် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့ကြား ကျယ်ပြန့်နက်ရှိုင်းခိုင်မာသော ဆက်ဆံရေးနှင့် နှစ်နိုင်ငံလုံးရှိ ပြည်သူများ၏ ရင်းနှီးချစ်ခင်မှုကို မီးမောင်းထိုးလျက်ရှိကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

**(ဘီဘီစီ)**

## တိဗက်ဒေသသို့ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုအမြင့်ဆုံးဖြစ်

**လာဆာ ဇန်နဝါရီ ၁၁**

၂၀၁၄ ခုနှစ်တွင်ခရီးသွားဧည့်သည် ၁၅ သန်းကျော် တိဗက်သို့ သွားရောက်လည်ပတ်ခဲ့သည့်အတွက် ခရီးသွားဝင်ရောက်မှုသည် ၂၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဒေသဆိုင်ရာအစိုးရက ပြောကြားသည်။

လာဆာမြို့တစ်ခုတည်း၌ပင် ခရီးသွား ၉ ဒသမ ၂၅ သန်းကျော် လာရောက်လည်ပတ်ခဲ့ပြီး ယွမ် ၁၁ ဒသမ ၂ ဘီလီယံ အခွန်ရရှိခဲ့ကြောင်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဗျူရိုက ပြောသည်။

ခရီးသွားလုပ်ငန်းသည် တိဗက်၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး ဇွန်လမှ စက်တင်ဘာလအတွင်း တိဗက်သို့ ခရီးသွားဧည့်သည်အများဆုံး ဝင်ရောက်သည်။

တိဗက်ရိုးရာပွဲတော်များသည် ခရီးသွားများအား အဓိကဆွဲဆောင်သော အရာများဖြစ်သည်။ ဇွန်လအတွင်း တစ်ပတ်ကြာကျင်းပသော ရှိုတွန်ပွဲတော်ကာလတွင် လာဆာသို့ ခရီးသွားဧည့်သည် ၁ ဒသမ ၄ သန်းလာရောက်လည်ပတ်ခဲ့သည်။ အေးမြသော ရာသီဥတုနှင့်အတူ ခရီးသည်ဝင်ရောက်မှုကို မြှင့်တင်ရန် အဓိကနေရာများသို့ သွားရောက်လည်ပတ်ခွင့် လက်မှတ် ဈေးနှုန်းကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချခဲ့သည်။ ဟိုတယ်အများစုသည် ၆၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ပေးခဲ့သည်။

ဒေသဆိုင်ရာအစိုးရက ဝန်ဆောင်မှုလုပ်ငန်း မြှင့်တင်ရန်နှင့် ကျေးလက်ဒေသရှိ မိသားစုတည်းခိုခန်းများ တိုးတက်စေရန် ပြုလုပ်မည်ဟု ဆုံးဖြတ်ထားသည့်အတွက် ၂၀၁၅ ခုနှစ်တွင် ခရီးသွားဧည့်သည် ၁၇ သန်း လာရောက်လည်ပတ်မည်ဟု မျှော်လင့်ထားသည်။

**(ဆင်ဟွာ)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## မိုးကုတ်မြို့ လယ်ဦးရပ်ကွက်တွင် ငွေကျပ် ၄၈ သိန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မိုးကုတ် ဇန်နဝါရီ ၁၁**

ပြင်ဦးလွင်ခရိုင်အမှတ် (၁၆)မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့စုမှ မိုးကုတ်လုပ်ရှားအဖွဲ့နှင့် မိုးကုတ်မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ မိုးကုတ်မြို့ လယ်ဦးရပ်ကွက် အုန်းပင်ရေထွက်ရပ်ရှိ နေအိမ်တစ်အိမ်ကို နေအိမ်ရှာဖွေခွင့်ဝရမ်းဖြင့် သတင်းအရ ဝင်ရောက်ရှာဖွေရာ ငွေကျပ် ၄၈ သိန်းကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီက ပြင်ဦးလွင်ခရိုင် အမှတ်(၁၆) မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့စု မိုးကုတ်လှုပ်ရှားအဖွဲ့မှ ရဲအုပ် သိန်းဌေးဦးစီးသော ရဲတပ်ကြပ်ကြီး ရှိန်းအောင်ပိုင်၊ ရဲတပ်ကြပ် အောင်အောင်နှင့် ရဲတပ်ကြပ် ရန်နိုင်စိုးတို့အဖွဲ့သည် မိုးကုတ်မြို့နယ် မြို့မရဲစခန်းမှ ရဲဒုတပ်ကြပ် ကျော်သူအောင်၊ ရဲမေတပ်သား လဲ့လဲ့ဇော်တို့အဖွဲ့နှင့်ပူးပေါင်း၍ သက်သေ ဦးသိန်းဇော်၊ ဦးပိုင်စိုးလင်းတို့နှင့်အတူ မိုးကုတ်မြို့ လယ်ဦးရပ်ကွက် အုန်းပင်ရေထွက်ရပ်နမ့်ကော်လမ်းရှိ မအဆာမေး၏နေအိမ်ကို နေအိမ်ရှာဖွေခွင့်ဝရမ်းအမှတ် (၄/၂၀၁၅)ဖြင့် ဝင်ရောက်ရှာဖွေရာ မအဆာမေးအား နေအိမ်အိပ်ခန်းအတွင်းတွေ့ရှိရပြီး ၎င်းအိပ်ခန်းခုတင်အောက်မှ ပလတ်စတစ်ဘူးနှစ်ဘူးအတွင်း အပြာရောင်ကပ်ခွာအိတ်များဖြင့်ထည့်လျက် ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀ ကိုလည်းကောင်း၊ ပလတ်စတစ်အိတ်တစ်ခုဖြင့်ထုတ်ထားသော ဘိန်းစိမ်းဟုယူဆရသည့် အမည်းရောင်အခဲ ၁၇၀ ဂရမ်ခန့်အားလည်းကောင်း စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၄၈ သိန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများအား စစ်ဆေးရှာဖွေတွေ့ရှိရ၍ သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး မူးယစ်ဆေးဝါးများ လက်ဝယ်သိမ်းဆည်းထားသူ မအဆာမေး( ၃၂နှစ်)ကို ရဲအုပ် သိန်းဌေးကမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဥပဒေအရအမှုဖွင့်တိုင်တန်းရာ မိုးကုတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေဝါ (မိုးကုတ်)**

## ဖားကန့်မြို့ စွန့်ပစ်မြေစာပြိုကျမှု ဆက်လက်တူးဖော်ရှာဖွေလျက်ရှိ

**ဖားကန့် ဇန်နဝါရီ ၁၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ အေးမြသာယာရပ်ကွက် မော်မောင်းကုန်းနှင့် ဆွတ်နန်ကုန်းကြားရှိ ရတနာဆင် သီရိကျောက်မျက်ကုမ္ပဏီ၏ စွန့်ပစ်မြေစာပုံ ရုတ်တရက်ပြိုကျမှုကြောင့် သေဆုံးသူများကို ဇန်နဝါရီ ၁၀ ရက်တွင် ကုမ္ပဏီ ဘက်ဟိုးယာဉ်များဖြင့် ဆက်လက်တူးဖော် ရှာဖွေနေသော်လည်း တစ်ဦးတစ်ယောက်မျှ ထပ်မံမတွေ့ရှိသေးကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုပျောက်ဆုံးနေတဲ့ စာရင်းကို အုပ်ချုပ်မှု အဖွဲ့အစည်းတွေကို သတင်းပေးဖို့ တောင်းထားတယ်၊ ဒါပေမယ့် အမည်စာရင်း ပေးပို့တဲ့သူတွေ မရှိသေးဘူး" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပြောသည်။

အဆိုပါ ဖြစ်စဉ်မှာ ဇန်နဝါရီ ၆ ရက် ည ၇ နာရီ မိနစ် ၂၀ တွင် ဖြစ်ပွားခဲ့ပြီး ၎င်းမြေစာပုံ အောက်ခြေ၌ ယာယီဈေးဆိုင်တဲငယ် ခုနစ်ဆိုင်ခန့်၊ ဆိုင်ကယ်အစီး ၅၀ ခန့်နှင့် ရေမဆေးကျောက် ရှာဖွေသူ ၂၀၊ ၃၀ ခန့်ရှိကြောင်း သိရသည်။

၎င်းမြေစာပိ ပျောက်ဆုံးနေသူများအား ရတနာဆင်သီရိကုမ္ပဏီနှင့် ဝေကမ္ဘာကုမ္ပဏီတို့မှ ဘက်ဟိုးယာဉ် လေးစီးဖြင့် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းမှစတင်၍ တူးဖော်ရှာဖွေခဲ့ရာ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့၏ အလောင်းများကိုသာ တူးဖော်တွေ့ရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဖားကန့်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**

## ပိုင်းမော်နှင့် နမ့်စန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများအား တွေ့ရစဉ်။

ဇန်နဝါရီ ၈ ရက်က နယ်မြေခံတပ်မှ ပိုင်းမော်မြို့နယ် သစ်ချကွင်းတစ်ဝိုက် နယ်မြေရှင်းလင်းစဉ် စိတ်ကြွရူးသွပ်ဆေးပြား ၇၉၂၀၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၄ ဂရမ်နှင့် မူးယစ်ဆေးဝါး သုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ၍ မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားသို့ လွှဲပြောင်းပေးအပ်သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

အလားတူ ဇန်နဝါရီ ၉ ရက်က မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်-မိုးနဲသွားကား လမ်း ဘီးခွန်ကောက်စခန်းတွင် မတ်ကျန်းဒေသမှ နမ့်စန်ဘက်သို့ စိုင်းမြင့်အောင် မောင်းနှင်လာသည့် ယာဉ်အမှတ် ၁ခ/. . . . Honda Stream အဖြူရောင် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်နောက်ခန်းမှ ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀ နှင့် ရှမ်းစက္ကူဖြင့်ထုပ်လျက် ဘိန်းစိမ်း ၁ ဒသမ ၅ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် စိုင်းမြင့်အောင်(၄၀နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**

## မကွေးတိုင်းပြန်/ဆက် ရုံးလုပ်ငန်း စီမံခန့်ခွဲမှုသင်တန်းဖွင့်

**မကွေး ဇန်နဝါရီ ၁၁**

ဝန်ထမ်းများအရည်အချင်း မြင့်မားလာစေရန်နှင့် ရုံးလုပ်ငန်းများအား ပိုမိုလျင်မြန်သွက်လက်စွာ ဆောင်ရွက်တတ်ကြစေရန်ရည်ရွယ်ပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဦးစီးပြီး ရုံးလုပ်ငန်း စီမံခန့်ခွဲမှုသင်တန်း (၁/၂၀၁၅)ဖွင့်ပွဲကို ယနေ့နံနက် ၉နာရီက မကွေးခရိုင် ပြန်/ဆက် စာကြည့် တိုက်ခန်းမတွင် ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း တက်ရောက်အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားသည်။ တိုင်းဒေသကြီး ရုံးလုပ်ငန်း စီမံခန့်ခွဲမှု သင်တန်း(၁/၂၀၁၅)ကိုတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးများ၊ အကြီးတန်းစာရေးများ၊ ရုပ်သံကျွမ်းကျင်-၃များ၊ အငယ်တန်းစာရေးများ စုစုပေါင်း သင်တန်းသား ၄၈ ဦး တက်ရောက်ကြသည်။

ယင်းသင်တန်းတွင်နိုင်ငံတော်၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ဝန်ကြီးဌာန၏မူဝါဒနှင့် ဆောင်ရွက်ချက်များ၊ ဝန်ထမ်းစည်းမျဉ်းများ၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝန်ကြီးဌာန၏ဥပဒေနည်းဥပဒေများ၊ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာများ၊ လူထုဟောပြောနည်းများစသည့် သင်ခန်းစာများပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁၁ ရက်မှ ၁၇ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

**ခင်မာလာ (မကွေး)**

## မြိုင်မြို့နယ် ရေနံမျော်ဘက်တွင် ဘိန်းဖြူဟုယူဆရသည့်အမှုန့်များ ဖမ်းဆီးရမိ

**မြိုင် ဇန်နဝါရီ ၁၁**

ပခုက္ကူခရိုင် မြိုင်မြို့နယ် ဝယ်တောင်ကျေးရွာမှ ဆူးဝင်းကျေးရွာသွား ဒန့်နင်ပင်သဲချောင်းတွင် ဇန်နဝါရီ ၉ ရက် မွန်းတည့် ၁၂ နာရီက မြိုင်မြို့နယ် ဗဟင်းနယ်မြေ ရဲစခန်းမှူး ရဲအုပ်ဝင်းမြင့်နှင့်အဖွဲ့ သက်သေများနှင့်အတူ သတင်းအရ ကျော်ရွာကျေးရွာဘက်မှ ဆူးဝင်းကျေးရွာ ရေနံမျော်ဘက်သို့ တင့်ဆွေ (၅၅နှစ်) ကျော်ရွာနေသူ မောင်းနှင်ပြီး နောက်မှ ၎င်း၏ဇနီးဖြစ်သူ မာမာအေး (၄၁နှစ်)လိုက်ပါစီးနင်းလာသော မက/. . . ကန်ဘို ၁၂၅ ဖြူ/နက်ကျားဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ မာမာအေး ဆောင်းလာသော ခဲရောင်ဦးထုပ်အတွင်းမှ ဘိန်းဖြူဟုယူဆရသည့် အဝါနုရောင်အမှုန့်များအလေးချိန် ၀ ဒသမ ၅၄ ဂရမ်၊ တန်ဖိုးငွေကျပ် ၂၅၀၀၀ ပါ အဖုံးအနီရောင်ပိတ်လျက် ပင်နီဆီလင်ပုလင်းတစ်ပုလင်းကို တွေ့ရှိသဖြင့် ဘိန်းဖြူဟုယူဆရသည့် အဝါနုရောင်အမှုန့်များသယ်ဆောင်လာသူတင့်ဆွေနှင့် မာမာအေးတို့ကို ဥပဒေအရ အရေးယူပေးပါရန် ရဲအုပ်ဝင်းမြင့်က တရားလိုပြုတိုင်တန်းသဖြင့် မြိုင်မြို့နယ် ဗဟင်းနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

သီဟိုဠ် ဗုဒ္ဓမြတ်စွယ်တော်စစ်ကို မိမိတို့ ဖူးမြော်ခွင့်ရသကဲ့သို့ အများပြည်သူအားဖူးမြော်စေလိုသောဆန္ဒမွန်ဖြင့် ဘုရားဖူးခရီးစဉ်
KMB Travels & Tours သီရိလင်္ကာ ဗုဒ္ဓမြတ်စွယ်တော် ဘုရားဖူးခရီးစဉ်များ
သီဟိုဠ်ကျွန်း သီရိလင်္ကာနိုင်ငံရှိ ဗုဒ္ဓမြတ်စွယ်တော်၊ ဥပ်ရိုးတော်စေတီ၊ မဟာဗောဓိညောင်ပင် နှင့် ဘုရားစုံဖူး ၊ ပျော်ရွှင်စရာ၊
ဗဟုသုတရစရာ လေ့လာစရာများ အပါအဝင် အထူးဘုရားဖူးခရီးစဉ်များ
၅ ညအိပ်၊ ၆ ရက် ကျပ်(၁၂) သိန်းခွဲ
နေ၊ စား၊ ယာဉ်၊ လေယာဉ်၊ ဗီဇာ၊ ဝင်ကြေးများအားလုံးပါဝင်သည်၊
ဘုရားလည်းဖူး၊ အပန်းလည်းဖြေ၊ ဗဟုသုတလည်းရ ပျော်ရွှင်ဖွယ်ခရီးစဉ်များကို
၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစ၍
(၁၀)ယောက်အထက်ကျော်လျှင် သီးသန့်အုပ်စုခရီးစဉ် စီစဉ်ပေးပါမည်။
ခရီးစဉ်တစ်ခုလျှင် လူအရေအတွက် သတ်မှတ်ထားပါသဖြင့် လိုက်ပါလိုသူများအနေဖြင့် တစ်လကြိုတင် စာရင်းပေးသွင်းနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်၊
ဓမ္မဒါနအလှူအဖြစ် DVD မှတ်တမ်းတင်အခွေနှင့် ဗုဒ္ဓမြတ်စွယ်တော်ပုံတော်များကို
KMB Travels & Tours တွင်အခမဲ့လာရောက်ယူဆောင်နိုင်ပါသည်။
ရန်ကုန်ရုံး - KMB Travels & Tours အမှတ် (၅၉) ၄၄ လမ်း(အောက်လမ်း)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 421056779 ; 09 5016253 ; 09 43051015
Myanmar Polestar Travels & Tours Ph : 01 255638 ; 01 382530 ; 01 373190 ; 09 5118813
တောင်ကြီးရုံး - ဒေါ်စောနန်းလှိုင် ၅/၅၂၊ (၁၈)လမ်း၊ အေးသာယာစက်မှုဇုန်။ Ph : 081 2127389; 09 428358451
မန္တလေးရုံး - ဦးအောင်မြင့်ထွန်း (၆၂)လမ်း၊ ၂၂×၂၃ လမ်းကြား၊ ပန္နွေတာရာမ တကောင်းတိုက်၊ မန္တလေး။ Ph : 098633064, 092173406
နေပြည်တော်ရုံး - ဦးဇော်ဝင်းသိန်း အမှတ်(၁၃၄၂)၊ တောင်ကြီးလမ်း၊ နဝဒေးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ Ph : 098301667
KYI MIN BROTHERS TRAVELS & TOURS

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့ နယူးဒေလီ

ပါမောက္ခ
ဒေါက်တာအောင်ထွန်းသက်

ကျွန်တော် နယူးဒေလီမရောက်တာအတော်လေးကြာခဲ့ပြီ။ အရင်တုန်းကတော့ အစိုးရတာဝန်နဲ့ ကမ္ဘာ့ကျန်းမာရေး အရှေ့တောင်အာရှရုံးချုပ်မှာ အစည်းအဝေးတွေတက်ခဲ့ရတယ်။ နောက် ကုလသမဂ္ဂ တာဝန်နဲ့လည်း အိန္ဒိယပြည်ရဲ့ မြို့တော်ဖြစ်တဲ့ နယူးဒေလီကို မကြာခဏ ရောက်ခဲ့တယ်။ ၂၀၀၈ မှာ မြန်မာပြည်ပြန်လာကတည်းက မရောက်ဖြစ်တော့ဘူး။ ဒီတစ်ခေါက်တော့ နယူးဒေလီမြို့မှာရှိတဲ့ ယူနက်(စ်)ကို အဖွဲ့အစည်းက ဖိတ်ကြားချက်ကြောင့် သွားခဲ့တာဖြစ်ပါတယ်။

**ယူနက်(စ်)ကို အဖွဲ့ဟာ အိန္ဒိယအစိုးရရဲ့အကူအညီနဲ့ မဟတ္တမဂန္ဒီ ငြိမ်းချမ်းရေးနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးဗိမာန်ကို ဖွဲ့စည်းခဲ့ပါတယ်။ ဒီဗိမာန်ရဲ့ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့မှာ ကျွန်တော့်ကိုအဖွဲ့ဝင်အဖြစ် လွန်ခဲ့တဲ့နှစ်ဦးပိုင်းက ရွေးချယ်ခန့်ထားခဲ့ပါတယ်။ အခုလို ခန့်ထားခံခဲ့ရတာ တစ်ဦးတစ်ယောက်ချင်းအတွက် ဂုဏ်ရှိရုံမက နိုင်ငံအတွက်လည်းအင်မတန်အကျိုးရှိပါတယ်။ ကျန်ရှိတဲ့ ဒါရိုက်တာအဖွဲ့ဝင်များဟာ နယ်ပယ်အသီးသီးမှာ နာမည်ရထားတဲ့သူတွေဖြစ်ပါတယ်။ တစ်ချိန်က ယူနက်(စ်)ကို အဖွဲ့အစည်းရဲ့ညွှန်ကြားရေးမှူးချုပ်ဖြစ်ခဲ့သူလည်း ပါဝင်သလို မလေးရှားနိုင်ငံဝန်ကြီးချုပ်ရဲ့ သိပ္ပံနည်းပညာအကြံပေးပုဂ္ဂိုလ်လည်း ပါဝင်ပါတယ်။ အလယ်အာရှ နိုင်ငံတစ်နိုင်ငံရဲ့ သမ္မတဟောင်းတစ်ဦးလည်း ပါဝင်ပါတယ်။ ဗိမာန်ရဲ့ ဒါရိုက်တာကတော့ မလေးရှားနိုင်ငံသားဖြစ်ပါတယ်။**

ကျွန်တော့်ကို ဖိတ်တဲ့ အကြောင်းကတော့ ကုလသမဂ္ဂအဖွဲ့အစည်းက ထုတ်ဝေဖြန့်ဖြူးတဲ့ အစီရင်ခံစာတစ်စောင် တင်ပြဆွေးနွေးတဲ့ပွဲကို တက်ရောက်ဖို့ဖြစ်ပါတယ်။ ဒီအစီရင်ခံစာကို ၂၀၁၂ တုန်းကလည်း ထုတ်ဝေခဲ့ပါတယ်။ အခု ၂၀၁၄ မှာ ဒုတိယအကြိမ် ထုတ်ခြင်းဖြစ်ပါတယ်။ အစီရင်ခံစာရဲ့ ခေါင်းစဉ်က အားလုံးပါဝင်တဲ့ ကြွယ်ဝချမ်းသာမှုပဲဖြစ်ပါတယ်။ အစီရင်ခံစာဟာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း(၁၄၀)ရဲ့ စာရင်းဇယားတွေ အခြေခံပြီး ထုတ်ဝေထားခြင်းဖြစ်ပါတယ်။ အစီရင်ခံစာရဲ့ အနှစ်သာရက နိုင်ငံတစ်နိုင်ငံရဲ့ ကြွယ်ဝချမ်းသာမှုကို တိုင်းတာမယ့် ပေတံအသစ်ကို ဖော်ထုတ်တာဖြစ်ပါတယ်။

ကျွန်တော်တို့ ငယ်စဉ်ဘဝက စီးပွားရေးပညာကို သင်ကြားရာမှာ နိုင်ငံတစ်နိုင်ငံရဲ့ ကြွယ်ဝချမ်းသာမှုကို ဂျီဒီပီလို့ခေါ်တဲ့ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုပမာဏနဲ့ တိုင်းတာလေ့ရှိပါတယ်။ ဂျီဒီပီပမာဏကြီးမားတဲ့ နိုင်ငံဟာ ပိုမိုချမ်းသာပြီး ဂျီဒီပီနည်းတဲ့နိုင်ငံကို ဆင်းရဲတဲ့နိုင်ငံအဖြစ် သတ်မှတ်ပါတယ်။ ဂျီဒီပီဟာ အမှန်စင်စစ် ဝင်ငွေပေတံတစ်ခုသာ ဖြစ်တယ်။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံရဲ့ ကြွယ်ဝချမ်းသာမှုဟာ ဝင်ငွေအပေါ် မူတည်နေကြောင်း လက်ခံသဘောတူတာဖြစ်ပါတယ်။ ဒီ ဂျီဒီပီကို အခြေခံပြီး နိုင်ငံတွေရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို ဖော်ထုတ်နိုင်တယ်ဆိုတဲ့ အတွေးအခေါ်ဟာ ယခုအထိ လူအများမှာ စွဲငြိနေတာတွေ့ရတယ်။ ဂျီဒီပီတိုးတက်မှ နိုင်ငံချမ်းသာမှာဖြစ်တာကို လက်ခံထားခြင်းဖြစ်ပါတယ်။

> **စီးပွားရေးပညာကို သင်ကြားရာမှာ နိုင်ငံတစ်နိုင်ငံရဲ့ ကြွယ်ဝချမ်းသာမှုကို ဂျီဒီပီလို့ခေါ်တဲ့ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုပမာဏနဲ့ တိုင်းတာလေ့ရှိပါတယ်။ ဂျီဒီပီပမာဏကြီးမားတဲ့ နိုင်ငံဟာ ပိုမိုချမ်းသာပြီး ဂျီဒီပီနည်းတဲ့နိုင်ငံကို ဆင်းရဲတဲ့နိုင်ငံအဖြစ် သတ်မှတ်ပါတယ်။ ဂျီဒီပီဟာ အမှန်စင်စစ် ဝင်ငွေပေတံသာ ဖြစ်တယ်။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံရဲ့ ကြွယ်ဝချမ်းသာမှုဟာ ဝင်ငွေအပေါ် မူတည်နေကြောင်း လက်ခံသဘောတူ**

**စီးပွားရေးပညာရှင်တွေဟာ ဂျီဒီပီရဲ့ အားနည်းချက်တွေကို သိခဲ့ကြတယ်။ သဘောပေါက်ခဲ့ကြတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို ငွေကြေးအတိုင်းအတာကို အခြေခံတာဟာ မပြည့်စုံဘူးလို့ လက်ခံကြတယ်။ ဒီအကြောင်းကိုမြင်သာအောင် ဥပမာတစ်ခုပေးချင်ပါတယ်။ အိမ်ထောင်စုတစ်စုမှာ အိမ်ရှင်မအနေနဲ့ ချက်ပြုတ်တဲ့ ထမင်းဟင်းရဲ့ တန်ဖိုးကို ဂျီဒီပီမှာ ထည့်သွင်းခြင်းမရှိပါဘူး။ ဒါပေမယ့် ဒီထမင်းနဲ့ဟင်းကို အိမ်ထောင်စုအတွက် မစားသုံးဘဲ ဈေးမှာရောင်းချရင် ဂျီဒီပီအဖြစ် ထည့်သွင်းစဉ်းစားပါတယ်။ ဒီလိုပဲ မိမိအိမ်ရဲ့အမိုးကို သက်ငယ်မိုးရင် ဂျီဒီပီမှာ မထည့်ပေမယ့် အခြားသူရဲ့အိမ်မှာ အခကြေးငွေယူပြီး မိုးပေးရင် ဂျီဒီပီအဖြစ်ထည့်သွင်းစဉ်းစားပါတယ်။ စီးပွားရေးပညာရှင်တွေဟာ ဂျီဒီပီရဲ့အားနည်းချက်ကို နားလည်သဘောပေါက်ပေမယ့် အစားထိုးပြီးအသုံးပြုနိုင်တဲ့ ပေတံမရှိသေးတာမို့ ဂျီဒီပီကိုပဲ အားကိုးခဲ့တယ်၊ အားကိုးလျက်ရှိပါတယ်။**

၁၉၉၀ပြည့်နှစ်မှာတော့ ကုလသမဂ္ဂအဖွဲ့အစည်းက ဂျီဒီပီကို အစားထိုးနိုင်တဲ့ ပေတံအသစ်တစ်ခုကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒီပေတံကတော့ လူသားဖွံ့ဖြိုးမှုညွှန်းကိန်း Human Development Index (HDI) ပဲဖြစ်ပါတယ်။ ဒီညွှန်းကိန်းမှာ အချက်အလက်သုံးရပ်ပါဝင်ပါတယ်။ ပထမအချက်ကတော့ ဂျီဒီပီလိုပဲ ဝင်ငွေပမာဏဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ပညာရေးအဆင့်အတန်းဖြစ်ပြီး တတိယအချက်ကတော့ ကျန်းမာရေးအခြေအနေဖြစ်ပါတယ်။ HDI ရဲ့ အဓိပ္ပာယ်က နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးမှုဟာ ဝင်ငွေ၊ ပညာရေးနဲ့ ကျန်းမာရေးအခြေအနေအပေါ် မူတည်နေတာကို အသိအမှတ်ပြုခြင်းဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ ပြည်သူပြည်သားတွေရဲ့ ဝင်ငွေ၊ ပညာရေးနဲ့ ကျန်းမာရေးအခြေအနေတိုးတက်မှ နိုင်ငံတိုးတက်ဖွံ့ဖြိုးမှုရှိကြောင်းကို လက်ခံအသိအမှတ်ပြုခြင်းဖြစ်ပါတယ်။ HDI ဟာ အမှန်တော့ မြန်မာပြည်မှာရှိတဲ့ မိဘတိုင်း ညအိပ်ရာဝင်တဲ့အခါ သားသမီးတွေကကန်တော့ရင်“**ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ပညာတွေအများကြီးတတ်ပါစေ**” ဆိုပြီး ဆုပေးမှုနဲ့ ထပ်တူဖြစ်ပါတယ်။ HDI အရ နိုင်ငံတစ်နိုင်ငံတိုးတက်ဖွံ့ဖြိုးဖို့ နိုင်ငံသားတွေရဲ့ ရွေးချယ်မှုမြင့်တင်ရမယ်။ ရွေးချယ်မှုမြင့်တင်ဖို့ ဝင်ငွေရှိဖို့လိုသလို ကျန်းမာဖို့လည်း အရေးကြီးတယ်။ ပညာတတ်ဖို့လည်း လိုအပ်ပါတယ်။

**အခုခေတ်မှာ နိုင်ငံတိုင်းလိုလို HDI ကို အသုံးပြုပြီး ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းနေကြပါတယ်။ ၂၀၁၅ ခုနှစ်ဟာ HDI သက်တမ်း၂၅ နှစ်ပြည့်တော့မှာဖြစ်တယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်ကာလမှာ ဘူတန်နိုင်ငံရဲ့ ဘုရင်မင်းမြတ်က နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးမှုကို နိုင်ငံသားတွေရဲ့ စိတ်ချမ်းသာမှုနဲ့ တိုင်းဖို့လိုအပ်ကြောင်း ဖော်ထုတ်ပြီး Gross National Happiness (GNH) အမျိုးသားစုစုပေါင်း စိတ်ချမ်းသာမှုပေတံကို ဖော်ထုတ်ခဲ့ပါတယ်။ ဘုရင်မင်းမြတ်ရဲ့ ဆန္ဒက နိုင်ငံမှာရှိတဲ့ပြည်သူပြည်သားတွေ စိတ်ချမ်းသာမှ နိုင်ငံရဲ့တိုးတက်ဖွံ့ဖြိုးမှုဟာ အဓိပ္ပာယ်ရှိမှာဖြစ်ကြောင်းဖော်ပြခဲ့ပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းက လွန်ခဲ့တဲ့ နှစ်နှစ်ကျော်တုန်းက (GNH) ကို ညွှန်းကိန်းတစ်ခုအဖြစ် တရားဝင်အသိအမှတ်ပြုခဲ့တယ်။**

ကျွန်တော်တက်ရောက်ခဲ့တဲ့ဖွင့်ပွဲမှာ အများပါဝင်တဲ့ကြွယ်ဝချမ်းသာမှုအတွက် ညွှန်းကိန်းသုံးရပ်ကို ပေါင်းစည်းပြီး ဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာရင်းနှီးမြုပ်နှံမှုသုံးရပ်ရှိပါတယ်။ ပထမအရင်းအနှီးက ဂျီဒီပီနဲ့ ဖော်ထုတ်နိုင်တဲ့ ထုတ်လုပ်မှုအရင်းအနှီးဖြစ်ပါတယ်။ ဒုတိယအရင်းအနှီးက သဘာဝအရင်းအနှီးဖြစ်ပြီး တတိယအရင်းအနှီးက လူသားအရင်းအနှီးဖြစ်ပါတယ်။ ဒီအရင်းအနှီးသုံးရပ်ပေါင်းစပ်မှ နိုင်ငံတစ်နိုင်ငံရဲ့ ကြွယ်ဝချမ်းသာမှုကို အပြည့်အဝဖော်ညွှန်းနိုင်မယ်လို့ လက်ခံထားခြင်းဖြစ်ပါတယ်။

**ဒီအများပါဝင်တဲ့ ကြွယ်ဝချမ်းသာမှု ညွှန်းကိန်းရဲ့ ထူးခြားချက်က နိုင်ငံတစ်နိုင်ငံရဲ့ ကြွယ်ဝချမ်းသာမှုဟာ လက်ရှိအသက်ရှင်လျက်ရှိတဲ့ လူသားတွေအတွက်သာမက နောင်သားစဉ်မြေးဆက် လူသားအားလုံးအတွက် ထည့်သွင်းစဉ်းစားဖို့လိုအပ်ကြောင်း သတ်မှတ်ခဲ့ပါတယ်။**

ဖွင့်ပွဲအခမ်းအနားမှာ ကျွန်တော်ရယ်၊ အင်္ဂလန်နိုင်ငံက နာမည်ကြီး Cambridge တက္ကသိုလ်က စီးပွားရေးပါမောက္ခ ဆာဘွဲ့ရ Sen Partha Gupta ရယ်၊ အမေရိကန်နိုင်ငံ မိန်းတက္ကသိုလ်က ပါမောက္ခရယ် သုံးဦး က အစီရင်ခံစာကို ဆွေးနွေးကြပါတယ်။ Cambridge တက္ကသိုလ်က ပါမောက္ခကြီးဟာ ကမ္ဘာကျော်တဲ့ ပညာရှင်တစ်ဦးဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုဘောဂဗေဒနဲ့ ပတ်သက်လို့ ဆရာတစ်ဆူဖြစ်ပါတယ်။ အခုလို သူနဲ့အတူ ဆွေးနွေးခွင့်ရတဲ့အခွင့်အရေးဟာ ထူးခြားလှပါတယ်။ ကျွန်တော့် ဆွေးနွေးချက်ကတော့ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အခြေအနေကနေ ဆွေးနွေးခဲ့ပါတယ်။

ကျွန်တော်တို့သုံးဦးရဲ့ ဆွေးနွေးချက်တွေကို တက်ရောက်လာတဲ့ ပရိသတ်တွေက မေးခွန်းတွေထုတ်၊ ဆွေးနွေးမှုတွေပြုခဲ့ပါတယ်။ အခုလိုပညာရှင်တွေ ပညာကိုအခြေခံပြီး ဆွေးနွေးကြတာကို ကြိုဆိုပြီး ကိုယ့်နိုင်ငံမှာလည်း ဒီလိုအခွင့်အရေးတွေ ပေါ်ထွက်နိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။

ကျွန်တော်က ဒီဖွင့်ပွဲအခမ်းအနားကို တက်ရောက်ပြီး ဒုတိယနေ့မှာတော့ ကျွန်တော်တာဝန်ယူထားတဲ့ UNESCO Mahtma Gandhi Institute of Education for Peace and Sustainable Development ရုံးကို သွားရောက်ပြီး ဒီဗိမာန်ညွှန်ကြားရေးမှူးနဲ့ အဖွဲ့ဝင်များနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဒီဗိမာန်ရဲ့ လှုပ်ရှားမှုအသေးစိတ်ကို သူတို့က တင်ပြပြီး ကျွန်တော့်ကို အကြံပြုစေပါတယ်။ ဒီဗိမာန်ဟာ ဂန္ဒီကြီးရဲ့ အကြမ်းမဖက်တဲ့ မူဝါဒကို အခြေခံပြီး ပညာရေးသင်ရိုးညွှန်းတမ်းတွေမှာ ဘယ်ပုံဘယ်နည်း ထည့်သွင်းသင့်တာကို စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ခေတ်မီအိုင်တီ နည်းပညာကို အသုံးပြုပြီး လူငယ်တွေ၊ ကျောင်းသားတွေကို ငြိမ်းချမ်းရေးစိတ်ဓာတ်၊ တစ်ဦးနှင့်တစ်ဦး သည်းခံခွင့်လွှတ်နားလည်မှုတိုးခြင်း၊ ချစ်ခင်ရင်းနှီးစွာ အတူတကွနေထိုင်ရေး စတဲ့အခြေခံတွေကို ဖော်ထုတ်ပြီး သုတေသနလုပ်ငန်းတွေ၊ ဟောပြောဆွေးနွေးပွဲတွေကို နိုင်ငံအနှံ့ ကျင်းပဆောင်ရွက်နေလျက်ရှိပါတယ်။

ကျွန်တော့်ရဲ့ ဆန္ဒက ဒီဗိမာန်ရဲ့ လှုပ်ရှားမှုတွေကို မြန်မာပြည်မှာ အကောင်အထည်ဖော်နိုင်အောင် ကြိုးစားချင်ပါတယ်။

**ကျွန်တော့်ရဲ့ နိုင်ငံမှာ အနာဂတ်လှပအောင် ပြည်သူအားလုံးမှာ တာဝန်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ တစ်ဦးနဲ့တစ်ဦး မေတ္တာရှေ့ထားပြီး နားလည်မှုတွေ၊ သည်းခံမှုတွေ၊ ခွင့်လွှတ်ခြင်းတရားတွေကို လက်ကိုင်ထားရမှာဖြစ်ပါတယ်။ အားလုံးပါဝင်တဲ့ ကြွယ်ဝချမ်းသာမှုနဲ့ပတ်သက်ပြီး ကျွန်တော်က ရန်ကုန်မြို့မှာ ဟောပြောပွဲတစ်ရပ် ကျင်းပပေးခဲ့ပါတယ်။ နယူးဒေလီက ရလာတဲ့ အသိတရားတွေကို အခြေခံပြီး ကျွန်တော်က သိသမျှကို ဖြန့်ဝေပေးခဲ့ပါတယ်။ ဒီညွှန်းကိန်းအကြောင်း လူများများသိလေလေ နိုင်ငံရဲ့ဖွံ့ဖြိုးမှုကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ်တတ်နိုင်သမျှ ပါဝင်ပတ်သက်နိုင်လိမ့်မယ်လို့ ယူဆမိပါတယ်။**

## မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာအနီး ရှေးစေတီဟောင်းမှ ဗုဒ္ဓရုပ်ပွားတော်၊ အခြားရုပ်တုတော်နှင့် ကမ္ပည်းစာပါ ရွှေပြားအုတ်ချပ်ကြီးများ ထပ်မံတွေ့ရှိ

**မိုးညှင်း ဇန်နဝါရီ ၁၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာအနီးရှိ ရှေးစေတီဟောင်း၌ ဗုဒ္ဓနှစ်ကျိပ်ရှစ်ဆူနှင့် အခြားရုပ်တုတော်များ၊ ဓာတ်တော်များ၊ ကျောက်မျက်ရတနာမျိုးစုံများ၊ လက်ကောက်လက်စွပ်များ၊ အမြုတေများ၊ ဓာတ်လုံးများ တွေ့ရှိရာမှ အသစ်ပြန်လည်တည်ထားကိုးကွယ်ရန်အတွက် မြို့နယ်သံဃနာယကဆရာတော်များထံ ခွင့်ပြုချက်ရယူ၍ နန့်ပုတ်ကျေးရွာအုပ်ချုပ်ရေးနှင့် စေတီဖြစ်မြောက်ရေး အကျိုးဆောင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံများက ဇန်နဝါရီ ၉ ရက် နှင့် ၁၀ ရက်တွင် စေတီဟောင်းအုတ်ပုံကို ဆက်လက်တူးဖော်ရှင်းလင်းကြသည်။

တူးဖော်ရှင်းလင်းခြင်း လုပ်ငန်းပြီးဆုံးရာ၌ စေတီဟောင်းမှ အတွင်းအုတ်တွင် သဲကြမ်းသဲမှုန့်များဖြင့် မွမ်းမံသရိုးကိုင်ထားသည့် ဉာဏ်တော် ၁၀ လက်မရှိ ဗုဒ္ဓဦးခေါင်းမျက်နှာတော်တစ်ဆူ၊ ဉာဏ်တော် လေးလက်မရှိ ဗုဒ္ဓရုပ်ပွားတော်သုံးဆူနှင့် အခြားရုပ်တုနှစ်ခုကို လည်းကောင်း၊ စေတီအတွင်း ဗဟိုအလယ်၌ အလျား ၁၆ လက်မ၊ အနံ ကိုးလက်မ၊ ထု နှစ်လက်မခွဲရှိ ရွှေပြားကပ်ကမ္ပည်းရေးထိုးထားသော အုတ်ချပ်နှင့် အခြားရွှေပြားကပ်လျှုအုတ်ချပ်များကို လည်းကောင်း၊ စေတီဖိနပ်တော်၏ တနင်္ဂနွေထောင့်နှင့်စနေထောင့်၌ ရွှေပြားကပ်အုတ်ချပ်ကြီးနှင့် အင်္ဂါထောင့်နှင့် ရာဟုထောင့်၌ ရွှေပြားကပ်အုတ်ချပ်ကို လည်းကောင်း၊ ဝလုံး ပါ “ဝ” ဟူသော စာရေးထွင်းထားသည့် အုတ်ချပ်ကြီးများကို လည်းကောင်း ထပ်မံတွေ့ရှိရသည်။ အုတ်ချပ်အပေါ် ရေးထွင်းထားသည့် ကမ္ပည်းစာတမ်းမှာ“ကတြိကျော်ရတနာအောင်” ဟု တွေ့ရသည်။ “ကပ်သုံးပါးကျော် ရတနာအောင်”ဟု အဓိပ္ပာယ်ဖွင့်ဆိုလျက်ရှိသည်။

စေတီဟောင်းမှ ရရှိသော ဗုဒ္ဓရုပ်တုတော်များနှင့် ပစ္စည်းများမှာ ရှေးဗုဒ္ဓရုပ်တုတော် ၃၇ ဆူ၊ ဓာတ်တော်များ၊ ဝန်ပုံနဂါးပုံ စသည့်အခြားရုပ်တု ၁၀ခု၊ ပတ္တမြား၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာမျိုးစုံများ၊ သတ္တုအမြုတေများ၊ သွပ်-ပြဒါး- ဆေးဒါန်းဓာတ်လုံးများ၊ လက်ကောက် လက်စွပ်များ၊ ရွှေပြားချ ကမ္ပည်းစာပါ အုတ်ချပ်ကြီးနှင့် ရွှေပြား ၊ ငွေပြားချ အုတ်ချပ်ကြီးများ၊ ဝလုံးပါအုတ်ချပ်ကြီးများကို တွေ့ရှိထားသည်။

စေတီတော်အသစ်တည်ရာတွင် စေတီဟောင်းမှ လက်ခံရရှိထားသည်များကို ပြန်လည်ဌာပနာထည့်သွင်းမည်ဖြစ်ကြောင်း စေတီတော်ဖြစ်မြောက်ရေးအကျိုးဆောင်က ပြောပြသည်။ စေတီတော်အသစ် တည်ထားပူဇော်ရာတွင် သဒ္ဓါကြည်လင်ပါရမီရှင်များကလည်း အလှူငွေများပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ဗဇ၃)

## လျှပ်စစ်မီးလင်းရေးဆွေးနွေး

**တပ်ကုန်း ဇန်နဝါရီ ၁၁**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့၏ အရှေ့ဘက် မိုင် ၃၀ ခန့်အကွာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလိုင်းနှင့်ဝေးကွာသော သစ်စိမ့်ပင်အုပ်စုနှင့် အုန်းပင်အုပ်စုများမှ ကျေးရွာပေါင်း ၁၂ ရွာ လျှပ်စစ်မီးလင်းရေးအတွက် ကျေးလက်နေပြည်သူများနှင့် လျှပ်စစ်ကုမ္ပဏီတာဝန်ရှိသူများတွေ့ဆုံ၍ ရေအားလျှပ်စစ်မှ ထုတ်လုပ်သော ဓာတ်အားသုံးစွဲရေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၀ ရက်က သစ်စိမ့်ပင်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဝါဝါမင်း လျှပ်စစ်ဓာတ်အားကုမ္ပဏီနှင့် နီလာလျှပ်စစ် အင်ဂျင်နီယာလုပ်ငန်းမှ တာဝန်ရှိသူများက ပြောကြားရာတွင် လျှပ်စစ်ဝန်ကြီးဌာနမှ ပညာရှင်များ၊ ဆည်မြောင်းဌာနမှ ပညာရှင်များ၊ စက်မှုပညာရှင်များ ပူးပေါင်း၍ စီမံကိန်းကို ၁၈ လနှင့်အပြီး တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ စက်ရုံတည်ဆောက်ကုန်ကျစရိတ် ငွေကျပ်သိန်းပေါင်း ၂၀၀၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး ပြည်သူများထံမှ ကြိုတင်ကောက်ခံခြင်းမပြုကြောင်း၊ ညောင်ကိုင်းရေတံခွန်မှ လျှပ်စစ်ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ပိုလျှံရေများကို စိုက်ပျိုးရေးတွင် အသုံးပြုသွားနိုင်ကြောင်း၊ လျှပ်စစ် ၃၅၀ ကီလိုဝပ် ဂျင်နရေတာနှစ်လုံးမှ စုစုပေါင်း ကီလိုဝပ် ၇၀၀ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

(ဝ၂၁)

**အခွန်သယ်ပိုး တို့ပြည်အကျိုး**
**တည်ဆောက်ခေတ်မီ တို့မြန်ပြည်**

## ပြည်တွင်းသတင်း

❊ ရှေ့ဖုံးမှ

သွေးစည်း ညီညွတ်မှုဖြင့် စုစည်း အဖြေရှာခြင်း၊ အောင်ပွဲခံခြင်း”စတဲ့ ရည်ရွယ်ချက်တွေနဲ့အညီ ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ပျော်ပျော်ရွှင်ရွှင် ထူးခြားလေးနက်စွာ ကျင်းပခဲ့ကြပါတယ်။

ဒီလို ထူးခြားမှုတွေ၊ ပျော်ရွှင်မှုတွေနဲ့ပြည့်စုံနေတဲ့ အခါသမယကို ပိုမိုထူးခြား လေးနက်စေခဲ့တာကတော့ ဇန်နဝါရီ ၁၀ ရက်နေ့ (၆၇) ကြိမ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်နဲ့ မနောပွဲတော်ကြီးကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုယ်တိုင် တက်ရောက်အားပေး ချီးမြှင့်ခဲ့ခြင်းပဲဖြစ်ပါတယ်။

ကချင်ပြည်နယ်နေ့ အခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေချိန်မှာ ပြည်နယ်ဝန်ကြီးချုပ်က “ယခုကျင်းပနေသည့် ကချင်ပြည်နယ်နေ့ အခမ်းအနားနှင့် မနောပွဲတော်ကြီးကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်ဖို့ လာနေပါပြီ”လို့ အမှတ်မထင် သတင်းစကား ပါးလိုက်ချိန်မှာ ပွဲတော်မှာဆင်နွှဲနေတဲ့ သီဆိုတီးမှုတ်သံတွေဟာ ပိုမိုကျယ်လောင်လွင့်ပျံ့လာသလို တက်ရောက်လာကြသည့် တိုင်းရင်းသား ပြည်သူလူထု ပရိသတ်ကြီးရဲ့ လက်ခုပ်သံများကလည်း မိုးယံသို့တိုင်လွင့်ပျံ့သွားပါတော့တယ်။

လွန်ခဲ့သော ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၁၀ ရက်က ကျင်းပတဲ့ ကချင်ပြည်နယ်နေ့အခမ်းအနားကို ထိုအချိန်က မြန်မာနိုင်ငံရဲ့ပထမဆုံးသမ္မတ စဝ်ရွှေသိုက် တက်ရောက်အားပေးခဲ့တာကို အမှတ်ရစေခဲ့သလို (၆၇) ကြိမ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကို ဒီမိုကရေစီ အစိုးရသစ်လက်ထက် ပထမဆုံး နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေး ချီးမြှင့်ခဲ့ခြင်းက နိုင်ငံတော် သမ္မတအနေနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ရဲ့ အရေးကို အလေးထားမှုတစ်ရပ် အဖြစ် ထင်ရှားစေခဲ့ပါတယ်။

ဇန်နဝါရီ ၁၀ရက်က (၆၇)ကြိမ်မြောက် ကချင်ပြည်နယ်နေ့နှင့် မနောပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပစဉ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဟာ ခရီးရောက်မဆိုက် ကချင်တိုင်းရင်းသားဝတ်စုံကိုဝတ်ပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားတွေနဲ့အတူ ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲတော်ကြီးမှာ ဝင်ရောက်ဆင်နွှဲခဲ့ပါတယ်။ တိုင်းရင်းသားညီအစ်ကိုတွေရဲ့ မျက်နှာတွေပေါ်မှာ ဝမ်းသာပျော်ရွှင်မှုပုံရိပ်တွေက အကတွေကို ပိုမိုမြူးကြွလာစေခဲ့ပါတယ်။

ကချင်ပြည်နယ်ဟာ အကြောင်းအမျိုးမျိုးကြောင့် နယ်မြေအချို့ မငြိမ်းချမ်းခဲ့ပေမယ့် ကချင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ယူခဲ့တဲ့ လေးနှစ်ကျော် ကာလအတွင်းမှာ ပြည်နယ်ဖွံ့ဖြိုးမှုအတွက် လျှပ်စစ်ဓာတ်အား ရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ၊ တံတားများတည်ဆောက်ပေးခြင်း၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သလို ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့တာကိုလည်း သိရှိခဲ့ရပါတယ်။ နိုင်ငံတော်အနေနဲ့လည်း တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ညှိနှိုင်းအဖြေရှာ ကြိုးပမ်းမှုများကလည်း မကြာခင်မှာ မျက်ဝါးထင်ထင် တွေ့မြင်ရတော့မှာ ဖြစ်ပါတယ်။

အမှန်တကယ်တော့ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား သွေးချင်းတွေဟာ လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ နေထိုင်ရာဒေသ ကွဲပြားခြားနားမှုများ ရှိပေမယ့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ထာဝရငြိမ်းချမ်းရေးရရှိလိုခြင်းကတော့ တူညီသောဆန္ဒများပဲဖြစ်ပါတယ်။

ဇန်နဝါရီ ၁၀ ရက်က ကျင်းပခဲ့တဲ့ ကချင်ပြည်နယ်နေ့အခမ်းအနားကို နိုင်ငံတော်သမ္မတကိုယ်တိုင်တက်ရောက်အားပေးခဲ့ခြင်းက ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုတွေအတွက် ပျော်ရွှင်ဝမ်းသာမှုကို ပေးစွမ်းစေခဲ့သလို ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် မျှော်လင့်နေကြတဲ့ ၅၁ သန်းကျော်သော ပြည်သူများအတွက် ယုံကြည်မှုပိုမိုခိုင်မြဲစေခဲ့ပါတယ်။

နိုင်ငံတော်သမ္မတဟာ တိုင်းရင်းသားသွေးချင်းများနဲ့ မနောပွဲတော်ဆင်နွှဲခဲ့ပြီး မနောအိမ်တော်မှာ ကချင်ရိုးရာ အစားအသောက်တွေကို သွေးချင်းများနဲ့ လက်ရေတစ်ပြင်တည်းသုံးဆောင်ကာ နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ရင်းရင်းနှီးနှီးနှုတ်ဆက်ခြင်း၊ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်းတို့ဟာ ကချင်တိုင်းရင်းသားတို့အတွက် ရင်းနှီးချစ်ကြည်မှုအပေါ် အပျော်ဆင့်စေခဲ့ပါတယ်။

အခုလို အဓိပ္ပာယ်များစွာပြည့်စုံလေးနက်တဲ့ ကချင်ပြည်နယ်နေ့ အခါသမယမှသည် တိုင်းရင်းသားသွေးချင်းများ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ စိတ်ရှည်သည်းခံမှုများကို အခြေခံပြီး စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုရင် ကချင်ပြည်နယ်ရဲ့ ရှေ့ခရီး အနာဂတ်ဟာ ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်ပြီး မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို ငြိမ်းချမ်းပျော်ရွှင်စွာဖြင့် တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

❁ ကျောဖုံးမှ

Collins Kipkorir Kimosop က ရရှိခဲ့ပြီး အမျိုးသမီး(အပြည့်) ၄၂ ဒသမ ၉၅၂ ကီလိုမီတာတန်းတွင် ပထမဆုကို ကင်ညာနိုင်ငံမှ Mary Wangui Kiguru၊ ဒုတိယဆုကို မြန်မာနိုင်ငံမှ မမြင့်မြင့်အေး၊ တတိယဆုကို ကင်ညာနိုင်ငံမှ Carolyne Jepkosgei Mitei တို့က ရရှိခဲ့သည်။ အမျိုးသား(တစ်ဝက်) ၂၁ ကီလိုမီတာတန်းတွင် ပထမဆုကို ကင်ညာနိုင်ငံမှ David Mutai၊ ဒုတိယဆုကို မလေးရှားနိုင်ငံမှ Mohd Syabid Bin Alias၊ တတိယဆုကို မြန်မာနိုင်ငံမှ မောင်ညီညီအောင်တို့ရရှိခဲ့ပြီး အမျိုးသမီး(တစ်ဝက်)၂၁ ကီလိုမီတာတန်းတွင် ပထမဆုကို ကင်ညာနိုင်ငံမှ Jackline Musyawa Nzivo၊ ဒုတိယဆုကို ကင်ညာနိုင်ငံမှ Esther Kaimi နှင့် တတိယဆုကို မြန်မာနိုင်ငံမှ Nway Nadi Soe တို့က ဆွတ်ခူးခဲ့သည်။ အမျိုးသား(စိန်ခေါ်) ၁၀ ကီလိုမီတာတန်းတွင် ကင်ညာမှ Paul Kimani Wambui က ရရှိခဲ့ပြီး အမျိုးသမီး(စိန်ခေါ်) ၁၀ ကီလိုမီတာတန်းတွင် ဥဇဘက်ကစ္စတန်မှ Meriem Gray တို့ ရရှိခဲ့သည်။

အမျိုးသား(အပြည့်) ၄၂ ဒသမ ၉၅၂ ကီလိုမီတာတန်းတွင် ပထမဆု သုံးနှစ်ဆက်တိုက် ဆွတ်ခူးခဲ့သည့် ကင်ညာနိုင်ငံမှ Joseph Gitau Kariuk က “အခုလို သုံးနှစ်ဆက်တိုက် ပထမဆုနဲ့ပန်းဝင်ခဲ့ရလို့ အလွန်ပျော်ပါတယ်။ ဒီနှစ်မှာ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး ပန်းဝင်နိုင်မယ်လို့တောင် မမျှော်လင့်ထားပါဘူး။ ဒီမြန်မာနိုင်ငံကို လာရောက်ကစားရတာပျော်ပါတယ်။ နောက်နှစ်တွေမှာလည်း ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ မြန်မာတွေက အဆင့်အတန်း ခွဲခြားပြီး ဆက်ဆံတာမရှိပါဘူး။ ဖော်ဖော်ရွေရွေဆက်ဆံတတ်ပြီး ကူညီရိုင်းပင်းကြပါတယ်” ဟု ပြောကြားခဲ့သည်။

တတိယအကြိမ်မြောက် ကျင်းပသည့် ရိုးမ- ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီးတွင် ဆုကြေးများအဖြစ် ၄၂ ဒသမ ၉၅၂ ကီလိုမီတာတန်းတွင် ပထမဆု အမေရိကန်ဒေါ်လာ ၂၇၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၁၄၀၀နှင့် တတိယဆုအမေရိကန်ဒေါ်လာ ၉၀၀ တို့ဖြစ်ပြီး ၂၁ ကီလိုမီတာတန်းများတွင် ပထမဆုအတွက် အမေရိကန်ဒေါ်လာ ၁၆၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၉၀၀၊ တတိယဆု အမေရိကန်ဒေါ်လာ ၅၀၀ နှင့် ၁၀ ကီလိုမီတာ စိန်ခေါ်ပွဲများတွင် အမေရိကန်ဒေါ်လာ ၈၀၀ ကို ဆုကြေးအဖြစ် အသီးသီးချီးမြှင့်ခဲ့သည်။

(မြန်မာ့အလင်း)

# မရမ်းကုန်းမြို့နယ်အတွင်း ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်း နွေရာသီဓာတ်အားပြတ်တောက်မှု မရှိစေရန်နှင့် အများပြည်သူများ ပို့အားပြည့်ဝစွာ အသုံးပြုနိုင်ရေးတို့အတွက် System Improvement ဓာတ်အားစနစ် တိုးတက်ကောင်းမွန်စေရေး Munti Trasformer System အရန်ထရန်စဖော်မာ ၁၈ လုံးထပ်မံ၍ တိုးချဲ့တပ်ဆင်ရန် ခွင့်ပြုချက်ရရှိကြောင်း သိရသည်။

အဆိုပါ ထပ်မံတိုးချဲ့တပ်ဆင်မည့် Multi Transformer System အရန် ၁၈ လုံးအနက် Transformer ကိုးလုံးကို မရမ်းကုန်းမြို့နယ်အတွင်းရှိ အမှတ် (၁၊၃၊၅၊၆၊၈၊၉၊၁၀) ရပ်ကွက်တို့၌ ဇန်နဝါရီ ၁၁ ရက်တွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးရန်လင်း၊ အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးခိုင်ဇော်ငြိမ်းနှင့် အဖွဲ့က ကြီးကြပ်ကွပ်ကဲ၍ စုစုပေါင်း ၈၅ ဦးဖြင့် ထရန်စဖော်မာ တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ကျန်ရှိသော Multi Transformer System အရန် ကိုးလုံးကို မရမ်းကုန်းမြို့နယ်အတွင်း၌ ရပ်ကွက်များတွင် ထပ်မံတိုးချဲ့ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝ၁၅)

## မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်း ဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**


**Y.E.S. International English Language Centre**

Since 1994

ကျောင်းခွဲမရှိပါ၊

ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများ အတွက်

**Basic Spoken English**

| | |
|---|---|
| Mon to Thurs-7:30-9:30am | 12,26 Jan |
| Mon to Thurs-10:00-12:00am | 12 Jan,9 Feb |
| Mon to Thurs 1:00-3:00pm | 12,26 Jan,9 Feb |
| Sat & Sun - 12:30-3:30 pm | 24 Jan |
| Sat & Sun - 3:45-6:45 pm | 24 Jan |
| Mon to Thurs-5:30-7:00pm | 26 Jan |

**Pre-Intermediate English**

| | |
|---|---|
| Mon to Thurs 1:00-3:00pm | 12 Jan |
| Mon to Thurs-5:00-7:00pm | 19 Jan |
| Mon to Thurs-10:30-12:30 am | 26 Jan |

**Grammar Foundation Course**

| | |
|---|---|
| Mon to Thurs - 1:00-2:30 pm | 12 Jan |
| Sat & Sun - 9:00-12:00 am | 24 Jan |
| Mon to Thurs-3:30-5:00pm | 26 Jan |

**Intermediate English**

| | |
|---|---|
| Mon to Thurs 1:00-3:00pm | 12 Jan |

**Structure & Written Expression**

| | |
|---|---|
| Mon to Thurs-4:00-5:30-7:00 pm | 19 Jan |
| Sat & Sun - 3:30-6:30 pm | 24 Jan |

**Vocabulary Enrichment Course**

| | |
|---|---|
| Sat & Sun - 10:00-12:00 am | 24 Jan |

**Basic Writing Course**

| | |
|---|---|
| San & Sun - 3:45 - 6:15 pm | 17 Jan |
| Mon to Thurs - 10:00 - 12:00am | 19 Jan |
| Mon to Thurs - 3:00 - 4:30pm | 19 Jan |

**Academic Writing Course**

| | |
|---|---|
| San & Sun - 5:00 - 7:00 pm | 10 Jan |
| SAT Mon to Thurs -3:30-5:00pm | 12 Jan |
| TOEFL Mon to Thurs-5:30-7:00pm | 12 Jan |

IELTS(Speaking), IELTS(Test Practice), API

No.190, 2nd Flr.,28th St(Upper), Pabedan Tsp. Ph: 01-243950, 246910

**SIM CARD**
**ဝယ်ယူမည့်ဈေးနှုန်းများ**

49** - 150000
73** - 80000
50** - 160000
47** - 180000

ဖုန်း-၀၉-၇၃၀၂၆၀၀၀၊ ၀၉-၅၀၉၂၆၆၆

**လျှော့ဈေးဖြင့် မြေကွက် အမြန်ရောင်းမည်**

သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်းမကြီးနှင့် မြဝတ်ရည်လမ်းထောင့် ပေ (၂၄×၇၀) ဂရန် အမည်ပေါက်

**ဆက်သွယ်ရန်ဖုန်း- ၀၉-၂၅၂၇၀၇၅၅၀**


## လူပျောက်

ဖော်ပြပါ ဓာတ်ပုံရှင် ဦးအောင်ကျော်မိုး၏သမီး မငြိမ်းသီရိမွန် (ခ) တွယ်တာ ၈/ဂဂန(နိုင်)၁၁၇၇၃၀ သည် ၁၀-၁-၂၀၁၅ရက်တွင် နေအိမ်မှ သင်တန်းသို့သွားရာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူများကို တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ဒေါ်ဝင်းကြည်**

**အမှတ် ၆၆/၄ A၊ ရှမ်းကုန်းလမ်း၊**
**မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်**
**ဖုန်း-၀၉-၅၀၃၃၄၇၆၊ ၀၉-၇၃၀၃၅၈၈၇၊**
**၀၉-၂၅၆၅၈၆၀၉၁**

ပြည်တွင်းသတင်း

# ကျေးစာဥကျေးရွာမှ လေ့လာရေးတောင်သူလယ်သမားများအား ခေတ်မီစက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ၊ အော်ဂဲနစ်စိုက်ခင်းများပြသ

**နေပြည်တော် ဇန်နဝါရီ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအနီးရှိ လယ်မြေ ၂၄၄ ဒသမ ၅ ဧက၊ ဟက်တာ ၁၀၀ အား စက်မှုလယ်ယာစနစ်သို့ တစ်ဆက်တစ်စပ်တည်း မြေယာပြုပြင်ပြောင်းလဲခြင်း စီမံကိန်းလုပ်ငန်းခွင်သို့ ဒက္ခိဏသီရိမြို့နယ် ကူနှစ်လုံးဆည်စုကျေးရွာအုပ်စုမှ ကျေးစာဥရွာ၊ မန်ကျည်းကုန်းကျေးရွာ၊ ရွှေကျောင်းကုန်းကျေးရွာတို့မှ တောင်သူအင်အား ၂၀၀ ခန့်သည် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၃ နာရီက လာရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

လေ့လာရေးအဖွဲ့များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တောင်သူများ ဝင်ငွေနှစ်ဆတိုးတက်ရေးတွင် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းအဖြစ် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် တစ်ခုတည်းသော လမ်းကြောင်းအား၊ တစ်ခုတည်းသော ရွေးချယ်ရမည့်နည်းလမ်းအား တောင်သူများကိုယ်တိုင် ကြိုးပမ်းကြရန် လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရန်ကုန် - ပျဉ်းမနားလမ်းဟောင်းအနီး စက်မှုလယ်ယာစနစ် ဝန်ဆောင်မှုပေးရန် အသင့်ဖြစ်နေသော ခေတ်မီလယ်ထွန်စက်ကြီးများ၊ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ကြီးများ၊ ခေတ်မီဘက်စုံသုံး လက်တွန်းထွန်စက်များကို တောင်သူလယ်သမားများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က သိရှိလိုသည်များကို ဖြေကြားခဲ့သည်။

ထိုမှတစ်ဆင့် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာအနီးရှိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် တစ်ဆက်တစပ်တည်း ဧက ၄၄၀ စိုက်ကွင်းသို့ ရောက်ရှိကြပြီးအဖိုလိုင်း(R)လိုင်းများကို သိပ္ပံနည်းကျပေါင်စနစ်ဖြင့် စနစ်တကျ ပျိုးထောင်ထားရှိပြီး ခုနစ်ရက်သား သက်တမ်းအရွယ်ရှိ မျိုးစပါးပင်များကို တောင်သူများက လေ့လာပြီး စိုက်ကွင်းအတွင်း ကြည့်ရှုကြသည်။

ယင်းနောက် တောင်သူများ လက်ဝယ်သို့ ဖြန့်ဖြူးရန် အသင့်ဖြစ်နေသော ပုလဲသွယ် (F1) မျိုးစေ့များကို စနစ်တကျ သိုလှောင်ထားရှိသည့် တစ်နေ့တန် ၃၀၀ ဆံ့ ဂိုဒေါင်သို့ရောက်ရှိကြပြီး ပညာရှင်များက ပုလဲသွယ်စပ်မျိုးစပါး၏ အရည်အသွေးနှင့် တစ်ဧက တင်း ၂၀၀ ကျော် ထွက်ရှိနိုင်မည့် အလားအလာများကို ပညာရှင်များက ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေး တောင်သူ လယ်သမားများသည် ဥတ္တရသီရိမြို့နယ်၊ စက်စက်ယို ဆည်ရေသောက်စနစ် တစ်ဆက်တစပ်တည်း အော်ဂဲနစ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ဧက ၉၀၀ စိုက်ကွင်းသို့ရောက်ရှိကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး တောင်သူများ သိရှိလိုသည်များကို ဖြေကြားပေးကြ၍ မျိုးစေ့နှင့် ပျိုးပင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# နိုင်ငံတော်၏စီးပွားရေးဖြစ်ထွန်းမှုကို အထောက်အပံ့ဖြစ်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ပေါ်ထွန်းလာစေရန်နှင့် ပြည်သူများတစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံမှုပြုနိုင်စေရန် ရန်ကုန်စတော့အိတ်ချိန်းကို ယခုနှစ်တွင် ဖွင့်လှစ်ရန် ဆောင်ရွက်နေ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ဘဏ္ဍာရေးဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က ကြေညာချက်အမှတ်(၁/၂၀၁၅)ကို ထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ယင်းကြေညာချက်တွင် မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် နိုင်ငံတော်၏ စီးပွားရေးဖြစ်ထွန်းမှုကို အထောက်အပံ့ဖြစ်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ပေါ်ထွန်းလာစေရန်နှင့် ပြည်သူများတစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံမှုပြုနိုင်စေရန်အတွက် ရန်ကုန်စတော့အိတ်ချိန်းကို ယခုနှစ်တွင် ဖွင့်လှစ်ရန် ဆောင်ရွက်နေကြောင်း။

ရန်ကုန်စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးနိုင်ရန် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၇(က)အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား လိုင်စင်ထုတ်ပေးရန်အတွက် အောက်ဖော်ပြပါ သက်မှတ်ချက်များကို ထုတ်ပြန်ကြေညာလိုက်ကြောင်း-

(က) လျှောက်ထားသူသည် ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီတစ်ခုအဖြစ်ဖွဲ့စည်း၍ မှတ်ပုံတင်ထားပြီးဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ကုမ္ပဏီ၏အမည်၌ "ငွေချေးသက်သေခံလက်မှတ်"ဟူသော စကားရပ်ပါရှိရမည်။

(ဂ) လျှောက်ထားသူသည် အောက်ဖော်ပြပါ လိုင်စင်အမျိုးအစားများအတွက် ယှဉ်တွဲဖော်ပြသည့် အနည်းဆုံး ထည့်ဝင်ပြီး မတည်ငွေရင်းကို ထည့်သွင်းရမည်။

(၁) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချခြင်းလုပ်ငန်းလိုင်စင် -ကျပ် ၁၅ ဘီလီယံ

(၂) ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်း လိုင်စင် -ကျပ် ၁၀ ဘီလီယံ

(၃) ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် -ကျပ် ၇ ဘီလီယံ

(၄) ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်းလိုင်စင် -ကျပ် ၀.၀၃ ဘီလီယံ

(ဃ) ဒါရိုက်တာအများစုသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း (သို့မဟုတ်) အခြားငွေရေးကြေးရေးနှင့် ပတ်သက်သောလုပ်ငန်းများတွင် အနည်းဆုံး လုပ်သက်တစ်နှစ်ရှိရမည်။

(င) ဒါရိုက်တာများသည် ဘွဲ့(ဒီဂရီ) တစ်ခုရရှိပြီးသူများဖြစ်ရမည်။

(စ) ဒါရိုက်တာများသည် အကျင့်စာရိတ္တ၊ ငွေကြေးစသည်တို့နှင့် ပတ်သက်၍ တရားရုံးက ထောင်ဒဏ်ချမှတ်ခြင်းခံရသူများ မဖြစ်ရ။

(ဆ) လျှောက်ထားသူသည် အမည်မည်းစာရင်း၌ ပါဝင်ခြင်းမရှိသူဖြစ်ရမည်။

(ဇ) လျှောက်ထားသူသည် မိမိလျှောက်ထားသည့် လိုင်စင်အမျိုးအစားအလိုက် ထည့်ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အမည်ဖြင့် ငွေတိုက်စာချုပ်ဝယ်ယူထားရှိခြင်း (သို့မဟုတ်) နိုင်ငံပိုင်ဘဏ်တွင် ငွေစုဘဏ်စာရင်းဖွင့်လှစ်ထည့်သွင်းခြင်း (သို့မဟုတ်) ယင်းတို့နှစ်ခုစလုံးတွင် သင့်တော်သည့် အချိုးအစားဖြင့်ထည့်သွင်းထားခြင်းပြုလုပ်ရမည်။

(ဈ) လျှောက်ထားသည့် အဖွဲ့အစည်းတွင် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းအတွေ့အကြုံ လုပ်သက်အနည်းဆုံး(၃)နှစ်ရှိသည့် ကျွမ်းကျင်သည့် ပုဂ္ဂိုလ်တစ်ဦးရှိရမည်။

(ည) လျှောက်ထားသည့် အဖွဲ့အစည်းသည် IT စနစ်ဖြင့် လုပ်ငန်းစွမ်းဆောင်နိုင်သည့် အရည်အချင်းရှိရမည်။

(ဋ) လျှောက်ထားသည့်အဖွဲ့အစည်းသည် လိုအပ်ပါကရုံးခွဲများဖွင့်လှစ်နိုင်ရမည်။

(ဌ) ထည့်ဝင်ပြီး မတည်ငွေရင်းအား ဘဏ်ချေးငွေဖြင့်ထည့်ဝင်ခြင်း မပြုရ။

(ဍ) ထည့်ဝင်ပြီးမတည်ငွေရင်းသို့ ထည့်သွင်းမည့်ငွေသည် တရားဝင်အခွန်ပေးဆောင်ပြီးသော ဝင်ငွေရလမ်းဖော်ပြနိုင်သည့် ငွေဖြစ်ရမည်။

အထက်ဖော်ပြပါအချက်များနှင့် ကိုက်ညီသည့် ကုမ္ပဏီများသည် အပိုဒ်(၂) အပိုဒ်ခွဲ (ဂ)ပါ လိုင်စင်အမျိုးအစား တစ်ခုချင်းကို လျှောက်ထားနိုင်ပြီး အပိုဒ်ခွဲ(ဂ)(၁)ပါ လိုင်စင်အမျိုးအစားကို လိုင်စင်ရသူသည် လုပ်ငန်းလေးမျိုးစလုံးကို လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း။

လျှောက်လွှာပုံစံများကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတည်ရှိရာ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အဆောက်အအုံအမှတ် (၂၁-၂၅) ဆူးလေဘုရားလမ်းတွင် ဇန်နဝါရီ ၁၉ ရက်မှစ၍ ရရှိနိုင်ပါကြောင်း။

လျှောက်ထားသူသည် သက်မှတ်ထားသော အချက်အလက်အပြည့်အစုံဖော်ပြထားသည့် လျှောက်လွှာပုံစံ (၂)စုံကို လိုအပ်သော စာရွက်စာတမ်းများပူးတွဲလျက် စာအိတ်တွင်ထည့်သွင်း၍ စာအိတ်၏နေရာ (၃)နေရာ၌ ကုမ္ပဏီတံဆိပ်ရိုက်နှိပ်ကာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးသို့ ဖေဖော်ဝါရီ ၂၇ ရက်ထက် နောက်မကျစေဘဲ တင်ပြရမည်ဖြစ်ကြောင်း၊ စာအိတ်တွင် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီလိုင်စင်လျှောက်လွှာဟူ၍ ရှင်းလင်းစွာရေးသားဖော်ပြရန်နှင့် သတ်မှတ်ထားသည့် ရက်ထက်နောက်ကျသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

# သတ်မှတ်ထားသောယာဉ်မရပ်ရလမ်းများတွင် အသိပေးဆိုင်းဘုတ်များစိုက်ထူသွားမည်

**သတင်း-တင်ဝင်းလေး (ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-တင်မောင်ဦး(အလုံ)**

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်မြို့ခရီးသွားပြည်သူများ ယာဉ်ကြောကျပ်တည်းခြင်းမှ ဖြေလျှော့ပေးနိုင်ရန်အတွက် နည်းလမ်းအသွယ်သွယ်မှ ယာဉ်မရပ်ရလမ်းများ သတ်မှတ်ခြင်းကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့သည်။

လမ်းအရေအတွက်ကို တဖြည်းဖြည်းဖြင့် တိုးချဲ့လာခဲ့ရာ ၂၀၁၄ ခုနှစ် အကုန်အထိ ရန်ကုန်မြို့တွင်း ယာဉ်ကြောကြာရှည်စွာ ရပ်တန့်ခြင်း မပြုရသော လမ်းပေါင်း ၉၅ လမ်းအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ကြည့်မြင်တိုင်မြို့နယ်မှ ကိုယ်ပိုင်ယာဉ်ဖြင့်သွားလာနေသော ဦးတိုးက "သူတို့အနေနဲ့ စည်းကမ်းသတ်မှတ်တာဟုတ်ပါတယ်။ ဒါပေမယ့် အဲဒီလိုသတ်မှတ်လိုက်တာကို သတင်းစာ၊ ဂျာနယ်တို့မှာ ဖတ်လိုက်ရတဲ့သူတွေရှိပေမယ့် မသိလိုက်ရတဲ့သူတွေက အများကြီးပဲ။ လက်ရှိသတ်မှတ်တဲ့နေရာတွေမှာ အသိပေးဆိုင်းဘုတ်တွေကပ်ထားသင့်တယ်" ဟု ဆိုခဲ့ဖူးသည်။

ထို့အပြင် ယာဉ်မရပ်ရဟု သတ်မှတ်ထားသောနေရာများတွင် ရပ်နားထားသော ယာဉ်များကို စည်းကမ်းနှင့်အညီ တာဝန်ရှိသူတို့မှ ဖမ်းဆီးအရေးယူဆောင်ရွက်ရာတွင် ယာဉ်ပိုင်ရှင် အတော်များများနှင့် ထိပ်တိုက်တွေ့ဆုံရပြီး များသောအားဖြင့် ယာဉ်မရပ်ရလမ်းအဖြစ် သတ်မှတ်ထားခြင်းကို မသိရှိကြောင်း၊ အသိပေးဆိုင်းဘုတ်များ တပ်ထားသင့်ကြောင်း အကြောင်းပြချက်များရှိသည်ဟု မိတ်ဆွေယာဉ်ထိန်းရဲတစ်ဦးက ပြောသည်။

ထိုသို့ ယာဉ်မရပ်ရလမ်းများတွင် ကြာရှည်စွာရပ်တန့်ထားမှုကြောင့် ဖမ်းဆီးအရေးယူခဲ့ရာ စတင်ချိန်မှ ယခုအထိ ယာဉ်အစီးရေပေါင်း ၁၃၀၀၀ ကျော်ရှိပြီး ဖြစ်ကြောင်း သိရသည်။

ထို့အတွက် ရန်ကုန်မြို့၏ယာဉ်မရပ်ရလမ်းများတွင် ယာဉ်မောင်းသူများထင်သာမြင်သာတွေ့ရှိသတိထားနိုင်ရန်အတွက် အသိပေးဆိုင်းဘုတ်များကို မကြာမီစိုက်ထူပေးသွားမည်ဖြစ်ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ သိရသည်။

● *ကျောဖုံးမှ*

ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများအနက် ၂၅ ရာခိုင်နှုန်း စုဆောင်းထားရှိသော ရန်ပုံငွေမှ အသက် (၁၀၀) နှင့်အထက် အဘိုးအဘွားများအား ပေးအပ်သည့် ထောက်ပံ့ငွေများ၊ အလှူရှင်များ၏ လှူဒါန်းသော ပစ္စည်းအစုစုတို့ ပေးအပ်လှူဒါန်းပွဲကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

"နိုင်ငံတော်ရဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် လုပ်ငန်းစဉ်(၈)ရပ်မှာ သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေး လုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ သမ္မတကြီးအပါအဝင် ဒုတိယသမ္မတတွေ၊ ပြည်ထောင်စုဝန်ကြီးတွေနဲ့ ဒုတိယဝန်ကြီးတွေကနေ လှူဒါန်းထောက်ပံ့ပေးခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းပေးအပ်ထားတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ထပ်မံပံ့ပိုးလှူဒါန်းမှု၊ အဖွဲ့အစည်းတွေနဲ့ အလှူရှင်တွေရဲ့ စုပေါင်းလှူဒါန်းမှုကြောင့် ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးရဲ့ ပထမဆုံးသော သက်ကြီးပူဇော်ဂုဏ်ပြုပွဲကျင်းပရခြင်းဖြစ်ပါတယ်။ အဘိုးအဘွားတစ်ဦးကို ငွေကျပ် ၃၉၆၁၀၀ တန်ဖိုးရှိ အလှူငွေနဲ့ လှူဖွယ်ပစ္စည်းတွေ ပေးအပ်လှူဒါန်းခဲ့တယ်။ အခုလို ဂုဏ်ပြုခံဘိုးဘွားတွေကို ဦးချကန်တော့ခွင့်ရတဲ့အတွက် မြန်မာတို့ရဲ့ယဉ်ကျေးမှု တန်ဖိုးထားတဲ့ စနစ်ကောင်းတွေကို နောင်လာနောက်သားတို့ သိရှိဆောင်ရွက်စေလိုပါတယ်။ ဒါ့အပြင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို စောင့်ရှောက်ပြီး ကောင်းမြတ်တဲ့ပရဟိတဆောင်ရွက်မှုတွေကို လက်ဆင့်ကမ်းအမွေပေးခြင်းဖြစ်ပါတယ်။ အသက်အရွယ်ကြီးရင့်သူတွေကို ပူဇော်ကန်တော့ရတဲ့အကျိုးကြောင့် ငယ်သူတွေမှာတင်ရှိတတ်တဲ့ အပြစ်ကြီးငယ်အမျိုးမျိုး ကင်းစင်ပပျောက်သွားနိုင်မှာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အသက် (၁၀၀)နှင့်အထက် အဘိုးအဘွားစုစုပေါင်း ၈၇ဦးရှိပြီး အဆိုပါအခမ်းအနားသို့ အဘိုးအဘွား ၂၇ ဦးခန့် တက်ရောက်ခဲ့ကြသည်။ သက်ကြီးဘိုးဘွား တစ်ဦးလျှင် နိုင်ငံတော်သမ္မတကြီးက လက်မှတ်ရေးထိုးဂုဏ်ပြုအပ်သော ဂုဏ်ပြုလွှာနှင့်အတူ နိုင်ငံတော်အကြီးအကဲများ၏ ထောက်ပံ့ရရှိငွေများအနက်မှ ရန်ပုံငွေအဖြစ် ထောက်ပံ့ပေးသော ထောက်ပံ့ငွေကျပ်နှစ်သိန်းစီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များ စုပေါင်းပေးအပ်မှုငွေကျပ် ၁၄၀၀၀၀ စီနှင့် အလှူရှင်များနှင့် အဖွဲ့အစည်းများကလှူဒါန်းသော လှူဖွယ်ပစ္စည်းများ စုစုပေါင်း ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၃၉၆၁၀၀ တန်ဖိုးရှိ လှူဖွယ်များကိုလှူဒါန်းခဲ့ကြပြီး စုစုပေါင်းလှူဒါန်းမှုတန်ဖိုးမှာ ငွေကျပ် ၃၄၄ သိန်းကျော် တန်ဖိုးရှိကြောင်း သိရသည်။

"နိုင်ငံတော်အဆင့် ပေးအပ်တာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ရပ်ကွက်ကနေ စာရင်းလာကောက်တယ်။ အသက်လာစစ်ဆေးပြီး အခုလိုဖိတ်ကြားတာပါ။ ကိုယ်ငယ်ငယ်က အဘိုးအဘွားတွေကို စုပြီးကန်တော့ခဲ့ကြတာအောက်မေ့မိတယ်။ တက်ရောက်ခွင့်ရတာ ဂုဏ်လည်းယူပါတယ်။ နောက်နှစ် အခမ်းအနားမှာ ကန်တော့ခံခွင့်ရဖို့ဆိုတာ မသေချာတော့ပါဘူး။ အလှူရှင်တွေအားလုံးကို မေတ္တာပို့ပါတယ်။ အဘွားက လှသေးလို့ ဓာတ်ပုံရိုက်တာထင်ပါရဲ့" ဟု ပြုံးရွှင်သောမျက်နှာဖြင့် အသက် ၁၀၇ နှစ်အရွယ်ရှိ တာမွေမြို့နယ် နေသူ ဒေါ်မြတင်က မြန်မာ့အလင်းသို့ ဖြေကြားသည်။

အဘိုးအဘွားအများစုမှာ အသက်အရွယ်ကြီးရင့်နေကြပြီး ပြင်ပသို့ သွားလာရန်အခက်အခဲများရှိကြောင်း၊ ယခုကဲ့သို့ ၎င်းတို့အတွက် သီးခြားဂုဏ်ပြုပွဲသို့တက်ရောက်ရန် အဘိုးအဘွားများအားလုံး ဆန္ဒပြင်းပြသော်လည်း ကျန်းမာရေးအခြေအနေအရ အဘိုးအဘွား ၂၇ ဦးသာ တက်ရောက်နိုင်ကြောင်း သိရသည်။

"နှစ်ပေါင်း(၁၀၀) ကျော် နေလာတာ။ အခုလို နိုင်ငံတော်အဆင့် ဂုဏ်ပြုခံရတာ ပထမဆုံးပေါ့။ အလွန်မွန်မြတ်တဲ့အလုပ်ကို လုပ်ကိုင်ကြတာဖြစ်တယ်။ အသက်ကြီးလာရင် လူကြီးတွေက အလိုလို အားငယ်တတ်တယ်။ အခုလို အသိအမှတ်ပြုတာကို ခံရတဲ့အခါ ပီတိဖြစ်တယ်။ အားလည်းရှိလာတယ်။ ကျန်းမာအသက်ရှည်ဖို့အတွက် စိတ်ထားတတ်ဖို့နဲ့ မိမိရဲ့စိတ်ကို ထိန်းချုပ်ဖို့ လိုအပ်တယ်လို့ထင်တယ်။ စားရာ၊ သွားရာ၊ နေရာ၊ ထိုင်ရာအားလုံးမှာ အသိကလေးကပ်ထားပြီး နေထိုင်မယ်ဆိုရင် အသက်ရှည်ကျန်းမာမှာ ဖြစ်ပါတယ်" ဟု ရန်ကုန်မြို့ တာမွေမြို့နယ်မှ အသက် ၁၀၄နှစ် အဘွား ဒေါ်သီလက ပြောကြားသည်။

အခမ်းအနား အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အသက် (၁၀၀) နှင့်အထက် အဘိုးအဘွားများအား ထောက်ပံ့ခြင်းအစီအစဉ်များအား ရှင်းလင်းပြောကြားပြီး နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုလွှာများ၊ ထောက်ပံ့ငွေများနှင့် လှူဖွယ်များကို ဝိုင်းဝန်းလှူဒါန်းကြသည်။

ထို့နောက် အသက် (၁၀၀) နှင့်အထက် အဘိုးအဘွားများအား တက်ရောက်လာကြသူများက ရှိခိုးကန်တော့ကြပြီး အဘိုးအဘွားများကိုယ်စား မှော်ဘီမြို့နယ် တင်းပလင်းချောင်းကျေးရွာနေ အသက် ၁၀၅ နှစ်ရှိ အဘိုး ဦးဆံဖောက ဝမ်းမြောက်စကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး၊တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် မိသားစုများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့အစည်းများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာလှေပြိုင်ပွဲကို ရမည်းသင်းမြို့ မင်္ဂလာကျုံးအတွင်း၌ ဇန်နဝါရီ ၁၀ ရက်ကကျင်းပရာ ပြိုင်ပွဲဝင်များ လှော်ခတ် ပြိုင်ပွဲဝင်ယှဉ်ပြိုင်နေကြသည်ကို တွေ့ရစဉ်။ အတ်ကလေး(ရမည်းသင်း)

## မန္တလေးသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၁**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် မန္တလေး၏(၁၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အထွေထွေသွားရောဂါကုဒီပလိုမာဘွဲ့ရရှိသူ ငါးဦးနှင့်သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရရှိသူ ၇၂ ဦးတို့အား ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ရွှေတိုးက ဘွဲ့လက်မှတ်များပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# အခြေခံပညာမူလတန်းနှင့် အလယ်တန်းဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ (ဗဟိုအဆင့်)ဆုချီးမြှင့်

**သတင်း - ခင်ချိုဝင်း**
**ဓာတ်ပုံ - ရဲထွန်း**

**ရန်ကုန် ဇန်နဝါရီ ၁၁**

ပညာရေးဝန်ကြီးဌာန ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ (ဗဟိုအဆင့်) ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အမှာစကားပြောကြားပြီး အင်္ဂလိပ်စာဘာသာ စာစစ်မှူးချုပ် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်နော်ဂျူးဖောနှင့် သင်္ချာဘာသာ စာစစ်မှူးချုပ် ရန်ကုန်တက္ကသိုလ် သင်္ချာဌာန ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်ဝင်းကြည်တို့က ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူများ ဖြေဆိုမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက စတုတ္ထတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်း ဗဟိုအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်တို့၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော ကျောင်းသားကျောင်းသူ ၁၅ ဦးတို့အား ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ဗဟိုအဆင့်သို့တက်ရောက်ယှဉ်ပြိုင်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကျောင်းသားကျောင်းသူများအတွက် ချီးမြှင့်မည့် ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာအခြေခံပညာဦးစီးဌာနများသို့ ပေးအပ်ချီးမြှင့်သည်။

"ကျွန်တော်တို့ ဖလမ်းမှာ အင်္ဂလိပ်စာကျောင်းအကောင်းစားတွေ မရှိပါဘူး။ ကျွန်တော်က အင်္ဂလိပ်စာကို အရူးအမူးချစ်ပါတယ်။ မိဘကလည်း အင်္ဂလိပ်စာနည်းနည်းပါးပါးတတ်တော့ ကျွန်တော်နဲ့ ပြောဆိုလို့ရပါတယ်။ ကျောင်းကဆရာ ဆရာမတွေ သင်ပေးတာပဲ ရှိပါတယ်။ အိမ်မှာက တီဗွီ၊ ကာတွန်းကားတွေကြည့်တယ်။ စာအုပ်တွေဖတ်တယ်။ အဲဒီလိုမျိုးတွေ လေ့လာတယ်။ အင်္ဂလိပ်စာကို တတ်ကျွမ်းချင်လို့ရှိရင်၊ အရာတစ်ခုခုကို တတ်ကျွမ်းဖို့ဆိုရင် အရေးကြီးတာက ကိုယ့်ရဲ့စိတ်ဝင်စားမှုပါပဲ။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ပညာရေးကိုမြှင့်တင်ပြီးတော့ တစ်နေ့ကျရင် ကမ္ဘာပေါ်မှာ နာမည်ရှိလာအောင် လုပ်ချင်ပါတယ်"ဟု သတ္တမတန်းအင်္ဂလိပ်စာစွမ်းရည် ပထမဆုရရှိခဲ့သော ချင်းပြည်နယ်မှ မောင်လာလ်ရမ်းမွေးက ၎င်း၏ အင်္ဂလိပ်စာလေ့လာ မှတ်သားခဲ့ပုံကို ပြောပြသည်။

## ဗဟိုအဆင့်(အင်္ဂလိပ်စာ)စွမ်းရည်ပြိုင်ပွဲ ဆုရရှိသူများစာရင်း

| အတန်း | ဆု | အမည် | ကျောင်း/မြို့နယ် | တိုင်းဒေသကြီး/ ပြည်နယ် |
|---|---|---|---|---|
| စတုတ္ထတန်း | ပထမ<br>ဒုတိယ<br>တတိယ | မဖူးမြတ်နေခြည်ချို<br>မရွှေအိမ်သည်<br>မမေမြတ်နိုးဇင် | အထက(၂)လသာ<br>အမက(၂၈)ချမ်းအေးသာစံ<br>အထက(၄) မကွေး | ရန်ကုန်<br>မန္တလေး<br>မကွေး |
| ပဉ္စမတန်း | ပထမ<br>ဒုတိယ<br>တတိယ | မောင်ကောင်းဆက်လင်း<br>မောင်ရဲထွန်း<br>မဖြိုးသက်သက်လွင် | အထက(၅)ဗိုလ်တထောင်<br>အလကလေ့ကျင့်ရေး(ပခုက္ကူ)<br>အထက(၃) ပဲခူး | ရန်ကုန်<br>မကွေး<br>ပဲခူး(အရှေ့) |
| ဆဋ္ဌမတန်း | ပထမ<br>ဒုတိယ<br>တတိယ | မောင်ဘုန်းမြင့်မြတ်<br>မရွှန်းလဲ့ဖြူ<br>မောင်စိုင်းဇော်လင်းပိုင် | အထက(၂)မုံရွာ<br>အထက(၁)ဒဂုံ(မြောက်)<br>အထက(၅)တောင်ကြီး | စစ်ကိုင်း<br>ရန်ကုန်<br>ရှမ်း(တောင်) |
| သတ္တမတန်း | ပထမ<br>ဒုတိယ<br>တတိယ | မောင်လာလ်ရမ်းမွေး<br>မောင်ဝင်းစိုးမိုး<br>မောင်ကောင်းခန့် | အထက(ခွဲ)(ဖလမ်း)<br>အထက(၂) လမ်းမတော်<br>အထက ပါရမီကိုယ်ပိုင်ကျောင်း (မော်လမြိုင်) | ချင်း<br>ရန်ကုန်<br>မွန် |
| အဋ္ဌမတန်း | ပထမ<br>ဒုတိယ<br>တတိယ | မဆင်းရွှေရည်ဝင်းနိုင်ဦး<br>မလှယဉ်ကျေး<br>မစောရတနာ(၁) | အထက(၅)ဇမ္ဗူသီရိ<br>အထက(၉)မော်လမြိုင်<br>အထက(၂)ကမာရွတ် | နေပြည်တော်<br>မွန်<br>ရန်ကုန် |

## ဗဟိုအဆင့်(သင်္ချာ)စွမ်းရည်ပြိုင်ပွဲ ဆုရရှိသူများစာရင်း

| အတန်း | ဆု | အမည် | ကျောင်း/မြို့နယ် | တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|---|---|
| စတုတ္ထတန်း | ပထမ<br>ဒုတိယ<br>တတိယ | မောင်ဇေလင်းထက်<br>မောင်မြတ်မင်းစံ<br>မောင်အောင်ရဲသန့်ဟိန်း | အလက(၃)ပြင်ဦးလွင်<br>အထက(မြို့မ)နတ်တလင်း<br>မူလွန်(၃)ဗဟန်း | မန္တလေး<br>ပဲခူး(အနောက်)<br>ရန်ကုန် |
| ပဉ္စမတန်း | ပထမ<br>ဒုတိယ<br>တတိယ | မခင်ရတီသွင်<br>မဇင်လင်းထက်<br>မသက်နှင်းလွင်လွင် | အထက(၁)ရေနံချောင်း<br>အထက(၃)ဒဂုံ(မြောက်)<br>အထက(ခွဲ)ကြာနီကန်၊ရွှေတောင် | မကွေး<br>ရန်ကုန်<br>ပဲခူး(အနောက်) |
| ဆဋ္ဌမတန်း | ပထမ<br>ဒုတိယ<br>တတိယ | မယမုံသွင်<br>မလဲ့ဝတ်ရည်ထွန်း<br>မောင်ဇေလင်းမြတ် | အထက(၁)မုံရွာ<br>အထက(၂)ကျိုင်းတုံ<br>အထက(၂)တောင်ဥက္ကလာ | စစ်ကိုင်း<br>ရှမ်း(အရှေ့)<br>ရန်ကုန် |
| သတ္တမတန်း | ပထမ<br>ဒုတိယ<br>တတိယ | မလဝန်းခိုင်<br>မဖြူစင်မို့မို့<br>မယမင်းအောင် | အထက(၄)တောင်ကြီး<br>အထက(၆) ပုသိမ်<br>အထက(၁)ဒဂုံ | ရှမ်း(တောင်)<br>ဧရာဝတီ<br>ရန်ကုန် |
| အဋ္ဌမတန်း | ပထမ<br>ဒုတိယ<br>တတိယ | မဆုထက်ထက်လွင်<br>မခိုင်ထက်လွင်<br>မအေးချမ်းဦး | အထက(၃)ပဲခူး<br>အထက(၂)လသာ<br>အထက(၁)နတ်မောက် | ပဲခူး(အရှေ့)<br>ရန်ကုန်<br>မကွေး |

ပြည်တွင်းသတင်း

# ချင်းပြည်နယ်အတွင်း လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလူမှုရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဇန်နဝါရီ ၉ ရက်က ချင်းပြည်နယ် မင်းတပ်မြို့ ကွက်စိပ် (၅) ရပ်ကွက်၌ နေထိုင်သော အသက် ၁၀၄ နှစ်ရှိ အဘိုး ဦးမိန်ထုံအား နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုလွှာနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏လစဉ်ချီးမြှင့်ထောက်ပံ့ငွေများမှ ၂၅ ရာခိုင်နှုန်း စုဆောင်းငွေမှ ထောက်ပံ့ငွေကျပ် နှစ်သိန်းကို နိုင်ငံတော်ကိုယ်စား ပေးအပ်သည်။

ထို့နောက် မင်းတပ်ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံး တည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားခဲ့သည်။ ဆက်လက်၍ မင်းတပ်မြို့ အထက (၁)၌ ကျင်းပသော ချင်းပြည်နယ်အတွင်းရှိ အသက် ၁၀၀ နှစ်နှင့်အထက် သက်ကြီးဝါကြီးများအား ဂုဏ်ပြုလွှာနှင့် ထောက်ပံ့ငွေချီးမြှင့်ပွဲ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် လူမှုစောင့်ရှောက်ရေးနှင့် သဘာ၀ဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ နည်းပြသင်တန်း (၂/၂၀၁၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မင်းတပ်မြို့ ကွက်စိပ် (၅) အနောက်ရပ်ကွက်နေ ၁၀၄ နှစ်ရှိ ဦးမိန်ထုံနှင့် ဟားခါးမြို့ မြို့သစ်ရပ်ကွက်နေ အသက် ၁၀၂ နှစ်ရှိ အဘွား ဒေါ်ဟွတ်ဒွေးတို့အတွက် နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုလွှာများနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏လစဉ်ချီးမြှင့်ထောက်ပံ့ငွေများမှ ၂၅ ရာခိုင်နှုန်း စုဆောင်းငွေမှ ထောက်ပံ့ငွေကျပ် နှစ်သိန်းစီကို နိုင်ငံတော်ကိုယ်စား အတူနေမိသားစုဝင်များထံ ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မင်းတပ်မြို့နယ်အတွင်းရှိ ခြိကျေးရွာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၄၇ ဒသမ ၄ သိန်း၊ အရှေ့ပြင်ရပ်ကွက် (သိပ္ပံ) လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၄၄ ဒသမ ၄၈ သိန်း၊ ဝမ္မသူးလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၄၄ ဒသမ ၄၈ သိန်း၊ ဝကောက်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၂၉ ဒသမ ၂ သိန်းနှင့် မေတ္တာစမ်းရေ ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ခြောက်သိန်း၊ ကန်ပက်လက် မြို့နယ်အတွင်းရှိ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၄၉ ဒသမ ၈ သိန်း၊ ခေါနုသုံ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၂၅ ဒသမ ၅ သိန်း၊ ဘ၀အလင်းလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၁၂ သိန်းနှင့် ရင်သွေးငယ်များခိုလှုံရာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၁၂ သိန်း၊ မတူပီမြို့နယ် ခိုဘွေရပ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၁၈ ဒသမ ၂ သိန်း၊ ပလက်ဝမြို့နယ် ပလက်ဝလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၁၄ ဒသမ ၆ သိန်း၊ မင်းတပ်ခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်းလေးကျောင်းအတွက် ၂၄ သိန်း၊ ဖလမ်းမြို့နယ်အတွင်းရှိ တောင်တန်းသာသနာပြု လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၄၀ ဒသမ ၁၀ သိန်း၊ ဇားလုံ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၁၀ ဒသမ ၅ သိန်း၊ နာဇရက် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ကိုးသိန်းနှင့် အဂ္ဂပွါယ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ကိုးသိန်း၊ တီးတိန်မြို့နယ် ဗေသေသဒ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ အတွက် ၃၃ ဒသမ ၂၅ သိန်း၊ ဖလမ်းခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၅ ကျောင်းအတွက် သိန်း ၉၀၊ ထန်တလန်မြို့နယ် ထန်တလန် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၂၉ ဒသမ ၁၅ သိန်း၊ နိုမန်ပန်းဥယျာဉ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၂၁ ဒသမ ၈၅ သိန်းနှင့် ဟရဇီးလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ကိုးသိန်း၊ ဟားခါးမြို့နယ်အတွင်းရှိ ကျုံးကျုံး လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ အတွက်၁ ဒသမ ၂၅ သိန်းနှင့် ဗေသလဘိုးဘွားရိပ်သာအတွက် ၁၄ ဒသမ ၆ သိန်း၊ ဟားခါးခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၁ ကျောင်းအတွက် ၆၆ သိန်း စုစုပေါင်း ကျပ်သိန်းပေါင်း ၆၈၁ ဒသမ၁၆ သိန်းကို ထောက်ပံ့ပေးခဲ့သည်။ ထို့နောက် ဂေဟာ အုပ်ချုပ်ရေးမှူး တစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ ယင်းနောက် မင်းတပ်မြို့ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းသို့ သွားရောက်ကာ သင်ထောက်ကူ ပစ္စည်းများ ထောက်ပံ့ ပေးအပ်သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးတို့၌ ဖွင့်လှစ်ထားသည့် လူမှုစောင့်ရှောက်ရေးနှင့် သဘာ၀ဘေး လျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ နည်းပြသင်တန်းတွင် တက်ရောက်နေသော လူငယ်မောင်/မယ် ၁၀၂ ဦးတို့ကို ရင်းရင်းနှီးနှီး တွေ့ဆုံသည်။ ဆက်လက်၍ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနရုံးသို့ သွားရောက်ကာ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ဇန်နဝါရီ ၁၀ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ပုဂံမူလတန်းကျောင်းကို ကြည့်ရှု၍ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးပြီး ခရိုင်ကယ်ဆယ်ရေးဂိုဒေါင်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ်အတွင်းရှိ ထီးပုကျေးရွာ၌ အသက် ၁၀၀ ရှိ အဘိုး ဦးညိုအားလည်းကောင်း၊ စပါးသင်းကျေးရွာ၌ အသက် ၁၀၀ ရှိ အဘွား ဒေါ်ကလီစာအားလည်းကောင်း၊ ကတောကျေးရွာနေ အသက် ၁၀၂ ရှိအဘွား ဒေါ်အပ်သေးအားလည်းကောင်း တွေ့ဆုံ၍ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုလွှာများနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ လစဉ် ချီးမြှင့်ထောက်ပံ့ငွေများမှ ၂၅ ရာခိုင်နှုန်း စုဆောင်းငွေမှ ထောက်ပံ့ငွေကျပ် နှစ်သိန်းစီကို နိုင်ငံတော်ကိုယ်စား ပြည်ထောင်စုဝန်ကြီးက ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။**

# မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သောကုမ္ပဏီ တံတားဦးစီမံကိန်းလုပ်ငန်းစတင်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်သို့ ရောက်ရှိပြီး မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီ တံတားဦးစီမံကိန်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလျက် ရှိနေပါကြောင်း၊ မန္တလေးမြို့၌ ယခုနှစ်တွင် ဟိုတယ် ၁၄၂ လုံးနှင့် အခန်းပေါင်း ၅၈၀၉ ခန်းအထိရှိပါကြောင်း၊ ဟိုတယ်များ ဖွံ့ဖြိုးလာမှုနှင့်အတူ ဤဒေသတွင် ယင်းကဲ့သို့ စီမံကိန်းမျိုး ပေါ်ထွန်းလာခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေးအတွက် အဆင့်မြင့်လမ်းများ၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာရုံသာမက ဒေသခံများ၏ ကျန်းမာရေးနှင့် ပညာရေးတို့အတွက် အဆင့်မြင့်ဆေးရုံများနှင့် စာသင်ကျောင်းများ၊ အဆင့်မြင့်လူနေအဆောက်အအုံများ၊ ပန်းခြံများ၊ ကစားကွင်းများ ပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း၊ ဤစီမံကိန်း တည်ဆောက်နိုင်ရန်အတွက် မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု အများပိုင်ကုမ္ပဏီလီမိတက်က ကျေးရွာနေ လူမှုအဖွဲ့အစည်းများဆန္ဒရှိသည့်အတိုင်း ထိုက်သင့်သည့် ထောက်ပံ့မှုများ ပေးအပ်ခဲ့သည့်အပြင် နေရာထိုင်ခင်းများလည်း ပြန်လည်စီစဉ်ပေးထားပါကြောင်း၊ နောင်တွင် ဤစီမံကိန်းတွင် မိမိတို့သာမက မိသားစုများပါ ပါဝင် လုပ်ကိုင်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့အတွက် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရာတွင် ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများအားလုံးက အတူတကွ ပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်း၊ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးရန်ဝင်းတို့က တံတားဦးစီမံကိန်းနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းစတင်ဆောင်ရွက်ရန် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခြင်း အခမ်းအနားသို့ တက်ရောက်ပြီး စီမံကိန်း မြေနေရာအတွင်း စက်ယန္တရားများနှင့် လုပ်ငန်း စတင် ဆောင်ရွက်နေမှုများကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြကြာငံ့၏အပြာရောင်ချစ်သူ. . .သို့ စာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးဆရာမ မြကြာငံ့၏ အပြာရောင်ချစ်သူ . . . သို့နှင့် အခြားဝတ္ထုတိုများစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယင်းစာအုပ်တွင် မိုးပျံပူဖောင်းကလေး၊ အနီးမှုန် ၂၃၊ အဖိုးထိုက်တန်ပစ္စုပ္ပန်၊ ဘဝရေတိမ်၊ အနုသယမျဉ်းပြိုင်၊အစက ကြိုသိခဲ့ရင်၊ ချောင်သေလာရွှေဝါ ကွေ့. . . မှာဖြင့်၊ လွမ်းရိပ်ကယ်ဆင် အတိတ်ရင်ခွင် ခိုဝင်မိပြန်တော့ . . .၊ ဆူးလှည်းဟုပင် ကမ္ဘည်းတင်စေ၊ အပြာရောင်ချစ်သူ. . . သို့စသည့် ဝတ္ထုတို ၁၂ ပုဒ် ပါရှိသည်။

စာအုပ်တွင် မစန္ဒာနှင့် ဂျူးတို့က အမှာစာများရေးသားပေးထားသည်။

ရှင်မတောင်စာပေက တန်ဖိုးငွေကျပ် ၅၀၀ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။




**(မြန်မာ့အလင်း)**

# ပရိဘောဂ ဈေးရောင်းပွဲတော်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပရိဘောဂဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

နောက်ဆုံးရနိုင်ငံတကာသတင်း

# ပါရီလူထုချီတက်ပွဲသို့ ကမ္ဘာ့ခေါင်းဆောင်များပါ စုရုံးရောက်ရှိ

ဘာသာပြန် - ခြူးမြတ်ကလျာ

**ပါရီ ဇန်နဝါရီ ၁၁**

လူ ၁၇ ဦး သေဆုံးခဲ့ရသော သုံးရက်ကြာ ထိတ်လန့်ဖွယ် တိုက်ခိုက်မှုကြီးအပြီးတွင် ဧရာမ လူထုကြီးနှင့် အစ္စလာမ်ဘာသာဝင် နိုင်ငံများအပါအဝင် နိုင်ငံတကာမှ ခေါင်းဆောင် ၄၀ ကျော်တို့သည် ပါရီမြို့ စုပေါင်းချီတက်ပွဲတွင် ပါဝင်တက်ရောက်ရန် စုဝေးခဲ့ကြသည်။ ပါရီမြို့လမ်းမများပေါ်တွင် ချီတက်ကြသူများမှာ တစ်သန်းကျော်မည်ဟု မျှော်လင့်ရသည်။

ချာလီဟတ်ဒို သရော်စာမဂ္ဂဇင်းတိုက်နှင့် ခိုရှာစူပါမားကတ်ကို တိုက်ခိုက်ခဲ့သော သေနတ်သမားများ၏ ကြံရာပါများကို ရဲများက ရှာဖွေလျက်ရှိသည်။

ထိုစဉ်အတွင်း စူပါမားကတ်တွင် တိုက်ခိုက်ခဲ့သူ အမီဒီကော်လီဘာလီသည် အိုင်အက်စ်စစ်သွေးကြွအုပ်စု၏ သစ္စာခံဖြစ်သည်ဟု ဖော်ပြထားသော ဗီဒီယိုမှတ်တမ်း တစ်ခု ထွက်လာသည်။

အဆိုပါဗီဒီယိုတွင် ချာလီဟတ်ဒို၌ တိုက်ခိုက်ခဲ့သော တိုက်ခိုက်ရေးသမားများနှင့် အမီဒီကော်လီဘာလီတို့ အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ တိုက်ခိုက်မှုရလဒ် ပိုမိုကောင်းမွန်စေရန် အုပ်စုနှစ်ခုခွဲ၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

သောကြာနေ့က ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သော ချီရစ်ဖ်ကွာချီသည် ပါရီမြို့တော် မဂ္ဂဇင်းတိုက်ရုံးခန်းများအတွင်း လူ ၁၁ ဦးကို ပစ်သတ်ခဲ့ပြီး အနီးဆုံးလမ်းမပေါ်ရှိ ရဲတစ်ဦးကိုလည်း ပစ်သတ်ခဲ့သည်။

ကော်လီဘာလီသည် ရဲများက ၎င်းကို ပစ်သတ်ခြင်းမခံရမီ ဟိုက်ပါကက်ချာ စူပါမားကတ်အတွင်းရှိ ဓားစာခံလေးဦးကိုသတ်ဖြတ်ခဲ့သည်။

ရဲတပ်ဖွဲ့ဝင် ၂၀၀၀ နှင့် စစ်သည် ၁၃၅၀ ခန့်တို့ကို ထိုစုဝေးချီတက်ပွဲအား ကာကွယ်ရန်တပ်ဖြန့်ထားသည်။

လူလိုင်းကြီးသည် လမ်းမများတစ်လျှောက် ဖြည်းဖြည်းမှန်မှန် လျှောက်လှမ်းခဲ့ကြရာ de la Republique နန်းတော်ဆီသို့ သွားရာ လမ်းတစ်လျှောက် ပိတ်ဆို့သွားခဲ့သည်။

နေရာတိုင်းတွင် "ကျွန်ုပ်သည် ချာလီဖြစ်သည်"ဟု ကြွေးကြော်ခဲ့ကြပြီး ထိုစာတန်းပါသော လက်ပတ်များနှင့်တီရှပ်များဝတ်ဆင်ခဲ့ကြသည်။

ပြင်သစ် ပြည်ထဲရေးဝန်ကြီးက ပြင်သစ်နိုင်ငံကို လာမည့် သီတင်းပတ်တွင် သတိပေးမှုအမြင့်ဆုံး ပြုလုပ်ထားကြောင်း သိရသည်။

အဆိုပါ ချီတက်ပွဲသို့ တက်ရောက်လာသည့် နိုင်ငံတကာခေါင်းဆောင်များသည် ရင်ပေါင်တန်း လက်ချင်းချိတ်၍ ချီတက်ခဲ့ကြရာ ရှေ့ဆုံးတန်းတွင် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း၊ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာ မာကယ်နှင့် အခြားဥရောပခေါင်းဆောင်များ၊ အရှေ့အလယ်ပိုင်းဒေသမှ ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်၊ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၊ ဂျော်ဒန်ဘုရင် အဗ္ဗ ဒူလာ စသူတို့ကိုလည်း တွေ့ရှိရသည်။

(ဘီဘီစီ)

ပါရီလူထုချီတက်ပွဲသို့ စုရုံးရောက်ရှိလာသော လူစုလူဝေးအား တွေ့ရစဉ်။

## အာဆင်နယ်အသင်း အိမ်ကွင်းမှာ ဂိုးပြတ်အနိုင်ယူ

တနင်္ဂနွေည ပရီမီယာလိဂ်ပွဲစဉ်(၂၁) အစောပွဲစဉ်ဖြစ်သည့် အာဆင်နယ်နှင့် စတုတ်စီးတီးတို့ ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်အာဆင်နယ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစပြီး ၆မိနစ်တွင် အာဆင်နယ်အတွက် အဖွင့်ဂိုးကို နောက်တန်းကစားသမား ကိုစီနီက ခေါင်းတိုက် သွင်းယူပေးခဲ့သည်။ အာဆင်နယ် နောက်တန်းကစားသမား ဒီဘူချီသည် ပွဲချိန် ၁၃ မိနစ်တွင် ပခုံးဒဏ်ရာရရှိခဲ့သဖြင့် ဘယ်လာရင် လူစားဝင်ခဲ့သည်။ ပွဲချိန် ၃၃ မိနစ်တွင် ရိုဆစ်စကီး၏ဖန်တီးမှုမှတစ်ဆင့် ဆန်ချက်ဇ်က အာဆင်နယ်အတွက် ဒုတိယဂိုးသွင်းယူပေးခဲ့သည်။ ပထမပိုင်းပြီးချိန်တွင် အာဆင်နယ်အသင်း နှစ်ဂိုးအသာဖြင့် ဦးဆောင်ထားသည်။

ဒုတိယပိုင်းပွဲစချိန် ၄၉ မိနစ်တွင် ဆန်ချက်ဇ်၏ ထပ်မံသွင်းဂိုးဖြင့် အာဆင်နယ်အသင်း သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲအနိုင်ရရှိသည့်အတွက် အာဆင်နယ်အသင်း ၃၆မှတ် ရရှိထားသည်။ ပွဲစဉ်(၂၂)တွင် အာဆင်နယ်တို့ မန်စီးတီးကို အဝေးကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သီဟ-ရေးသည်

## အီတလီစီးရီးအေ အင်တာက ဂျီနိုအာကို ဂိုးပြတ်နိုင်

အီတလီစီးရီးအေ ပွဲစဉ် (၁၈)ပြိုင်ပွဲများကို ဇန်နဝါရီ ၁၁ ရက်က ယှဉ်ပြိုင်ကစားရာ အင်တာက ဂျီနိုအာကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ကက်ဂလီယာရီက ဆီစီနာကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဖီအိုရင်တီးနားက ပါလာမိုကို လေးဂိုး-သုံးဂိုးဖြင့် လည်းကောင်း၊ ဗီရိုနာက ပါးမားကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသည်။ အတ္တလန္တာနှင့် ချီယေဗိုတို့က တစ်ဂိုးစီ သရေကျခဲ့သည်။ ရိုးမားနှင့် လာဇီယိုတို့ ရောမ ဒါဘီပွဲတွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

(အောက်ပုံ)

MGL EXPRESS COURIER

ပြည်တွင်း ပြည်ပ တရားဝင် အမြန်ချောပို့

Official International & Domestic Express Courier Service

OCS ANA GROUP

မြန်မာနိုင်ငံရှိမြို့ပေါင်း (၂၈) မြို့အထက်နှင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဝမ်းမြောက်ဂုဏ်ယူစွာ ချိတ်ဆက်ပေးလိုက်ပါသည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| Yangon | 01-9669588 | Bagan/Nyaung Oo | 09-256016363 | Magwe/Minbu | 09-421125588 | Sittwe | 09-49670134 |
| | 01-651627 | Pakokku | 09-33524429 | Taunggyi | 09-421135434 | Pathein | 09-421135432 |
| Mandalay | 09-421089944 | Pyay | 09-32116360 | Lashio | 09-420116165 | Mawlamyaing | 09-421089966 |
| Nay Pyi Taw | 09-421089933 | Taungngu | 09-421135433 | Nyaung Shwe | 09-428342000 | Pha-an | 09-421143324 |
| Pyinmana | 09-421089933 | Pyin Oo Lwin | 09-421143328 | Myitkyina | 09-450063580 | Myawaddy | 09-49777335 |
| Meikhtila | 09-256591145 | Sagaing | 09-91023263 | Moenyin | 09-421135440 | Dawei | 09-421143326 |
| Bago | 09-30417172 | Monywa | 09-421143325 | Loikaw | 09-5019302 | Myeik | 09-421143327 |

ရုံးချုပ် - အမှတ် ၄၆/၄၇၊ မြိုင်ဟေဝန်အိမ်ရာ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၉၆၆၉၅၈၈၊ ၀၁-၆၅၁၆၂၇၊ ၀၉-၄၂၁၀၄၃၃၃၀

ရုံးခွဲ - အမှတ် ၂၈၈၊ လမ်း ၄၀ (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၈၈၉၇၊ ၀၁-၂၄၆၆၆၇

http://www.ocs.co.jp/en/index_en.html
www.facebook.com/mglexpress
www.mglexpress.com

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကျောက်တံခါး၌ ဆောင်းရာသီ မတ်ပဲစိုက်ခင်းများဖြစ်ထွန်းအောင်မြင်

ကျောက်တံခါး ဇန်နဝါရီ ၁၁

**ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဆောင်းသီးနှံပဲမျိုးစုံနှင့်နှမ်းစပါးများကို တောင်သူများက အလေးထား စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ရင်းတိုက်ကုန်းကျေးရွာအုပ်စုချောင်တရာတောင်ကွင်း ကွင်းအမှတ် ၅၄(ခ)တွင် တောင်သူ ဦးလှမြင့် စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။**

ကျောက်တံခါးမြို့နယ်အတွင်း ဆောင်းသီးနှံမတ်ပဲ ၁၁၃၄၆ ဧက၊ ပဲတီစိမ်း ၁၆၈၁၇ ဧကနှင့် အခြားပဲမျိုးစုံများအပါအဝင် စုစုပေါင်း ၁၃၆၁၄၂ ဧကစိုက်ပျိုး၍ ဆီထွက်သီးနှံအနေဖြင့် ၅၇၆၅ဧက၊ နှမ်း ၂၁၄၈ ဧက၊ ပန်းနှမ်း ၂၄၃ ဧကစိုက်ပျိုးထားကြောင်းနှင့် ယခုအခါ နွေစပါးများကိုလည်း တုံကန်ချောင်း၊ ဇရပ်ခင်ရေတံခါးနှင့် အခြားချောင်းလက်တက်များမှ ရေများသွင်းယူ၍ နွေစပါးသက်တမ်းတို ထွက်မျိုးကောင်းသည့် ဗီယက်နမ်စပါးမျိုး၊ ပုလဲသွယ်စပါးမျိုးနှင့် ရတနာတိုးစပါးမျိုး၊ ဆင်းသုခစပါးမျိုးတို့ကို စိုက်ပျိုးလျက်ရှိကြပြီး ရဲနွယ်ဆည်ရေသောက်ဧရိယာနှင့် ကွမ်းချောင်းဆည် ရေသောက်ဧရိယာများတွင် ထပ်မံတိုးချဲ့စိုက်ပျိုးလုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျောက်တံခါးမြို့နယ်မှ တောင်သူတွေအနေဖြင့် မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံကို တစ်နှစ်သုံးသီးစား လုပ်ကိုင်ကြပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သက်တမ်းတိုမျိုးကောင်းတဲ့ ပဲမျိုး၊ စပါးမျိုးတွေ ရောင်းချပေးခဲ့ပြီး နည်းပညာပိုင်းကိုပါ ဖြည့်ဆည်းပေးတာကြောင့် ကျွန်တော်တို့ တောင်သူတွေအနေနဲ့ ပဲမျိုးစုံနဲ့ စပါးများ အထွက်ကောင်းရရှိခဲ့ပြီး စီးပွားရေး အဆင်ပြေမှုများရရှိလာပါတယ်" ဟု တောင်သူလုပ်ကိုင်သူ ဦးချိုကြီးက ပြောသည်။ **ခင်ကို(ကျောက်တံခါး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၁-၂၀၁၅

**ရွှေဈေးနှုန်း (အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၀၂၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၇၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၃၈-၁၀၄၀ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၉ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

# နယ်စပ်ကုန်သွယ်ရေး ပိုမိုအဆင်ပြေစေရန် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား တိုးမြှင့်ဖွင့်

**ကော့ကရိတ် ဇန်နဝါရီ ၁၁**

သောင်ရင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား (မြဝတီ)ကို အများပြည်သူသွားလာရေး၊ နယ်စပ်ကုန်သွယ်ရေး ပိုမိုအဆင်ပြေသွက်လက်စေရေးအတွက် နှစ်နိုင်ငံ နယ်ခြားကော်မတီတို့ ညှိနှိုင်း ဆောင်ရွက်ချက်အရ တစ်နေ့လျှင် သုံးနာရီ တိုးမြှင့်ဖွင့်လှစ်ရန် သဘောတူညီချက်ရခဲ့သည်။ ထို့ကြောင့် ယခင်က နံနက် ၆နာရီမှ ညနေ ၆နာရီအထိ သာဖွင့်လှစ်ခဲ့ရာမှ ဇန်နဝါရီ ၅ ရက်မှ စတင်၍ နံနက် ၅နာရီမှ ည ၈နာရီအထိ တိုးမြှင့်ဖွင့်လှစ်သွားလာ ခွင့်ပြုခဲ့သည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

# ပြင်ဦးလွင်အနီးစခန်း အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးဟောပြော

**ပြင်ဦးလွင် ဇန်နဝါရီ ၁၁**

၂၀၁၅ ခုနှစ် မတ်လတွင် ကျင်းပမည့်တက္ကသိုလ်ဝင်စာမေးပွဲ၌ ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် ပညာပေးဟောပြောပွဲကို ပြင်ဦးလွင်မြို့အနီးစခန်း အထက်တန်းကျောင်းရှိ အောင်ဆန်းခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မန္တလေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခကြီးများဖြစ်သော ဆရာဦးစိန်ဝင်းက သင်္ချာဘာသာရပ်၊ ဆရာကြီးဦးကျော်မင်းကရူပဗေဒ ဘာသာရပ်၊ ဆရာကြီး ဦးချစ်တင်က ဓာတုဗေဒဘာသာရပ်၊ ဆရာကြီးဦးစန်းနိုင်က မြန်မာဘာသာရပ်၊ ဆရာကြီးဦးမန်းတင့်မော်က ဇီဝဗေဒဘာသာရပ်၊ ဆရာဦးစောနိုင်က အင်္ဂလိပ်စာဘာသာရပ်တို့ကို နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဟောပြောပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲကို အနီးစခန်း စာကြည့်အသင်းကော်မတီဝင်များက ကူညီပံ့ပိုးမှုဖြင့်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၂၂၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရန် ဟောပြောပို့ချ

**တပ်ကုန်း ဇန်နဝါရီ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက် မြင့်မားရေးအတွက် ကျောက်ဆည်တက္ကသိုလ် တွဲဖက်ပါမောက္ခ ဒေါက်တာစိုင်းထွန်းအေးဦးစီး၍ ကျောက်ဆည်တက္ကသိုလ် ဘာသာရပ်အသီးသီးမှ ဆရာ ဆရာမ ၁၂ ဦးတို့သည် ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ လာရောက်ဟောပြောပို့ချခဲ့ကြောင်း သိရသည်။

ထိုသို့ လာရောက်ပို့ချရာတွင် အထက(၁)၊ အထက(၂)၊ အထက (ရွှေမြို့)၊ အထက (၉)၊ အထက(ညောင်လွန့်)၊ အထက (ကပစ-၁)၊ အထက(အိုင့်ကျယ်)၊ အထကခွဲ(ဒဟတ်ကုန်း)၊ အထကခွဲ (ရှားတော)၊ အထကခွဲ(တောင်ပို့သာ)၊ အထကခွဲ (မကျီးပင်)၊ အထက (ကိုယ်ပိုင်တော်ဝင်) စသည့် ကျောင်းများမှ ကျောင်းသား ကျောင်းသူများကို တပ်ကုန်းအမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာဗိမာန်ဆောင် နဝမတန်း(f)၊ နဝမတန်း(i)၊

တက္ကသိုလ်ဝင်တန်း(f)၊ ရောဝတီဆောင်နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ ပြည်သာနိုင် ဓမ္မာရုံ၊ သီရိရတနာပုံဆောင်များတွင် အလှည့်ကျ အခန်းပြောင်းစနစ်ဖြင့် သင်ကြားပို့ချခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လာရောက်ပို့ချသည့် ကျောက်ဆည်တက္ကသိုလ်မှ ဆရာ ဆရာမများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ အမှတ်(၁)၊ အမှတ်(၂) ကျောင်းအုပ်ဆရာမကြီးတို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်လွင်(တပ်ကုန်း)**

ကျိုက်ထီးရိုး (နေ့ချင်းပြန်)
AIR-CON-STAREX-HIACE, ANSERTONE
အနီးဆုံးနေရာ ကြို/ပို့
+ အသွား - ရန်ကုန် မှ နံနက်(၅)နာရီ
+ အပြန် - ကင်ပွန်းစခန်းမှ ညနေ(၅)နာရီ
09-73494339, 09-8630301

သွေးသည် အသက်

JUNE PHARMACEUTICAL LTD.
S.O.D (Super Oxide Dismutase Antioxidant)
Cole
New Hair Growth
Spirulina Shampoo
www.junepharmaceuticals.com
Ygn: + 95 9 730 12000, 730 13000, 730 14000 Mdy: + 95 2 24490, 39985, 39725, 36122

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-43029798, 09-43064181, 09-252424002
MDY 09-31406813, 09-91050973
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

ကျောင်းဖွင့်လှစ်ခြင်း နှစ်(၂၀)ပြည့်
ယနေ့မှစ၍ ဇန်နဝါရီလကုန်ထိ အပ်နှံသူများအတွက်
ကျောင်းသားသစ် (15% Discount နှင့်)
ကျောင်းသားဟောင်း (15% + ပုံမှန် Discount)
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)Y.W.C.A ဘိုကလေးဈေးလမ်း Ph: 202046,392048,256954
BASIC ENGLISH SPEAKING
7:30 - 9 (Mon - Thurs) 12 Jan
9 - 12:00 (Sat + Sun) 17 Jan
3 - 5:00 (Mon - Thurs) 19 Jan
BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon - Thurs) 5,26 Jan
7:30 - 9 (Mon - Thurs) 12 Jan
7:30-10:30 (Sat + Sun) 17 Jan
10-12:00 (Mon - Thurs) 19 Jan
1 - 4:00 (Sat + Sun) 25 Jan
9 - 12:00 (Sat + Sun) 1 Feb
BASIC GRAMMAR
7:30-10:30 (Sat + Sun) 11 Jan
10-11:30 (Mon - Thurs) 26 Jan
VOCAB ENRICHMENT
1 - 4:00 (Sat + Sun) 10 Jan
7:30 - 9 (Mon - Thurs) 26 Jan
BASIC WRITING
1 - 4:00 (Sat + Sun) 3 Jan
PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon - Thurs) 12 Jan
7:30 - 9 (Mon - Thurs) 19 Jan
1 - 4:00 (Sat + Sun) 25 Jan
3:30 - 5 (Mon - Thurs) 2 Feb
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon - Thurs) 19 Jan
3:30 - 5 (Mon - Thurs) 2 Feb
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဇုတိယထပ်၊ (လှည်းတန်းဈေးအနီး) Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ
BASIC ENGLISH SPEAKING
10-11:30 (Mon - Thurs) 19 Jan
7:30-10:30 (Sat + Sun) 24 Jan
1 - 2:30 (Mon - Thurs) 26 Jan
BASIC GRAMMAR
12 - 3:00 (Sat + Sun) 3 Jan
PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon - Thurs) 12 Jan
7:30-10:30 (Sat + Sun) 17 Jan
BASIC FOUR SKILLS ENGLISH
6 - 7:30 (Mon - Thurs) 12 Jan
4:30-7:30 (Sat + Sun) 17 Jan
1 - 2:30 (Mon - Thurs) 19 Jan
3:30 - 5 (Mon - Thurs) 19 Jan
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon - Thurs) 5 Jan
12 - 3:00 (Sat + Sun) 10 Jan
IELTS (Preparation)
1 - 3:30 (Mon - Thurs) 19 Jan
1 - 4:30 (Sat + Sun) 25 Jan
IELTS Exam Practice
3:30 - 5 (Mon - Thurs) 12 Jan
IELTS (Speaking)
1 - 2:30 (Mon - Thurs) 5 Jan
IELTS (Reading)
10 - 12:00 (Mon - Thurs) 5 Jan
IELTS (Writing)
9:30-12:30 (Sat + Sun) 31 Jan

## CLAIMS DAY NOTICE

## M.V ASIAN LEADER VOY:NO(61)

Consignees of cargo carried by M.V ASIAN LEADER VOY: NO(61) are here by notified that the vessel will arrive on about 14-1-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# မူဆယ်၌ တရားမဝင်သစ်များနှင့် သားရိုင်းတိရစ္ဆာန်ပစ္စည်းများ သိမ်းဆည်းရမိ

**မူဆယ် ဇန်နဝါရီ ၁၁**

မူဆယ်မြို့ စွမ်စော်ရပ်ကွက် (၆-၇)လမ်းကြား လမ်းသွယ်(၅)နေ ဦးဟုန်ကြိုင်မုန်၏ နေအိမ်ခြံဝင်း ဂိုဒေါင်အတွင်းမှ တရားမဝင်သစ်များနှင့် သစ်တောထွက်သားရိုင်းတိရစ္ဆာန်ပစ္စည်းများ ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိကြောင်း မူဆယ်မြို့ မြို့မရဲစခန်း တာဝန်ရှိသူထံမှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီခန့်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း၊ မြို့မရဲစခန်းမှူး(မူဆယ်)စခန်းမှူး မြစိန် ဦးစီးအဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် သိန်းထွန်းမြင့် ဦးစီးအဖွဲ့၊ ပြည်နယ် လုံခြုံရေးတပ်ခွဲမှ ရဲအုပ် သန်းဇော်ဝင်းဦးစီးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနော်ထွယ် ဦးစီးအဖွဲ့၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဟန်မင်းနောင် ဦးစီးအဖွဲ့၊ မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ ရဲအုပ်စိုးအောင် ဦးစီးအဖွဲ့သည် ဦးဟုန်ကြိုင်မုန် (၅၃ နှစ်) အရောင်းအဝယ် လုပ်ကိုင်နေသူ၏ နေအိမ်ခြံဝင်းအတွင်းသို့ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ကြသည်။

ဖြစ်မှုကျူးလွန်သူ ဦးဟုန်ကြိုင်မုန်

၎င်းနေအိမ်ခြံဝင်းအတွင်းရှိ ဂိုဒေါင်အတွင်းမှ တမလန်းသစ်ဆိုက်စုံ ရှစ်တုံး၊ ၁ ဒသမ ၂၆၅၄ တန်ခန့် ပိတောက်သစ်ခွဲခြမ်း လေးခြမ်း ဝ ဒသမ ၅၁၂၆ တန်ခန့်၊ ဆင်စွယ်ဆိုက်စုံ ငါးချောင်း၊ ၂၇ ဒသမ ၅ ကီလိုဂရမ်ခန့် ကြံ့ချိုဟုယူဆရသော ဦးချိုတစ်ချောင်းနှင့် အပိုင်းအစ ငါးခု ဝ ဒသမ ၃ ကီလိုဂရမ်ခန့်၊ ကျားသားရေဟုယူဆရသော ၅ပေ× ၃ ဒသမ ၅လက်မခန့် တစ်ချပ်၊ ကျားသစ်သားရေဟုယူဆရသော ၇ ပေ× ၂ပေခန့် နှစ်ချပ်၊ ၅ ဒသမ ၅ပေ× ၁ ဒသမ ၈ ပေ ခန့် တစ်ချပ် စုစုပေါင်း လေးချပ်၊ သင်းခွေချပ်အကြေးခွံဟုယူဆရသော အကြေးခွံ ၈ဒသမ ၅ ကီလိုဂရမ်ခန့်၊ တိရစ္ဆာန်သည်းခြေ အခြောက်မျိုးစုံဟု ယူဆရသော ပစ္စည်း သုံးကီလိုဂရမ်ခန့်၊ ဆိတ်ချိုဟု ယူဆရသော ဦးချိုနှစ်ချောင်း ဝ ဒသမ ၄ ကီလိုဂရမ်ခန့်၊ တောင်ဆိတ်ချိုဟု ယူဆရသော အရှည် ၁၅ လက်မခန့်ရှိ ဦးချိုတစ်ချောင်း၊ တိရစ္ဆာန်အစွယ်စုံ ၂၆ခု ဝ ဒသမ ၇ ကီလိုဂရမ်ခန့်၊ တိရစ္ဆာန်အရိုးခြောက်မျိုးစုံ ၁၁၂ ကီလိုဂရမ်ခန့်တို့ကို တွေ့ရှိရာ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူဆယ်မြို့မရဲစခန်းက တရားမဝင်သစ်များနှင့် သစ်တောထွက်သားရိုင်းတိရစ္ဆာန်ပစ္စည်းများ လက်ဝယ်ထားရှိသူ ဦးဟုန်ကြိုင်မုန်အား ပြစ်မှုပုဒ်မအရ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# စာပေရေချမ်းစင်များ၌ စာအုပ်သစ်များဖြည့်ဆည်း

**ပုဏ္ဏားကျွန်း ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ စာပေရေချမ်းစင်များ၌ စာအုပ်သစ်များကို လစဉ်ဖြည့်ဆည်းပေးလျက်ရှိရာ ဇန်နဝါရီ ၉ ရက်က အတွဲ(၂)အမှတ်(၁၁) စာအုပ်များကို လိုက်လံဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ဗဟုသုတရှိစေမည့် စာအုပ်များအပြင် ကဏ္ဍစုံရသစုံ စာစဉ်(၁၃) မျိုးကို ပြန်/ဆက်ဝန်ထမ်းများကဖြည့်ဆည်းပေးလျက်ရှိရာ ရပ်ဟန်းရှင်လူ ပြည်သူများအနေဖြင့် စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာလျက်ရှိကြောင်း သိရသည်။

**လှဘော်သူ**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် မိုးပွင့်အဆင့် (၇)စီမံချက်ဖြင့် ဇန်နဝါရီ ၆ ရက်က မှို့ကုန်းသာကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲတွင် လဝကဦးစီးအရာရှိ ဦးရှာမွေလက ဒေသခံတစ်ဦးအား မှတ်ပုံတင်ကတ်ပြားပေးအပ်စဉ်။

ကိုကျော်(သုံးခွ)

# နာရေးကူညီမှုအသင်းသို့ငွေလှူ

**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်မြောက်ရပ်ကွက် အကွက် (၈၄၀) ၇၈ လမ်း မိုးတားကျောင်းတိုက် လမ်းသွယ်၌တည်ရှိသော သီတာ ချမ်းမြနာရေးကူညီမှုအသင်းသို့ နာရေးကိစ္စများတွင် အသုံးပြုနိုင်ရန် အအေးခေါင်းလှူဒါန်းခြင်းအတွက် ရေစက်ချအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက အဆိုပါအသင်းရုံး၌ကျင်းပရာ အလှူရှင် ချမ်းမြသာစည်မြောက်ရပ်ကွက် အကွက်အမှတ် ၆၃၃ နေ ဦးမျိုးသိန်း-ဒေါ်မြင့်မြင့် သန်းမိသားစုတို့က ငွေကျပ် ၁၃ သိန်းတန်ဖိုးရှိ အအေးခေါင်းတစ်လုံးကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**


# နိုဘယ် - မြန်မာစာပေပွဲတော်

အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့။ ၁၇၊ ၁၈၊ ၁၉၊ ဇန်နဝါရီလ၊ ၂၀၁၅။ နံနက် ၉း၀၀ နာရီမှ ည ၁၁း၀၀ နာရီ

2015 NOBEL-MYANMAR LITERARY FESTIVAL [Literature for Peace]

ပြည်တွင်း ပြည်ပ စာပေ ပညာရှင်များ၏ စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ဝိုင်းဖွဲ့ဆွေးနွေးပွဲ၊ ရေးသူ - ဖတ်သူ တွေ့ဆုံပွဲ၊ ဝတ္ထုဖတ်ပွဲ၊ ကဗျာရွတ်ပွဲများ၊ နိုဘယ်ဆုရ စာရေးဆရာများ၏ ဓာတ်ပုံနှင့် မူရင်းစာအုပ်ပြပွဲ၊ နိုဘယ်ဆုရ စာအုပ်စာပေ မြန်မာပြန် လက်ရာ အုပ်တွဲ (၅၀)ကျော် မိတ်ဆက်ဖြန့်ချိပွဲ၊ ငြိမ်းချမ်းရေး ဓာတ်ပုံနှင့် ပိုစတာပြပွဲ၊ ကာတွန်းပြပွဲ၊ စာအုပ်ဆိုင် ၁၀၀ ပါဝင်သည့် စာအုပ်ဈေးပွဲတော် စသည်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါသည်။ ညပိုင်းဖျော်ဖြေရေး အစီအစဉ်အနေဖြင့် စတီရီယို တေးသံရှင်များ၏ ငြိမ်းချမ်းရေး တေးသီချင်း သီဆိုခြင်း၊ နန်းဝင်း၏ 'သာဓုခေါ်သည်' အော်ပရာ၊ မန္တလေး သိန်းဇော်၏ နတ်သျှင်နောင် တေးသရုပ်ဖော်၊ အကယ်ဒမီ ငြိမ်းမင်း စီစဉ်တင်ဆက်သည့် ဆရာမောင်ထင်၏ 'အာဇာနည် မိခင်' ပြဇာတ်၊

စာရေးဆရာ-ဆရာမများ၊ ပန်းချီ၊ ကာတွန်း၊ ကဗျာ ဆရာ-ဆရာမများ ပါဝင်ပြီး ဆရာ ချစ်ဦးညို စီစဉ်တင်ဆက်သည့် ဆရာ ဇော်ဂျီ၏ 'မဟာဆန်ချင်သူ' ပြဇာတ်၊

'မြန်မာပြည်စတား'အငြိမ့်၊ 'ဟားငါးကောင်'အငြိမ့်၊ 'သီးလေးသီး'အငြိမ့် တို့ဖြင့် အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့တွင် ၂၀၁၅၊ ဇန်နဝါရီ ၁၇၊ ၁၈၊ ၁၉ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါ၍ စိတ်ပါဝင်စားသူတိုင်း ကြွရောက် အားပေးနိုင်ပါသည်။

**နိုဘယ်-မြန်မာ စာပေပွဲတော် ကျင်းပရေးကော်မတီ**

ညပိုင်းဖျော်ဖြေရေး အစီအစဉ် လက်မှတ်များကို စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

နိုင်ငံတကာအားကစားနှင့်ကျော်ကြား

## လာလီဂါ၊ အာရှဖလားနှင့် ဂိုးရလဒ်များ

သီဟ

**စပိန်လာလီဂါ ပွဲစဉ်(၁၈)** **ဇန်နဝါရီ ၁၃**

| | | | |
|---|---|---|---|
| ဗယ်လက်ကာနို | - | ကော်ဒိုဘာ | နံနက် ၂း၁၅ |

**အာရှဖလား အုပ်စု(ဃ)** **ဇန်နဝါရီ ၁၂**

| | | | |
|---|---|---|---|
| ဂျပန် | - | ပါလက်စတိုင်း | နေ့လည် ၁း၃၀ |
| ဂျော်ဒန် | - | အီရတ် | ညနေ ၃း၃၀ |

**ဇန်နဝါရီ ၁၀/၁၁ ဂိုးရလဒ်များ**

| | | |
|---|---|---|
| တောင်ကိုရီးယား | ၁-၀ | အိုမန် |
| ဥဇဘက်ကစ္စတန် | ၁-၀ | မြောက်ကိုရီးယား |
| ဆော်ဒီအာရေဗျ | ၀-၁ | တရုတ် |
| ဆွမ်ဆီး | ၁-၁ | ဝက်စ်ဟမ်း |
| ဝက်စ်ဘရွန်း | ၁-၀ | ဟားလ်စီးတီး |
| ပဲလေ့စ် | ၂-၁ | စပါး |
| ဘတ်စ်တီယာ | ၄-၂ | ပီအက်စ်ဂျီ |
| အီဗီယန် | ၁-၁ | ရန်းနက်စ် |
| ဂူအင်ဂမ့် | ၂-၀ | လန်းစ် |
| လိုင်လီ | ၁-၀ | ကိန်း |
| နိုက်စ် | ၃-၁ | လော်ရီယန့် |
| ရိမ်းစ် | ၁-၂ | စိန့်အက်တီယန် |
| ဆက်ဆူအိုလို | ၁-၁ | အူဒီးနိစ် |
| တိုရီနို | ၁-၁ | အေစီမီလန် |
| မာလာဂါ | ၁-၁ | ဗီလာရီးရဲလ် |
| ဆယ်လ်တာဗီဂို | ၁-၁ | ဗလင်စီယာ |
| အီဘာ | ၂-၁ | ဂီတာဖေး |
| အစ်ဆွစ်ချ် | ၀-၁ | ဒါဘီ |
| ချာလ်တန် | ၀-၁ | ဘရိုက်တန် |
| ရီးဒင်း | ၀-၀ | မစ်ဒယ်ဘရော့ |
| ဘော်လ်တန် | ၁-၁ | လိဒ်ယူနိုက်တက် |
| နော်တင်ဟမ် | ၀-၂ | ရှက်ဖီးဝမ်းနက်စ်ဒေး |
| ဘုန်းမောက် | ၁-၂ | နော့ဝှစ်ချ် |
| ဘရန့်ဖို့ဒ် | ၁-၀ | မီဝေါလ် |
| ဟက်ဒါဖီးလ် | ၃-၁ | ဝက်ဖို့ဒ် |
| ကာဒစ်ဖ် | ၁-၀ | ဖူလ်ဟမ် |
| ဘာမင်ဂမ် | ၃-၁ | ဝီဂန် |

# အက်ဖ်အေဖလား တတိယအဆင့် ပြန်ကန်ပွဲစဉ်တွေလာပြီ

**မိုးမြင့်လင်းလက်**

လာမယ့် ဇန်နဝါရီ ၁၄ ရက်မှာတော့ အက်ဖ်အေဖလား တတိယအဆင့် ပြန်ကန်ပွဲစဉ်တွေက စောင့်ကြိုနေပါတယ်။ ပြီးခဲ့တဲ့ ပွဲစဉ်မှာပြတ်သားတဲ့ရလဒ်တွေ မဖော်ဆောင်နိုင်ခဲ့ကြတာမို့ အခုပွဲစဉ်မှာတော့ ပြင်းထန်တဲ့ပြိုင်ဆိုင်မှုတွေနဲ့အတူ ပရိသတ်တွေ ရင်တမမကြည့်ရှုအားပေးရမယ့်ပွဲတွေအဖြစ် မြင်တွေ့ရတော့မှာ ဖြစ်ပါတယ်။ အရေးကြီးတဲ့ပွဲစဉ်ဖြစ်လို့ ဘယ်အသင်းမှ အမှားခံမှာမဟုတ်တာ သေချာနေပါတယ်။

**စပါးနှင့် ဘန်လေ**

ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ တစ်ဂိုးစီသရေပွဲဖြစ်ထားတဲ့အတွက် အခုစပါးကွင်းမှာတော့ အပြိုင်အဆိုင်ခြေကုန်ထုတ်ပါတော့မယ်။ စပါးနဲ့ဘန်လေတို့က နှစ်သင်းစလုံးခြေစွမ်းတူနေပြီး အနိုင်ရလိုစိတ်လည်း ပြင်းထန်နေတာမို့ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ ဒါပေမယ့် အိမ်ကွင်းအားသာချက်ရှိတဲ့ စပါးကိုနှစ်သက်မိပါတယ်။

**ဝုဖ်နှင့် ဖူလ်ဟမ်**

ပြီးခဲ့တဲ့ပွဲစဉ်မှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့တဲ့အတွက် ဒီပွဲမှာ ဘယ်သူတွေ သူရဲကောင်းဆိုတာဆုံးဖြတ်တော့မှာပါ။ အိမ်ကွင်းမှာဆိုရင် ဝုဖ်တို့က အတွန့်အဆုတ်မရှိကစားတတ်ကာ ဖူလ်ဟမ်တို့ထင်တိုင်းပေါက်ဖို့ မလွယ်ပါဘူး၊ ဝုဖ်အဖွဲ့သားတွေ ဒီအဆင့်ကိုကျော်ဖြတ်သွားနိုင်ပါတယ်။

**ဘရက်ဖို့ဒ်နှင့် မီဝေါလ်**

ဂိုးတွေအပြန်အလှန်သွင်းပြီး သရေပွဲဖြစ်ခဲ့တဲ့ ဒီနှစ်သင်းအတွက် ဒီပွဲစဉ်ဟာ တွန်းတွန်းတိုက်တိုက် ကစားမှုတွေရှိလာဦးမှာပါ။ ဒါပေမယ့် ဘရက်ဖို့ဒ်တို့က ပွဲချိန်ပြည့်အထိ ကစားအား မချတတ်တာကြောင့် အိမ်ကွင်းအားသာချက်နဲ့အတူ ဘရက်ဖို့ဒ်တို့ ကျော်လွှားနိုင်ပါလိမ့်မယ်။

**အစ်ဆွစ်ချ်နှင့် ဆောက်သမ်တန်**

ဆောက်သမ်တန်ကွင်းမှာ အစ်ဆွစ်ချ်တို့ ခြေစွမ်းပြခဲ့ပေမယ့် ဒီပွဲကိုအိမ်ရှင်တို့ လျှော့တွက်လို့မရပါဘူး၊ ဆောက်သမ်တန်ဟာ ပုံစံကောင်းရရှိနေပြီး ပုံမှန်ခြေစွမ်းလည်း ပြန်ရနေပါတယ်။ ဆောက်သမ်တန်တို့ပဲ ဒီပွဲရဲ့ရလဒ်ကို ဆုံးဖြတ်ပါလိမ့်မယ်။

**ဝက်စ်ဟမ်းနှင့် အဲဗာတန်**

ပြီးခဲ့တဲ့ပွဲစဉ်မှာ တစ်ဂိုးစီသရေဖြစ်ခဲ့လို့ ဝက်စ်ဟမ်းတို့ ဒီပွဲမှာမာန်တက်လို့တော့ မရနိုင်ပါဘူး၊ အဲဗာတန်ရဲ့ခြေစွမ်းကတော့ သိသိသာသာတိုးတက်မှုမရှိပေမယ့် ဒီပွဲမှာ အကောင်းဆုံးအစုအဖွဲ့နဲ့ ချီတက်လာမှာပါ။ ဒါပေမယ့် ယုံကြည်မှုပိုရှိတာက ဝက်စ်ဟမ်းပါပဲ။

**ချက်စတာဖီးလ်နှင့် စကန်သော့**

နှစ်ဂိုးစီသရေပွဲဖြစ်လို့ အခုပြန်ကန်ပွဲအဖြစ် ဆက်နွှဲရတာဖြစ်ပါတယ်။ အင်္ဂလန်ပထမတန်းကလပ်အသင်းတွေ ခြေကုန်ထုတ်ကြမှာဖြစ်ပေမယ့် အသာစီးရသွားနိုင်တာက ချက်စတာဖီးလ်တို့ ဖြစ်ပါလိမ့်မယ်။

**ဘရစ္စတိုးနှင့် ဒွန်ကက်စတာ**

ခြေရည်တူနှစ်သင်းဖြစ်ပြီး အားထုတ်မှုအပိုင်းလည်း တူညီနေတာမို့ ပွဲကောင်းတစ်ပွဲဖြစ်ပါလိမ့်မယ်။ အဝင်အထွက်ရဲရဲနဲ့ ကစားတတ်တဲ့ ဘရစ္စတိုးတိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်မှုက ပိုပြီးနှစ်သက်စရာကောင်းတာတော့ အမှန်ပါပဲ။

# ရီးရဲမက်ဒရစ် အိမ်ကွင်းနိုင်ပွဲပြန်စ

စပိန်လာလီဂါပွဲစဉ် ၁၈ ပြိုင်ပွဲများကို ဇန်နဝါရီ ၁၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ ရီးရဲမက်ဒရစ်က အက်စ်ပန်ညိုကို မိနစ် ၄၀ နီးပါးကြာ ၁၀ ဦးတည်းနှင့် ကစားခဲ့ရသော်လည်း သုံးဂိုးပြတ်ဖြင့်နိုင်ကာ အိမ်ကွင်းနိုင်ပွဲပြန်လည်စတင်နိုင်ခဲ့သည်။ ဗလင်စီယာနှင့် အက်သလက်တီကိုတို့ကို ရှုံးနိမ့်ခဲ့သည့် ရီးရဲမက်ဒရစ်အတွက် ပေါင် ၇၁သန်းပေးခေါ်ယူခဲ့သော ရိုဒရီဂွတ်ဇ်က ပွဲစပြီး ၁၂ မိနစ်အကြာ ၁၅ ကိုက်အကွာမှ ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂါရက်ဘေးလ်ကလည်း ကိုက် ၂၀ အကွာမှ အလွတ်တည်ကန်ဘောကန်သွင်းရာ ဒုတိယအနိုင်ဂိုးရခဲ့သည်။ ရီးရဲမက်ဒရစ် ဝဲနောက်တန်းလူ ကွန်ထရာအိုကြမ်းတမ်းစွာကစားခဲ့၍ အနီကတ်ဖြင့် ထွက်ခဲ့ရသည်။ သို့ရာတွင် နာချိုက တတိယအနိုင်ဂိုးသွင်းယူခဲ့သည်။

# ချယ်လ်ဆီးနှစ်မှတ်အသာဖြင့် ပြန်လည်ဦးဆောင်

ပရီမီယာလိဂ်ပွဲစဉ် (၂၁) ပြိုင်ပွဲများကို ဇန်နဝါရီ ၁၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြသည်။ မန်စီးတီးက အဲဗာတန်ကို တစ်ဖက်တစ်ဂိုးစီသရေကျပြီး ချယ်လ်ဆီးနှင့်အပြိုင် ဦးဆောင်မှုနေရာ ဆုံးရှုံးသွားခဲ့သည်။ ပြိုင်ဘက်ချယ်လ်ဆီးက အော်စကာနှင့်ကော်စတာတို့၏ ဂိုးများဖြင့် နယူးကာဆယ်ကိုနိုင်ကာ ဇယားထိပ်တွင် နှစ်မှတ်အသာဖြင့် ပြန်လည်ဦးဆောင်လာသည်။ ချယ်လ်ဆီး၏ ယင်းနိုင်ပွဲသည် ၁၀ ပွဲဆက်တိုက် အိမ်ကွင်းအနိုင်ရမှုဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် အိမ်ကွင်းအနိုင်ရမှု ၁၀၀ ရာခိုင်နှုန်း ဆက်လက်ထိန်းထားဆဲဖြစ်သည်။ ဘန်လေက ကျူပီအာကို အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး လက်စတာကလည်း ဗီလာကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

UAB
UNITED AMARA BANK

ယူနိုက်တက်အမရဘဏ် မှ

လူကြီးမင်းတို့၏ ဘဏ်လုပ်ငန်းဆိုင်ရာ ငွေကြေးဝန်ဆောင်မှုများ ပိုမိုအဆင်ပြေချောမွေ့စေရန်

ဘဏ်အတိုးနှုန်းအသစ်များနှင့်အတူ

(၃၅)ဘဏ်မြောက်ဖြစ်သော မြောက်ဥက္ကလာပ (ဝေပုလ္လဘဏ်ခွဲ) ကို

တိုက်(၁)၊ အခန်း(၀၁)၊ ဝေပုလ္လအိမ်ရာ၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာအပိုင်းအနီး၊ ရန်ကုန်တိုင်းဒေသကြီး၌

(၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက်)နေ့တွင် ထပ်မံဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်းနှင့်

နေ့စဉ်အတိုးနှုန်း တွက်ချက်ပေးသော Call Deposit Account အား ၈.၃၅ ရာခိုင်နှုန်း(p.a) ထိ

ဝန်ဆောင်မှုပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

" ယုံနဲ့စိတ်ချ၊ အားထားယုံကြည် UAB "

Email - prd@unitedamarabank.com
www.unitedamarabank.com
www.facebook.com/UnitedAmaraBank
www.linkedin.com/company/united-amara-bank-limited

မြောက်ဥက္ကလာပ (ဝေပုလ္လဘဏ်ခွဲ) တည်နေရာ -
တိုက်(၁)၊ အခန်း(၀၁)၊ ဝေပုလ္လအိမ်ရာ၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာ အပိုင်းအနီး၊ ရန်ကုန်မြို့။
ဖုန်းနံပါတ်၊ ၆၉၁၇၄၃၊ ၆၉၂၃၅၅၊ ၆၉၂၃၄၈၊ ၆၉၁၅၆၃
UAB Call Center - 01 8603305

# ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး ကလေးအားလုံးကို ထိုးနှံပေး

သတင်းဆောင်းပါး
ခင်ရတနာ

ဗိုင်းရပ်ရောဂါပိုးကြောင့်ဖြစ်ပွားပြီး အသက်သေဆုံးနိုင်သည်အထိ အန္တရာယ်ကြီးမားသော ဝက်သက်နှင့် ဂျိုက်သိုးရောဂါများကို ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် တားဆီးနိုင်ပါသည်။ မြန်မာနိုင်ငံ၌လည်း နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက် ထိုးနှံခြင်းကို ဇန်နဝါရီ ၁၉ ရက်တွင် စတင်ဆောင်ရွက်ပေတော့မည်။

## ဝက်သက်ရောဂါ

ဝက်သက်ဗိုင်းရပ်ကြောင့် ဖြစ်ပွားပြီး အလွန်ကူးစက်မြန်သည်။ အပြင်းဖျားခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ မျက်စိနီလျက် မျက်ဝတ်ထွက်ခြင်း၊ ခန္ဓာကိုယ်အနှံ့ အနီပိမ့်များထွက်ခြင်းတို့အပြင် နောက်ဆက်တွဲအဖြစ် မျက်စိကွယ်ခြင်း၊ ဦးနှောက်ရောင်ရမ်းခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ နားပြည်ယိုခြင်းနှင့် အဆုတ်ရောင် (နမိုးနီးယား)ရောဂါများ ဖြစ်ပွားတတ်သည်။

ကာကွယ်ဆေးထိုးပြီးသူများပင် ခုခံအားမဖြစ်ပေါ်ပါက ထပ်မံကူးစက်နိုင်သည်။ ရောဂါပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် မထိုးနှံဖြစ်သည့်ကလေးငယ်များ စုပုံလာတတ်သဖြင့် ကပ်ရောဂါအသွင် ဖြစ်ပွားတတ်သည်။

မြန်မာနိုင်ငံ၌ ၂၀၁၁ ခုနှစ်တွင် ကပ်အသွင်ဖြစ်ပွားခြင်း ၃၄ ကြိမ်ရှိပြီး ၂၀၁၂ ခုနှစ်တွင် တစ်နိုင်ငံလုံးကာကွယ်ဆေးထိုးနှံပေးခြင်းကြောင့် ရောဂါကူးစက်မှု ထိန်းချုပ်နိုင်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် အသက် ၁၈ နှစ်မှ ၂၀ နှစ်အကြား ကပ်အသွင်ထပ်မံဖြစ်ပွားမှု ၁၅ ကြိမ်ရှိခဲ့ပြီး နယ်စပ်ဒေသနှင့် ကာကွယ်ဆေးထိုးနှံမှုအားနည်းခဲ့သောနေရာများတွင် သေဆုံးမှုများရှိခဲ့သည်။ WHO ၏ ၂၀၂၀ ခုနှစ် ဝက်သက်ရောဂါကင်းစင်ရေးစီမံချက်အောင်မြင်စေရန် ကျန်းမာရေးဝန်ကြီးဌာနမှ စောင့်ကြပ်ကြည့်ရှုခြင်းကို ၂၀၀၁ ခုနှစ်တွင် စတင်ခဲ့ပြီး အသက် ၁၀ နှစ်အထက် လူနာအချိုးမှာ ၂၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ တွေ့ရှိရသည်။

ယခုအချိန်တွင် ဝက်သက်ရောဂါကြောင့် သေဆုံးမှုကို ထိန်းချုပ်နိုင်ခဲ့ပြီး ပုံမှန်ကာကွယ်ဆေးထိုးခြင်းများကို အသက်အုပ်စုအလိုက် ဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

## ဂျိုက်သိုးရောဂါ

ဂျိုက်သိုးဗိုင်းရပ်ကြောင့်ဖြစ်ပွားပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်သည်။ ချောင်းဆိုးခြင်း၊ အနီပိမ့်ထွက်ခြင်း၊ သာမန်ဖျားခြင်း၊ မျက်လုံးနီခြင်းများ ဖြစ်ပေါ်ပြီး ကာကွယ်ဆေးမထိုးနှံသူတိုင်း ကူးစက်နိုင်သည်။ အမျိုးသမီးများကိုယ်ဝန်ဆောင်စဉ် ကူးစက်ခံရပါက ကိုယ်ဝန်ပျက်ခြင်း၊ ကလေးသေဆုံးခြင်းနှင့် သန္ဓေသားမွေးရာပါ ဂျိုက်သိုးလက္ခဏာများ ဖြစ်ပွားတတ်သည်။

ယင်းကလေးများသည် နားမကြားခြင်း၊ ဆွံ့အခြင်း၊ မျက်စိမမြင်ခြင်း၊ ဦးခေါင်းသေးခြင်း၊ ဉာဏ်ရည်မမီခြင်း၊ ဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ဦးနှောက်အမြှေးရောင်ခြင်း၊ မွေးရာပါ နှလုံး၊ အသည်းနှင့် ဘေလုံးရောဂါများဖြစ်တတ်ကြောင်း သိရသည်။

လေ့လာတွေ့ရှိချက်များအရ အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ် ရောဂါပိုးဝင်ရောက်ပါက ယခင်က ဝ ဒသမ ၂ ရာခိုင်နှုန်းအထိ ဖြစ်ပွားပြီး ကပ်အသွင်ဖြစ်ပွားချိန်တွင် ဝ ဒသမ ၈ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိ ဖြစ်ပွားတတ်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ ဆေးရုံကြီး ၁၁ ရုံတွင် စောင့်ကြည့်လေ့လာချက်အရ ခာတ်ခွဲအတည်ပြုပြီး မွေးရာပါဂျိုက်သိုးနောက်ဆက်တွဲဖြစ်ပွားသူများမှာ ကလေး ၁၀၀၀ လျှင် ဝ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မြို့တစ်မြို့၌ ကျောင်းသူများကို သွေးရည်ကြည်စစ်ဆေးကြည့်ရာ အသက် ၁၁ နှစ်မှ ၁၂ နှစ်အကြား၌ ပဋိပစ္စည်း IgG ကို ၈၄ ရာခိုင်နှုန်းခန့်တွင် တွေ့ရှိသည်။ ကာကွယ်ဆေးပေါ်ပေါက်ပြီးချိန်၌ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံထားခြင်းသည် ကလေး ၉၅ ရာခိုင်နှုန်းကို တစ်သက်တာကာကွယ်မှုရရှိစေနိုင်သည်။

ကမ္ဘာပေါ်တွင် ၂၀၁၂ ခုနှစ်၌ နိုင်ငံပေါင်း ၁၃၄ နိုင်ငံတွင် ကာကွယ်ဆေးအစီအစဉ်အောင်မြင်ခဲ့ပြီး ၂၀၀၀ ခုနှစ်က ကမ္ဘာ့လူဦးရေ၏ ၃၁ ရာခိုင်နှုန်းသာ ကာကွယ်ဆေး လွှမ်းခြုံနိုင်ရာမှ ၂၀၁၃ ခုနှစ်တွင် ၅၉ ရာခိုင်နှုန်းခန့် ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ကြောင်း WHO က သတင်းထုတ်ပြန်ထားသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံပေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၉ ရက်မှ စတင်ကာ ၂၇ ရက်အထိ အသက် ၅ နှစ်မှ ၁၅ နှစ်အထိ ကလေးများကို ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်ကာလအတွင်း အသက် ၉ လမှ ၅ နှစ်အထိ ကလေးများနှင့် ပထမအကြိမ် ဆေးထိုးရန်ကျန်သော ကလေးများကို ထိုးနှံပေးသွားရန် စီစဉ်ထားသည်။

ပထမအစီအစဉ်အဖြစ် ကျောင်းနေကလေးများကိုလည်းကောင်း၊ ဒုတိယအစီအစဉ်အဖြစ် လူထုအတွင်း ကျောင်းမနေမီကလေးငယ်များနှင့် ကျောင်းမနေသော လူငယ်များကိုလည်းကောင်း ကျန်းမာရေးဌာနများ၊ ရပ်ကွက်နှင့် ကျေးရွာများရှိစုရပ်များတွင် ထိုးနှံပေးသွားမည်ဖြစ်ရာ ယခင်က ဝက်သက် သို့မဟုတ် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးဖူးသည်ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ၊ ပေါက်ဖူးသည်ဖြစ်စေ၊ မပေါက်ဖူးသည်ဖြစ်စေ အသက် ၉ လ မှ ၁၅ နှစ်အောက် ကလေးများအားလုံး ကာကွယ်ဆေးထိုးကြရန် လိုအပ်ပါသည်။

နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ဗဟိုဦးစည်းကော်မတီကလည်း နိုင်ငံတစ်ဝန်းလုံးအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မူဝါဒချမှတ်ခြင်းနှင့် နည်းဗျူဟာများ ဖော်ထုတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ ပံ့ပိုးဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံ ငွေအဖွဲ့နှင့် အခြားအဖွဲ့အစည်းများကလည်း ပံ့ပိုးကူညီ ကြသည်။ ကလေးမိဘနှင့် အုပ်ထိန်းသူများမှတစ်ဆင့် ကလေးများကို ကာကွယ်ဆေးထိုးစုရပ်များသို့ ခေါ်ဆောင်လာကြရန်အတွက် ပြည်သူလူထုအခြေပြု ရပ်ရွာ အဖွဲ့အစည်းများကလည်း စည်းရုံးလှုံ့ဆော်ပေးကြရန် လိုအပ်ပါသည်။

ထို့အပြင် အသက် ၉ လမှ ၁၅ နှစ်အတွင်း ကလေးသူငယ်များ မိမိတို့နေအိမ်၊ ပတ်ဝန်းကျင်တွင် ရှိပါက သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် တာဝန်ရှိသူများထံ အသိပေးအကြောင်းကြားခြင်းဖြင့် နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုက်ပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံရေး ဆွေးနွေးပွဲကျင်းပစဉ်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း
၁။ အောက်ပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| က | ၄၆၄/မမ/CE | နေပြည်တော်တွင် စက်ခေါင်းသစ် ဆောက်လုပ်ရေးစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းအတွက် အသေးစိတ်ခန့်မှန်းခြေစာရင်း တွက်ချက်ခြင်းလုပ်ငန်း |
| ခ | ၄၆၅/မမ/CE | မြစ်ငယ်တွင် လူစီးတွဲနှင့်ကုန်တွဲသစ် ဆောက်လုပ်ရေးစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းအတွက် အသေးစိတ်ခန့်မှန်းခြေစာရင်း တွက်ချက်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၉.၁.၂၀၁၅(တနင်္လာနေ့) (၁၂.၃၀)နာရီ
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၅.၁.၂၀၁၅)နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူ နိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင် မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
● သံဝေဇနီယနှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ ကမ္ဘာသစ်မွေ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် ၉.၅ သိန်း
● သံဝေဇနီယလေးဌာန နှင့် ဗုဒ္ဓဌာနများ ( ၇ ည / ၈ ရက် ) ခရီးစဉ် ၈ သိန်း
(နယူးဒေလီတွင် ဟိုတယ် ၂- ည အိပ် တည်းခိုပြီး၊ အန္တရာယ်ရှိသော ညဖက် ကားမောင်းခရီးသွားခြင်း လုံးဝမရှိပါ။)
● (၁၄ည/၁၅ ရက် ခရီးများ Jan 18, 25 Feb 1,8,15,22,28 Mar 1,8,15,22,29 Apr 5,11,12 ) ● (၇ ည/ ၈ရက် အထူးခရီးစဉ်- Feb 4 )
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးဇုန်၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း။ ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 256174414, 09 516 4664
မဏ္ဍိုင်ဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း -545215, 545216, 555173
မန္တလေးရုံးခွဲ-(၁၀၈-B)၆၂ လမ်း၊ ၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ဖုန်း -09 402 64 8989, 09 5300305

ကိုရီးယား-မြန်မာဝေါဟာရ
ဟဲအောန်
နိုင်ငံနှင့်ဒေသအမည်၊ တည်နေရာ၊ အချိန်၊ လ၊ ရက်စွဲ၊ နေ့ရက်၊ ရာသီဥတု၊ အရောင်၊ စာရေးကိရိယာ၊ အလုပ်အကိုင်၊ ဈေးဝယ်၊ လူ၊ သစ်သီး၊ အအေး၊ ကိုယ်ခန္ဓာ၊ အဆောက်အဦ၊ အခန်းတွင်းပစ္စည်း၊ ဖိနပ်၊ မီးဖိုချောင်သုံးပစ္စည်းနှင့် ဟင်းချက်ပစ္စည်းများ၊ ဝတ်စုံ၊ ထင်ရှားသောမြို့များ၊ လုပ်ငန်းခွင်သုံးဝေါဟာရများ...
တန်ဖိုး ၁၅၀၀/-ကျပ်
City Mart ၊ Ocean အစရှိသော Supermarket များနှင့် စာအုပ်ဆိုင်ကြီးအားလုံးတွင် ဝယ်ယူရရှိနိုင်ပါသည်။
မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

အလွယ်ဆုံးအင်္ဂလိပ်စကားပြော(Basic)
အင်္ဂလိပ်စာဆရာမျိုး
ကလေးများအတွက် အခြေခံအဆင့် အင်္ဂလိပ်စကားပြောများဖြစ်ပါသည်။ အတန်းသုံး စေခိုင်းဝါကျများ၊ နှုတ်ခွန်းဆက်နှင့် ခွဲခွာခြင်းဝါကျများ၊ နေ့စဉ်အသုံးများသော ကြိယာပုံစံများ၊ ဝါကျပုံစံအမျိုးမျိုး၊ ကြိယာဝါကျများ၊ မေးခွန်းဝါကျများ၊ အမေရိကန်အင်္ဂလိပ်စကားပြော၊ ဝိဘတ်များကိုအသုံးပြု၍ ဖြေကြားသောဝါကျများ၊ လူများကို မေးမြန်းပုံနှင့် ဖြေကြားပုံဝါကျများ စသည့်အကြောင်းအရာများပါဝင်ပါသည်။
တန်ဖိုး ၈၀၀/-ကျပ်
မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

"အစိုးတန်မျိုးဆက်သစ်များ မွေးထုတ်ခြင်းဖြင့် သာလွန်ကောင်းမွန်သော အနာဂတ်ကိုဖန်တီးအံ့"
New Generation Unit
NGU
အဆင့်မြင့်စာသင်ဝိုင်းများ
၉တန်း၊၁၀တန်း
(၂၀၁၅-၁၆ ပညာသင်နှစ်)

မြန်မာစာ ဒေါက်တာဇော်လွင် Ph.D(Myanmar)
အင်္ဂလိပ်စာ ဦးရည်ဆန်းမွန် M.A (English)
ဦးအေးထွတ် B.A(English); Dip.English Language Teaching(YU)
သင်္ချာ ဒေါက်တာသန်းဆွေ Ph.D(Maths)
ဦးမင်းသူ U.M.T
ဓါတုဗေဒ ဆရာသုတ B.Sc(IC)
ရူပဗေဒ ဆရာကောင်းမြတ် M.Sc(Physics)
ဇီဝဗေဒ ဒေါက်တာဟိန်းထွဋ် M.B.,B.S(Ygn)

| | | |
|---|---|---|
| ၁၀ တန်း | နေ့လည်ခင်းဝိုင်း | ၁၀ ဦး |
| | နေ့လည်ခင်းဝိုင်း | ၂၅ ဦး |
| | ညနေခင်းဝိုင်း | ၁၀ ဦး |
| | ညနေခင်းဝိုင်း | ၂၅ ဦး |
| ၉ တန်း | ညနေခင်းဝိုင်း | ၂၅ ဦး |

ကြိုတင်အပ်နှံခြင်းဖြင့် သေချာမှုကိုရယူပါ။
■ ဘာသာရပ်တစ်ခုချင်းစီ၏ သင်ကြားမှုစွမ်းရည်မြင့် Special One ဆရာများ၏စုစည်းမှု။
■ သင်ကြားမှု၊ လေ့ကျင့်မှု၊ စစ်ဆေးမှုများကို Special Design Programme များဖြင့် စနစ်ကျမှု။
■ Quality Control စနစ်ဖြင့် သတ်မှတ်ဝိုင်းအရေအတွက်သာ လက်ခံသင်ကြားမှု(ဝိုင်းအသစ်များထပ်မဖွင့်ပါ)။
အမှတ်(၄၄၀)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ (သိမ်ဖြူဈေးမှတ်တိုင်အနီး) ၀၉-၄၂၁၀ ၄၆၆ ၃၄ ၊ ၀၉-၇၃၀ ၉၆ ၅၀၀

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# နောင်လောင်းကျေးရွာအုပ်စုအတွင်း အိမ်သုံးဆိုလာများပေးအပ်

**မူဆယ် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် နောင်လောင်းကျေးရွာအတွင်းရှိ ကျေးရွာများ မီးလင်းရေးအတွက် အိမ်သုံးဆိုလာများပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့သည်။

အဆိုပါ အိမ်သုံးဆိုလာပေးအပ်ပွဲအခမ်းအနားတွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်လာစေရန်၊ မြို့ပြနှင့် ကျေးလက်ကွာဟချက် ကျဉ်းမြောင်းလာစေရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက် လမ်း/တံတား၊ ရေရရှိရေး၊ မီးလင်းရေး၊ ကျေးလက်အိမ်ရာနှင့် ယင်လုံအိမ်သာလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် မတည်ငွေ ကျပ်သိန်း ၃၀၀ ထုတ်ပေးကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအပြင် ပညာရေးကဏ္ဍတွင်ပညာသင်စရိတ်ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးကဏ္ဍတွင်မွေးခုတင်များ ထောက်ပံ့ခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိက အိမ်သုံးဆိုလာအသုံးပြုပုံနှင့် အကျိုးရှိစွာအသုံးပြုနိုင်ရန် ယခုနောင်လောင်း ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ အိမ်တိုင်းမီးလင်းနိုင်ရေးအတွက် ချယ်ရီကုမ္ပဏီနှင့် ပူးပေါင်းပြီး တစ်အိမ်လျှင် Solar Panel (80W) တစ်ချပ်၊ Battery (12V, 65 AH)တစ်လုံး၊ Controller+ Inverter (300 W, 10A) တစ်လုံး၊ 3W HD မီးလုံးနှစ်လုံး၊ 20W Lamp တစ်ချောင်း ပေးအပ်သွားမည်ဖြစ်ကြောင်း၊ နောင်လောင်းကျေးရွာမီးလင်းရေးအတွက် ဆိုလာစနစ် ၆၉၄ ယူနစ်နှင့် နောက်ထပ်ပေးအပ်ရန် ကျန်သောကျေးရွာများ မီးလင်းရေး အတွက် (ဆိုလာစနစ်) ၁၂၃၄ ယူနစ် ပေးအပ်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(iprd)**

## သတင်းတိုများ

### မင်းပြားမြို့နယ်အတွင်း သောက်သုံးရေကန်များ တူးဖော်

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်း ပြည်ထောင်စုအစိုးရခွင့်ပြုငွေဖြင့် မြေသားကန် ကိုးကန်နှင့် ရခိုင်ပြည်နယ်အစိုးရခွင့်ပြုငွေဖြင့် မြေသားကန်ခြောက်ကန် တူးဖော်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုအခြေအနေများကို မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းစိုးဦးဆောင်သောအဖွဲ့က ဇန်နဝါရီ ၃ ရက်မှ ၆ ရက်အထိ သွားရောက်စစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

မင်းပြားမြို့နယ်အတွင်း ၂၀၁၃-၂၀၁၄ နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်များအတွင်း မြေသားသောက်သုံးရေကန် ၁၅ ကန်ကို ဘဏ္ဍာငွေကျပ် ၁၁၇ သန်းဖြင့် တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုကြီးစော**

### IDPS Camp များသို့ ထောက်ပံ့လှူဒါန်းငွေပေးအပ်

ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ ရပ်ကွက်နှစ်ခြင်း ခရစ်ယာန်သာသနာဝင်း၌ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များက IDPS Camp များသို့ ထောက်ပံ့လှူဒါန်းငွေပေးအပ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းဥက္ကဋ္ဌ ဦးရုံးမူက အမှာစကား ပြောကြားပြီး စစ်ဘေးရှောင်မိသားစုများအတွက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းဥက္ကဋ္ဌနှင့်အဖွဲ့က ထောက်ပံ့အလှူငွေကျပ်သိန်း ၁၅၀ တိတိကို ပေးအပ်လှူဒါန်းသည်။

**မြမြရင်**

# မြင်းမူမြို့နယ်၌ ရေကျော်တံတားနှစ်စင်း အသစ်တည်ဆောက်

**မြင်းမူ ဇန်နဝါရီ ၁၁**

မိုးရာသီတွင် မြင်းမူမြို့နယ်၏ မြောက်ဘက်ခြမ်းရှိ ကျေးရွာများ၌ ရွာသွန်းသောမိုးရေများ စီးဆင်းလာမှုကြောင့် ရေကျော်လေ့ရှိသည့် မုံရွာ-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ် (၅၃/၂) နှင့် (၅၄/၄)အကြားရှိ တံတားအမှတ် (၁/၅၄)နှင့် (၂/၅၄) တို့ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏လမ်းညွှန်မှုဖြင့် အသစ်တိုးချဲ့ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာအနီးရှိ မုံရွာ-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ် (၅၃/ ၂)နှင့် ( ၅၃/ ၃) အကြားရှိ သုံးပေပိုက် နှစ်လုံးဖြင့်ပြွန်တံတားအမျိုးအစားအဖြစ် တည်ဆောက်ထားသည့် တံတား အမှတ် (၁/၅၄) ကိုရေထွက် ပေါက် အကျယ် ၁၀ပေရှိ ကွန်ကရစ်တံတား အမျိုးအစားအဖြစ် လည်းကောင်း၊ မိုင်တိုင်အမှတ် (၅၃/၃) နှင့် (၅၃/၄) အကြားရှိ ရေထွက်ပေါက် ရှစ်ပေအကျယ် တည်ဆောက်ထားသည့် တံတားအမှတ် (၂/၅၄) ကို ရေထွက်ပေါက် အကျယ် ပေ ၂၀ ရှိ ကွန်ကရစ်တံတားအမျိုးအစား အဖြစ်လည်းကောင်း အသစ်တိုးချဲ့ တည်ဆောက်နေခြင်းဖြစ်သည်။

မုံရွာ-မန္တလေးကားလမ်းမကြီး မိုးရေကျော်မှုမဖြစ်ပေါ်စေရန်အတွက် ယခင်ထက်ရေထွက်ပေါက် ပိုမိုကျယ်သည့်ကွန်ကရစ်တံတား နှစ်စင်းကို အသစ်တိုးချဲ့ တည်ဆောက်ခြင်းဖြစ်ကြောင်းသိရသည်။

**ဖိုးခါး (iprd)**

ရွှေဘန်းပြည် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း

| | | |
|---|---|---|
| ဗုဒ္ဓဂယာ(ခုနစ်ဌာန) | ၈ရက် | ၇.၅ သိန်း |
| ဗုဒ္ဓဂယာ(ခုနစ်ဌာန) | ၁၂ရက် | ၈.၅ သိန်း |
| ဗုဒ္ဓဂယာ(ရှစ်ဌာန+နယူးဒေလီ) | ၁၅ရက် | ၉.၅ သိန်း |
| ဗီယက်နမ် –လာအို | ၈ရက် | 1500usd |

အမှတ်(၃၈)၊ အောင်ဇေယျလမ်း၊ ရန်ကင်းမြို့နယ်။
၀၁.၅၆၆၁၀၁၊ ၀၉.၇၃၀၆၀၀၄၈၊ ၀၉.၂၀၁၁၃၁၃

ဇန်နဝါရီ(၂၁)၊ ဖေဖော်ဝါရီ(၀၃၊ ၁၃)၊ မတ်(၀၃၊ ၁၈)၊ ဧပြီ(၀၁၊ ၀၇)

ရက္ခဗေဒ

ရန်ကုန်တက္ကသိုလ်၊ ရုက္ခဗေဒအထူးပြု
ရွှေရတုအထိမ်းအမှတ်အခမ်းအနား

ရန်ကုန်တက္ကသိုလ်၊ ရုက္ခဗေဒအထူးပြု နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဘာသာရပ်ဆိုင်ရာဟောပြောပွဲ အခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရုက္ခဗေဒဘာသာရပ် အထူးပြုဘွဲ့ရများ မပျက်မကွက် တက်ရောက်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၂-၁-၂၀၁၅ (ကြာသပတေးနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ
ကျင်းပမည့်နေရာ - ရန်ကုန်တက္ကသိုလ်၊ ရုက္ခဗေဒဌာန

ရွှေရတုအထိမ်းအမှတ်ဖြစ်မြောက်ရေးကော်မတီ

MHC မဟာခတိုး ဗုဒ္ဓဂယာဘုရားဖူးအကျိုးဆောင်လုပ်ငန်း

- လေးဌာ သင်္ကဿ-တပ်ချ်မဟာ-ဒေလီ (၁၄)ရက်ခရီး (၈.၅) သိန်း Feb- 04,21 Mar 04,18 Apr 10,14
- ဗွားး ပွင့် ၊ ဟော၊ စံ လေးဌာန (၇) ရက်ခရီး (၇.၅) သိန်း Feb - 14
- ထိုင်းဘန်ကောက် အယုဒ္ဓယ၊ ဘုရားဖူးဈေးဝယ်၊ ဆေးစစ် (၃)ရက်ခရီး US 350
ကမ္ဘောဒီးယား၊ အန်ကောဝပ် (၃)ရက်ခရီး US 350 Fir သွား Sun ပြန်
- သီရိလင်္ကာ-ကန္ဒီ ဗုဒ္ဓမြတ်စွယ်တော် အနုရာဓပူရ မူလဟေဝိပင်-ကိုလံဘို-ကလျာဏီသိမ်-ဂင်္ဂါရာမ

၂၀၁၅ သင်္ကြန်ခရီးများ
- ဗုဒ္ဓဂယာလေးဌာန(၇)ရက်ခရီး
- ဘန်ကောက်-ကမ္ဘောဒီးယား
- သီရိလင်္ကာစွယ်တော်ဖူး
- ကြိုတင်စာရင်းပေးနိုင်ပါသည်။

ရန်ကုန် -(၃၈)၊ ၉လမ်း/ ၁၁၅၊ မဟာဝန္ဓုလလမ်းနှင့် လှည်းတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ဖုန်း - ၂၂၇၃၂၂၊ ၀၉ ၄၉၂၉၇၁၇၆၊ ၀၉ ၇၃၂၀၅၈၉၀
မန္တလေး -၄၁၄၊ ၈၂ လမ်း၊ ၃၂ × ၃၃ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း - ၀၉ ၉၁၀၀၉၅၃၆၊ ၀၂ ၃၄၆၇၄
မော်လမြိုင် - အမှတ် (၄၇)၊ ဒိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာရပ်၊ ဖုန်း -၀၉ ၈၇၀၀၆၈၀၊ ၀၉ ၄၉၈၀၀၂၈၆

ဦးဇော်မင်းအောင်
B.A (Korean), Y.U.F.L
(I.E.K.C.S) Song Kong Hoe University, S-Korea
ကိုရီးယားဘာသာစကားသင်တန်းကျောင်း

- ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်တွင် တက်ရောက်သင်ယူခဲ့သည်များ
- တောင်ကိုရီးယားနိုင်ငံ Song Kong Hoe University တွင် တက်ရောက်သင်ယူခဲ့သည်များ
- ကိုယ်တိုင်တောင်ကိုရီးယားနိုင်ငံတွင် လုပ်ကိုင်ခဲ့သောလုပ်ငန်းခွင်အတွေ့အကြုံများဖြင့် ပေါင်းစပ်သင်ကြားပေးမည်။

14. 1. 2015 (ဗုဒ္ဓဟူးနေ့) တန်းခွဲသစ်စမည်။ (လစဉ်တန်းခွဲသစ်များရှိသည်။)

အမှတ် (၂၈၆)၊ ပထမထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Ph. 09 450048814, 09 799 373 700, 09 425292545, 098645610

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/5409 SKAT LF J3048G1, Dump TRUCK (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဟန်စိန်၁၂/ဥကမ(နိုင်)၁၀၃၉၆၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

၂၁.၁.၁၅ မှ ၂၅.၁.၁၅
မြို့တော်ခန်းမ
ပြည်မြို့

TRADE FAIR 2015

၅.၂.၁၅ မှ ၉.၂.၁၅
မြို့တော်ခန်းမ
တောင်ကြီးမြို့

ပြခန်းစုံစမ်းရန် SMART BUSINESS GROUP Ph:01-656875,667473,09-73014777

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# သက်တမ်းထောင်ကျော်မြို့ကလေးမှ ရာပြည့်စက်မှုလယ်ယာစံပြရွာ

လရိပ်ပြာ(ကလေးကိုယ်ပွား)

"စာကိုရေး ကလေးတည်" မြို့တည် မှတ်တမ်းအရ မြို့သက်တမ်း ၁၀၄၈ နှစ်ရှိခဲ့ပြီဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၏ ကျေးရွာအုပ်စုဝင် ရွာကြီးတစ်ရွာဖြစ်သည့် စက်မှုလယ်ယာစံပြ ထိုမာကျေးရွာကြီးမှာ "အင်ကုန်းတောသာ ရွာထိုမာ" စာချိုးအတိုင်း ရွာသက်တမ်း နှစ် ၁၀၀ ပြည့်ခဲ့ပြီ ဖြစ်ပါသည်။

ကလေးမြို့နယ်အတွင်း မြို့မရပ်ကွက် ၁၉ ခု၊ ကျေးရွာအုပ်စုလေးခုရှိသည့်အနက် ထိုမာရွာကြီးသည် အိမ်ခြေပေါင်း ၁၂၀၀ ကျော်၊ လူဦးရေ လေးထောင်ကျော်နေထိုင်ကြလျက် ကျေးရွာမက မြို့မကျစည်ကားလှသည့် ရွာကြီးတစ်ရွာဖြစ်သည်။ လယ်မြေ ဧရိယာ ဧက ၄၅၀၀ ကျော်နှင့် ကိုင်းမြေဧရိယာ ဧက ၆၀၀၀ ခန့်တွင် သုံးရာသီပတ်လုံး မနေမနားစိုက်ပျိုးကြခြင်း၊ သိပ္ပံနည်းဖြင့်စနစ်တကျ စိုက်ပျိုးကြခြင်း၊ တလင်းပျောက်စနစ် ကျင့်သုံးပြီး သီးထပ်သီးညှပ် စိုက်ပျိုးကြခြင်းတို့ကြောင့် စပါးနှင့်ပဲမျိုးစုံ အရည်အသွေးကောင်းသီးနှံများစွာ ထွက်ရှိသည်။ တာဝန်ကျေ သီးနှံပေးသွင်းကြရသော တစ်ခေတ်တစ်ခါကမူ တာဝန်ကျေစပါးအများဆုံး ပေးသွင်းခဲ့သည့် မှတ်တမ်းဝင် ကျေးရွာကြီးလည်း ဖြစ်သည်။

စက်မှုလယ်ယာစံပြရွာ နာမည်နှင့်လိုက်လျောညီထွေစွာပင် ထွန်စက်ကြီးသုံးစီး၊ လယ်ထွန်စက် အစီးရေ ၁၆၀၊ စပါးခြွေစက် ၃၃လုံး၊ ထော်လာဂျီ ၂၆ စီးနှင့် ကိုယ်ပိုင်မော်တော်ယာဉ် ၁၉ စီးရှိသည်။ တစ်ရက်လျှင် စပါးတင်း ၄၀၀ မှတင်း ၂၀၀၀ ထိကြိတ်ခွဲနိုင်သော ဆန်စက်ကြီးခြောက်လုံးနှင့် ဆီစက်ငါးလုံးရှိသည်။ ကလေး-ဂန့်ဂေါ-ပခုက္ကူ-ချောင်းဦးမီးရထားလမ်းကြီးနှင့် တမူး-ကလေး-ဂန့်ဂေါ-ပခုက္ကူ အာဆီယံအဝေးပြေးကားလမ်းမကြီးတို့သည်လည်း ထိုမာကျေးရွာနယ်မြေကို မြောက်မှတောင်သို့ ကန့်လန့်ဖြတ်သန်းလျက်ရှိသည်။ ကျေးရွာအုပ်စုဝင် ရွာခွဲပေါင်းလေးရွာပါရှိပြီး ရွာအဝင်တွင် ကျောင်းသားကျောင်းသူ ၁၀၀၀ကျော် ပညာသင်ကြားနေသော နည်းပညာတက္ကသိုလ်ကြီးကလည်း ခံ့ခံ့ညားညား ထည်ထည်ဝါဝါ တည်ရှိနေသည်။

သို့ရာတွင် ဤရာပြည့် ကျေးရွာကြီး၌ ပညာရေးအနေဖြင့် ဆရာ၊ ကျောင်းသား အင်အားမမျှတဘဲ ကျောင်းသား ၁၀၀၀ခန့် ပညာသင်ကြားနေကြသော အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်သာ ရှိနေပါသေးသည်။ ကျန်းမာရေးအနေဖြင့်လည်း သားဖွားဆရာမ တစ်ဦးသာရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲ အဆင့်သာရှိနေပါသေးသည်။ ဆရာ ဆရာမ အင်အားအပြည့်ဖြင့် အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးပြီး ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမာရွာကြီးအပြင် ရွာခွဲလေးရွာနှင့် ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော်ရှိသော နည်းပညာတက္ကသိုလ်ကြီးအပါအဝင် အစိုးရလျှပ်စစ်ဓာတ်အားခွဲရုံများပါ တည်ရှိနေသဖြင့် ရွာသူ ရွာသားများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတော်ဝန်ထမ်းများအတွက် လုံလောက်သော ကျန်းမာရေးစောင့် ရှောက်မှုရရှိစေရန် တိုက်နယ်ဆေးရုံ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် လိုအပ်နေပါသည်။

ရာပြည့်စက်မှုလယ်ယာစံပြကျေးရွာကြီးသည် စိုက်ရေးပျိုးရေးဘက်တွင်သာမက ပညာရေးဘက်တွင်လည်း ထူးချွန်ထက်မြက်ကြသည်။ ရွာမှ ရှေးဦးစွာ ဝိဇ္ဇာဘွဲ့ရရှိပြီး ခရိုင်အုပ်ချုပ်ရေးမှူးအဆင့်အထိ နိုင်ငံ့တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားခဲ့သော ဦးအောင်သန်း၊ စစ်တက္ကသိုလ်အပတ်စဉ်(၁၆)မှ ဆင်းပြီး တိုင်းပြည်အတွက်အသက်ပေးလှူသွားခဲ့သော ဗိုလ်ကျော်တင်တို့မှစ၍ ဝိဇ္ဇာသိပ္ပံဘွဲ့၊ ပညာရေးဘွဲ့၊ စီးပွားရေးဘွဲ့၊ ဥပဒေဘွဲ့၊ ကွန်ပျူတာဘွဲ့နှင့် အင်ဂျင်နီယာဘွဲ့ရ ၂၅၀ ကျော်တို့ကို မွေးထုတ်ပေးခဲ့ပြီး စစ်ဘက်နှင့် အရပ်ဘက်တို့တွင် အရာရှိအရာခံအဆင့် အမှုထမ်း၊ အရာထမ်းအဆင့်တို့ဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြပြီးဖြစ်သည်။ ဆရာဝန်တစ်ဦးအပါအဝင် ဘွဲ့ကြိုကျောင်းသားကျောင်းသူ ၇၀ ကျော်တို့ ဆက်လက်ပညာသင်ကြားလျက်ရှိနေကြပြီး စနစ်သစ် လူရည်ချွန်ရွေးချယ်ရေးတွင်လည်း နဝမတန်း လူရည်ချွန်တစ်ဦးပေါ်ထွက်ခဲ့ပါသည်။

နှစ် ၁၀၀ တိုင်တိုင် ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်းတည်းကိုသာ အိမ်ခြေ ထောင်ကျော်ရှိတစ်ရွာလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကိုးကွယ်ဆည်းကပ်ကြလျက် ရပ်ရွာကြီးကို အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ကလေးဒေသဝိနယစာတော်ပြန်ပွဲကြီးကို စတင်ကျင်းပပေးခြင်း၊ ပရိယတ္တိ စာသင်တိုက်ကြီးလေးတိုက်ကိုအောင်မြင်စွာ တည်ထောင်ဖွင့်လှစ်ပေးခြင်း၊ အစိုးရ ပါဠိပထမပြန် စာဖြေဌာနများရရှိလာအောင် ဆောင်ရွက်ပေးခြင်းတို့ကို ဦးဆောင်ဦးရွက်ပြုတော်မူလျက် နှစ်ပေါင်း ၅၀ ကျော်ကျော် ကိုယ့်နယ်ကိုယ့်သာသနာတော်ကို စည်ပင်ပြန့်ပွား တိုးတက်ထွန်းကားလာအောင် ကြိုးစားအားထုတ်တော်မူခဲ့သဖြင့် "ရွှေကျင်နိကာယ ရတ္တညူ မဟာနာယကဘွဲ့တော်" "အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တော်" "အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တော်" "သက်တော်ရှည် အဘိဓဇ ထိုမာဆရာတော်ဘုန်းကြီး"ဟု ဂုဏ်လျှံကျော်ကြား ထင်ရှားတော်မူသော ဆရာတော်ကြီး၏ ဇာတိရွာလည်း ဖြစ်သည်။ ယခုအခါ ဆရာတော်ကြီး၏ တပည့်တပန်း ရဟန်းသံဃာများစွာတို့မှာလည်း အဆင့်မြင့်ဘွဲ့တော်များ အသီးသီးရရှိအောင်မြင်တော်မူကြလျက် ဆက်လက်သာသနာပြုတော်မူနေကြပါသည်။

ဤကဲ့သို့ မြို့သက်တမ်းထောင်ကျော်ရှိ ကလေးမြို့၏ အားထားရာ ဘာသာရေး၊ ပညာရေး၊ စီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်မြင်နေသော စက်မှုလယ်ယာ စံပြထိုမာကျေးရွာ ရာပြည့်ပွဲတော်ကြီးကို ၁၃၇၆ ခုနှစ် တပို့တွဲလပြည့်နေ့တွင် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၏ တရားပွဲများနှင့် စာပေဟောပြောပွဲများ ကျင်းပခြင်း၊ ဆောင်းပါးပြိုင်ပွဲ စာစီစာကုံးပြိုင်ပွဲများကျင်းပခြင်း၊ ရာပြည့် အထိမ်းအမှတ် စာစောင်ထုတ်ဝေခြင်း၊ အားကစားပြိုင်ပွဲ ပျော်ပွဲရွှင်ပွဲများ ပါမကျန်ထည့်သွင်းပေးခြင်း စသည်များဖြင့် ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရပ်ဝေးရပ်နီးနေ ထိုမာရွာသူ ရွာသားအပေါင်းတို့နှင့်အတူ စက်မှုလက်ယာစံပြ ထိုမာရွာကြီး၏ ချစ်စွာသော မိတ်ဆွေ မိသားစုများ လာရောက်ဆင်နွှဲကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားလိုက်ရပါသည်။

> **စက်မှုလယ်ယာစံပြရွာ နာမည်နှင့်လိုက်လျောညီထွေစွာပင် ထွန်စက်ကြီးသုံးစီး၊ လယ်ထွန်စက် အစီးရေ ၁၆၀၊ စပါးခြွေစက် ၃၃လုံး၊ ထော်လာဂျီ ၂၆ စီးနှင့် ကိုယ်ပိုင်မော်တော်ယာဉ် ၁၉ စီးရှိသည်။ တစ်ရက်လျှင် စပါးတင်း ၄၀၀ မှ တင်း ၂၀၀၀ ထိ ကြိတ်ခွဲနိုင်သော ဆန်စက်ကြီးခြောက်လုံးနှင့် ဆီစက်ငါးလုံးရှိသည်။**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ရေတာရှည် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံတွင် အဓိကရင်ဆိုင်ကြုံတွေ့နေရသည့် လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးများအန္တရာယ် ပပျောက်ချုပ်ငြိမ်းရေးအတွက် အသိပညာပေးဟောပြောပွဲကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကုန်းကြီးကျေးရွာအုပ်စု ပြီစုတ်ကျေးရွာ ပြည်လုံးချမ်းသာဓမ္မာရုံ၌ ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်က လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် တောင်သူများ၏ အကျိုးစီးပွားမြှင့်တင်နိုင်ရေးတို့ကို အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ညဏ်ဝင်းက လူကုန်ကူးခြင်းနှင့် လူမှောင်ခိုမှုများကို ရှင်းလင်းဟောပြောခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဦးမြင့်စိုးက ပြစ်မှုကျူးလွန်ခြင်းနှင့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ဝင်းက တောင်သူလယ်သမားရေးရာ ဥပဒေများနှင့် မြေလွတ်မြေရိုင်းများဥပဒေ၊ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကာကွယ်မြှင့်တင်ရေး ဥပဒေ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဟောပြောခဲ့ပြီး အခမ်းအနားသို့ ကုန်းကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာဒေသခံ ၁၅၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။**(ယာပုံ)**

**ကိုလွင်(ဆွာ)**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်နယ်အစိုးရအဖွဲ့**
**မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန**
**မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီ**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကမ်းနားလမ်းရှိ မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲပိုင် ခွင့်ရှိသော မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထိန်းသိမ်းကြီးကြပ်လျက်ရှိသည့် ရာမညဆိပ်ခံတံတားအဆောက်အအုံအား အကြီးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့်ကုမ္ပဏီများသည် အောက်ပါအချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

(က) တင်ဒါတင်သွင်းမည့်ကုမ္ပဏီသည် ကုမ္ပဏီ၏ Profile တင်ပြရမည်။
(ခ) ရာမညဆိပ်ခံတံတားအဆောက်အအုံအား အကြီးစားမွမ်းမံပြင်ဆင်လိုသည့် ပုံစံ၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်မှုနှင့် အစီအမံများ တင်ပြရမည်။
(ဂ) စီမံချက်၊ အချိန်ကာလသတ်မှတ်ချက်၊ လုပ်ငန်းအချိန်ဇယား Work Schedule တို့အား တင်ပြရမည်။
(ဃ) ရာမညဆိပ်ခံတံတားအဆောက်အအုံအား အကြီးစားမွမ်းမံပြင်ဆင်ခြင်းကို ကုမ္ပဏီစရိတ်ဖြင့် ကျခံတည်ဆောက်ပြုပြင်ရမည်။
(င) အိတ်ဖွင့်တင်ဒါရရှိသူသည် တည်ဆောက်ပြုပြင်မှု ကုန်ကျစရိတ်များနှင့် ပတ်သက်၍ ပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ရမည်။
(စ) အိတ်ဖွင့်တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီသည် အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံအား မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူလျှောက်ထားရမည်-

| | |
|---|---|
| **အိတ်ဖွင့်တင်ဒါ လျှောက်လွှာဝယ်ယူရမည့်ရက်** | - ၁၉-၁-၂၀၁၅ ရက်မှ ၂၃-၁-၂၀၁၅ ရက်အထိ |
| **အိတ်ဖွင့်တင်ဒါ လျှောက်လွှာဝယ်ယူရမည့်အချိန်** | - နံနက် ၁၀း၀၀နာရီမှ ညနေ ၁၆း၀၀နာရီအထိ (ရုံးပိတ်ရက်များတွင် ရောင်းချခြင်းမပြုပါ) |
| **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်** | - ၂-၂-၂၀၁၅ ရက်မှ ၆-၂-၂၀၁၅ ရက်အထိ (ရုံးဖွင့်ရက်များတွင် တင်သွင်းရမည်။) |
| **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်အချိန်** | - နံနက် ၁၀း၀၀နာရီမှ ညနေ ၁၅း၃၀နာရီအတွင်း |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဝယ်ယူတင်သွင်းရမည့်နေရာ** | - မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ မော်လမြိုင်မြို့ |

(ဆ) သတ်မှတ်ရက် အချိန်ထက် ကျော်လွန်နောက်ကျတင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
(ဇ) အိတ်ဖွင့်တင်ဒါအောင်မြင်သည့် ကုမ္ပဏီသည် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း အာမခံထားရှိရမည်။

၂။ မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ရာမညဆိပ်ခံတံတားအဆောက်အအုံအား အကြီးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များကို မေးမြန်းလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူ ကိုယ်တိုင် ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီ**



**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**ဇီဝနည်းပညာသုတေသနဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန (ကျောက်ဆည်) တွင် ပင်မဆောင်ရှိ ခန်း Lab(၇)ခန်းအား သုတေသနစက်ပစ္စည်းများထားရှိရန် လျှပ်စစ်မီးတပ်ဆင်ခြင်းနှင့် Air Con အလုံး(၄၀)တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဤဦးစီးဌာန ၏ ငွေစာရင်းဌာန(ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၉-၁-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ငွေစာရင်းဌာန(ကျောက်ဆည်)**
**ဖုန်း-၀၆၆-၅၀၅၉၈၊ ၀၆၆-၅၀၆၀၆**



**အိတ်ဖွင့်တင်ဒါ (open Tender) ခေါ်ယူခြင်း**

လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းဦးစီးဌာန၊ ဖျာပုံမြို့၏ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဖျာပုံမြို့နယ်၊ ကျောင်းကုန်းရေငန်တားတာတွင် ဝဲဆိပ်ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံး အောက်ပါပစ္စည်းများအား လုပ်ငန်းခွင်ဆိပ်ကမ်းအရောက် အိတ်ဖွင့်တင်ဒါစနစ်၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** **အမှတ်(၁)**

၁။ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းဦးစီးဌာန ဖျာပုံမြို့၏ပစ္စည်းစာရင်း

| | | |
|---|---|---|
| (၁) သဲ | ၁၄၅ | ကျင်း |
| (၂) မြစ်ကျောက်စရစ် | ၁၂၅ | ကျင်း |
| (၃) ကျောက်ကြီး | ၁၂၂ | ကျင်း |
| (၄) (၄"×၂")ခွဲကျောက် | ၂၅ | ကျင်း |
| (၅) အုတ် | ၁၉၂၅၀၀ | ချပ် |
| (၆) သစ်မာ | ၂၃·၅ | တန် |
| (၇) သံချောင်းလုံးရှယ်စုံ | ၂၀·၇၅ | တန် |
| (၈) ဘိလပ်မြေ | ၁၉၅ | တန် |

၂။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၅-၁-၂၀၁၅ ရက်၊ ညနေ ၅း၀၀နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၂၀-၁-၂၀၁၅ ရက်၊ နံနက် ၉း၃၀နာရီ
၄။ **တင်ဒါတင်သွင်း စိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး ဆည်မြောင်းဦးစီးဌာန၊ ဖျာပုံမြို့ ဖုန်း-၀၄၅-၄၀၀၄၃
၅။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**


**သင့်ကြောင့် မီးမလောင်ပါစေနှင့်**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# နယ်စပ်ဒေသအပါအဝင် ကျေးလက်မြို့ပြဒေသများမှ မိဘများ၏ ဝမ်းသာပျော်ရွှင်မှုများ

**မောင်မောင်စံ**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် ပူးပေါင်း၍ (Public Private Partnership) စနစ်ဖြင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်(၅၁) ရပ်ကွက်ရှိ ဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်းတွင် တစ်နိုင်ငံလုံးရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများမှ အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပြီး တိုင်းရင်းသူများနှင့် ရန်ကုန်မြို့မှ အမျိုးသမီးငယ်များအား စုစည်း၍ အထည်ချုပ်စက်ရုံသုံးမော်တာအပ်ချုပ်စက်ကျွမ်းကျင်သင်တန်းများကို အမှတ်စဉ်(၁) မှ(၅) အထိ (၅)ကြိမ်တိုင်တိုင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။

ဝင်းသင်တန်းသို့ နေပြည်တော်မှ ၆၃ ဦး၊ ကချင်ပြည်နယ်မှ ၃၀၊ ကယားပြည်နယ်မှ ၁၃ ဦး၊ ကရင်ပြည်နယ်မှ ၁၂ ဦး၊ချင်းပြည်နယ်မှ ၄၈ ဦး၊ မွန်ပြည်နယ်မှ ၂၅ ဦး၊ ရခိုင်ပြည်နယ်မှ ၅၄ ဦး၊ ရှမ်းပြည်နယ်မှ ၂၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၈၈ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၂၃ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၀ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှငါးဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦး၊ ပဲခူးတိုင်းဒေသကြီးမှလေးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှသုံးဦး စုစုပေါင်းသင်တန်းသူ ၆၀၂ ဦးတို့အား အထည်ချုပ်ကျွမ်းကျင်ဝန်ထမ်းဖြစ်သည်အထိ စနစ်တကျသင်ကြားပေးခဲ့ပါသည်။

တိုင်းရင်းသားလူမျိုးများအနေဖြင့် အာခါတိုင်းရင်းသူ သုံးဦး၊ ကချင်တိုင်းရင်းသူ တစ်ဦး၊ ကယားတိုင်းရင်းသူ ၁၁ ဦး၊ ကရင်တိုင်းရင်းသူ ကိုးဦး၊ ချင်းတိုင်းရင်းသူ ၅၉ ဦး၊ မွန်တိုင်းရင်းသူ ငါးဦး၊ ဗမာတိုင်းရင်းသူ ၃၆၃ ဦး၊ ရခိုင်တိုင်းရင်းသူ ၅၅ ဦး၊ ရှမ်းတိုင်းရင်းသူ ၂၅ ဦး၊ ပလောင်တိုင်းရင်းသူ ကိုးဦး၊ နာဂတိုင်းရင်းသူ ၄၉ ဦး၊ လီဆူးတိုင်းရင်းသူ ခုနစ်ဦး၊ ရဝမ်တိုင်းရင်းသူ သုံးဦး၊ ကဒူးတိုင်းရင်းသူ နှစ်ဦး၊ ပအိုဝ်းတိုင်းရင်းသူ တစ်ဦး စုစုပေါင်းတိုင်းရင်းသူ ၆၀၂ ဦးဖြစ်ပါသည်။

ဝင်းသင်တန်း၌ လေ့ကျင့်သင်ကြားပေးရာတွင် လက်လှုပ်ရှားမှု မြန်ဆန်အောင် လေ့ကျင့်သင်ကြားပေးခြင်း၊ အပ်မပါ၊ ချည်မပါ မော်တာနင်းလေ့ကျင့်ခြင်း၊ တက်ကင်တုပ်လေ့ကျင့်ခြင်း၊ အပ်ချည်တပ်ပုံအဆင့်ဆင့် လက်တွေ့သင်ကြားလေ့ကျင့်ခြင်း၊ အဖြောင့်(၃)၊ အဖြောင့်(၂) ဆက်ချုပ်ကြောင်း လေ့ကျင့်ခြင်း၊ အဖြောင့်၊ အကွေး၊ လေးထောင့် ချုပ်ကြောင်းများ လေ့ကျင့်ခြင်းတို့ဖြစ်ပြီး သင်တန်းသူတစ်ဦးချင်းစီအတွက် လေ့ကျင့်ရန် Juki ခေတ်မီမော်တာအပ်ချုပ်စက်တစ်လုံး၊ မော်တာစက်အပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ဘောပင်၊ ကော်ပေတံ၊ ချည်ဖြတ်ကတ်ကြေး၊ အပ်ချည်လုံး၊ ပိတ်စ၊ တူညီဝတ်စုံတစ်စုံ၊ တီရှပ်အင်္ကျီ၊ မျက်နှာသုတ်ပဝါတို့အား အခမဲ့ထောက်ပံ့ပေးပြီး နေထိုင်စားသောက်စရိတ်နှင့် ခရီးစရိတ်တို့ကို နိုင်ငံတော်မှ စီစဉ်ပေးပါသည်။

**ကျွမ်းကျင်ဝန်ထမ်းခန့်အပ်မှု ။** သင်တန်းဆင်းပြီးသည်နှင့် အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းအဖြစ် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးပြီး အထည်ချုပ်စက်ရုံများတွင် ကျွမ်းကျင်ဝန်ထမ်းအဖြစ်ခန့်အပ်ပေးခဲ့ရာ Myanmar Synergy Garment တွင် ၂၉၂ ဦး၊ Cherry Garment တွင် ၈၂ ဦး၊ Tri Sea Germent တွင် ၂၉ ဦး၊ ခိုင်ပြည့်စုံအထည်ချုပ်လုပ်ငန်းတွင် ၃၀၊ မိဘမေတ္တာအထည်ချုပ်လုပ်ငန်းတွင် ကိုးဦး၊ နီနီမျိုးမျိုးအထည်ချုပ်လုပ်ငန်းတွင် ၁၀၊ Eland အထည်ချုပ်လုပ်ငန်းတွင် ၄၀၊ နေမင်းအောင်အထည်ချုပ်လုပ်ငန်း ၃၀၊ ထူးအထည်ချုပ်လုပ်ငန်းတွင် ၂၀၊ Su Yu Ei အထည်ချုပ်လုပ်ငန်းတွင် ၄၀၊ First Image အထည်ချုပ် လုပ်ငန်းတွင် ၂၀ ဦး စုစုပေါင်း ၆၀၂ ဦးတို့အား အလုပ်ခန့်အပ်ပေးခဲ့ပြီးဖြစ်သည်။

**လစာဝင်ငွေရရှိမှု ။** ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းဆင်း တိုင်းရင်းသူ ၆၀၂ ဦးအား ဘဝအာမခံချက်ရှိသည့် အထည်ချုပ်ကျွမ်းကျင်ဝန်ထမ်းအဖြစ်ခန့်အပ်ပေးပြီး တိုင်းရင်းသူများ၏ ဝင်ငွေမှာလည်း (နေထိုင်၊ စားသောက်စရိတ်မပါ)အခြေခံလစာကျပ် ၆၀၀၀၀/ မှစ၍ ၎င်းတို့၏စွမ်းဆောင်ရည်အလိုက် တစ်လထက်တစ်လပိုမိုတိုးတက်၍ အမြင့်ဆုံးလစာကျပ် ၁၅၀၀၀၀ အထိ ဝင်ငွေတိုးတက်ရရှိနေပြီဖြစ်ပါသည်။ သင်တန်းဆင်းပြီးသူအားလုံးအနေဖြင့် တစ်လပျမ်းမျှ ဝင်ငွေကျပ်သိန်း ၆၀၀ ကျော်ရရှိလျက်ရှိပြီး သက်ဆိုင်ရာဒေသများရှိ မိဘများထံသို့ ထောက်ပံ့လျက်ရှိနေပြီ ဖြစ်ပါသည်။

**စဉ်ဆက်မပြတ်ဖွင့်လှစ်မှု ။ (Quick Win)** အောင်မြင်မှု ရရှိလျက်ရှိသည့် ဤစီမံကိန်းကို သုံးပတ်တစ်ကြိမ် ဖွင့်လှစ်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများနှင့် ဒေသလိုအပ်ချက်အရ ဖွင့်လှစ်ပေးလျက်ရှိသည့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းများမှ သင်တန်းဆင်း တိုင်းရင်းသူများနှင့် ရန်ကုန်မြို့ အနီးတစ်ဝိုက်မှ ဆင်းရဲသည့် အမျိုးသမီးများကို စနစ်တကျစုစည်း၍ အပတ်စဉ်(၆)ကို (၂၉. ၁၂. ၂၀၁၄) ရက်နေ့တွင် ဆက်လက်ဖွင့်လှစ်လျက်ရှိပြီး သင်တန်းများကို အပတ်စဉ် ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

**Quick Win အောင်မြင်မှု ။** နယ်စပ်ဒေသအမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများမှ သင်တန်းဆင်းပြီး တိုင်းရင်းသူများနှင့် မြို့ပြနေ ဆင်းရဲနွမ်းပါးသူ အမျိုးသမီးငယ် ၆၀၂ ဦးကို စုစည်း၍ ခေတ်မီမော်တာ အထည်ချုပ်သင်တန်းများတက်ရောက်စေလျက် အထည်ချုပ်စက်ရုံများတွင် အထည်ချုပ်ကျွမ်းကျင်ဝန်ထမ်းများအဖြစ် စနစ်တကျခန့်အပ်ပေးခြင်းကြောင့် ၎င်းတိုင်းရင်းသူများ၏ ဘဝအာမခံချက် အပြည့်အဝရရှိပြီး နိုင်ငံတော်က ဆောင်ရွက်နေသည့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးကို တိုက်ရိုက်ဖြစ်ထွန်းစေသည့်အပြင် ၎င်းဒေသများ၏ဖွံ့ဖြိုးရေးကို အလျင်အမြန်ရရှိစေသည့် **(Quick Win Result)** အောင်မြင်မှုကို ရရှိပါသည်။

ထို့အပြင် တိုင်းရင်းသူအမျိုးသမီးငယ်များ၏ ဘဝအာမခံချက်အပြည့်ရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းကြောင့် ၎င်းတို့မိဘများ၏ ဝမ်းသာပျော်ရွှင်မှုကို ရရှိခံစားနေကြပြီဖြစ်သည်။

## လျှပ်စစ်၊ ဝိုင်ယာရိန်းသင်တန်းနှင့် ရေခဲသေတ္တာ၊ လေအေးပေးစက် သင်တန်းဖွင့်လှစ်

**စစ်တွေ ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ်အတွင်း လူငယ်များ ကောင်းမွန်သောအလုပ်အကိုင် ရရှိရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် DUAL TECH Vocational Training Centre (ယှဉ်တွဲနည်းပညာ စက်မှုနှင့် အသက်မွေး သင်တန်းကျောင်း၊ ရန်ကုန်)မှ လျှပ်စစ်၊ ဝိုင်ယာရိန်း သင်တန်းနှင့် ရေခဲသေတ္တာ၊ လေအေးပေးစက်ပြုပြင်တပ်ဆင်ခြင်းသင်တန်းများကို စစ်တွေမြို့ မင်းဘာကြီးလမ်းရှိ DUAL TECH Engineering Co.Ltd (စစ်တွေရုံးခွဲ)၌ ဇန်နဝါရီ ၈ ရက် မှ ၂၃ ရက်အထိ သင်တန်းကာလ ၁၆ ရက်ကြာ အခမဲ့ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းများသို့ စစ်တွေ၊ ရသေ့တောင်၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦးနှင့် မင်းပြားမြို့နယ်တို့မှ သင်တန်းတစ်ခုချင်းစီအလိုက် သင်တန်းသား ၆၀ စီ တက်ရောက်လျက်ရှိပြီး သင်တန်းနည်းပြ ဆရာငါးဦးနှင့် သရုပ်ပြဆရာလေးဦးတို့က လျှပ်စစ်ဝိုင်ယာရိန်းနှင့် ရေခဲသေတ္တာ၊ လေအေးပေးစက်ပြုပြင်ခြင်း သင်ခန်းစာများကို သင်ထောက်ကူပစ္စည်းများဖြင့် စနစ်တကျသင်ကြားပေးလျက်ရှိပြီး စာတွေ့သင်ကြားမှု ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့သင်ကြားမှု ၇၀ ရာခိုင်နှုန်းဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

**သာသနာရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၃၁) နေပြည်တော်**

၁။ ၁၄-၁၂-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၁၅-၁၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင် လျှောက်လွှာခေါ်ယူခဲ့သော သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

(က) **ဝင်ခွင့်ကတ်ထုတ်ရန်** - ၂၂-၁-၂၀၁၅ ရက်မှ ၂၃-၁-၂၀၁၅ ရက်အထိ၊ ရုံးချိန်အတွင်း ဝန်ထမ်းဌာနစု၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)
(ခ) **ရေးဖြေ** - မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ၂၄-၁-၂၀၁၅ ရက် (စနေနေ့) ၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ
(ဂ) **နေရာ** - ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးပရိဝုဏ်ရှိ စာကြည့်တိုက်၊ ပြတိုက်၊ မော်ကွန်းတိုက်နှင့် သာသနာ့ဗိမာန်နယ်မြေဌာနစု
(ဃ) **ရေးဖြေအောင်စာရင်းထုတ်ပြန်မည့်နေ့ရက်နှင့်နေရာ** - ၂၇-၁-၂၀၁၅ ရက် (အင်္ဂါနေ့) သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ကြော်ငြာသင်ပုန်း
(င) **နှုတ်ဖြေ** - ၂၈-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)၊ ၀၉:၀၀နာရီ

၂။ ရေးဖြေအောင်မြင်သူများသာ နှုတ်ဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၆၇-၄၀၆၀၄၅၊ ၀၆၇-၄၀၆၁၃၇ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့၏မြောက်ဘက် (၁၂)မိုင်ခန့်အကွာတွင် ဆောင်ရွက်လျက်ရှိသော ရွှေလီ (၃)ရေအားလျှပ်စစ်စီမံကိန်းတွင် Curtain Grout Hole Drilling လုပ်ငန်း ပေ ၂၃၀၀နှင့် Curtain Grouting လုပ်ငန်း ၂၇၀၇ပေအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၂-၁-၂၀၁၅ရက်၊ ၀၉:၃၀နာရီ
**တင်ဒါအရောင်းပိတ်မည့်ရက်၊ အချိန်** - ၂၀-၁-၂၀၁၅ရက်၊ ၁၆:၃၀နာရီ
**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်နေ့ရက်၊ အချိန်** - ၂၆-၂-၂၀၁၅ရက်၊ ၁၅:၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀၀ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ လက်အောက်ရှိ မြို့နယ်များတွင် အသုံးပြုရန်လိုအပ်သော Meter Seal with Seal Wire (Mega Twister) (500000) Nos ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(ပစ္စည်းလက်ဝယ်ရှိသူကို ဦးစားပေးမည်ဖြစ်ပါသည်။)

**တင်ဒါပိတ်မည့်ရက်** - ၁၅-၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**
**ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့**
**အမှတ် ၁၉၇၊ ၁၉၉၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်**
**ဖုန်း-၀၁-၂၂၀၈၁၆၊ ၂၂၀၈၅၉**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃င/၆၅၁၆ Nissan Vanette SK 82 TN ယာဉ်လက်ဝယ်ရှိသူ ဦးမြဒွေး ၉/ဝတန(နိုင်)၀၉၃၈၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (မိတ္ထီလာခရိုင်)**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်များ BIG DAY CO.,LTD. ၏ သွင်းကုန်လိုင်စင်အမှတ် MQIL 1 14-15 (4966) 26-9-2014 မူရင်းခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၀၉၂၁၄၇၊ ၀၉-၄၉၂၅၉၂၂**

**ဖခင်အမည်မှန်**

မိုးညှင်းမြို့၊ အထက (အုတ်ကျင်း) သတ္တမတန်း(D) မှ မထက်ထက်ဦးဝေ၏ ဖခင်အမည်မှန်မှာ ဦးဝေဖြိုး ၉/မဟမ(နိုင်) ၀၅၈၀၀၂ ဖြစ်ပါကြောင်း။

**ဦးဝေဖြိုး ၉/မဟမ(နိုင်)၀၅၈၀၀၂**

**အမည်မှန်**

မန်စီမြို့၊ ဟန်ထက်ကျေးရွာနေ မအိဖြူ၏ အမည်မှန်မှာ မအိအိဖြူ ၁/မစန(နိုင်)၀၂၀၁၀၈ ဖြစ်ပါကြောင်း။

**မအိအိဖြူ ၁/မစန(နိုင်)၀၂၀၁၀၈**

**အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အထက(၁) အဋ္ဌမတန်း(F)တွင် ပညာသင်ကြားနေသော ဦးတင်သောင်း ၉/မထလ(နိုင်) ၀၅၃၇၇၆၏သမီး မရီမွန်မွန်ကိုအား ယနေ့မှစ၍ မရည်မွန်မွန်ကိုဟု ပြောင်းလဲခေါ်ယူပါရန်။

**မရည်မွန်မွန်ကို**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

တောင်သာမြို့နယ်၊ အရာတော်ကျေးရွာနေ ဦးသိန်းအောင်နှင့် ဦးဖိုးသိန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးသိန်းအောင်(ခ)ဦးဖိုးသိန်း**
**၉/တသန(နိုင်)၀၄၇၃၇၁**

ဆောင်းပါးနှင့် ဆောင်းပါး

# ဂရုပြုဖွယ်ရာ ခံတွင်းကင်ဆာ

ဒေါက်တာမျိုးမင်းသိန်း

ယနေ့ ကမ္ဘာပေါ်တွင် သန်းနှင့်ချီသောလူသားများမှာ ကူးစက်တတ်သောရောဂါများကြောင့် သေဆုံးကြရသကဲ့သို့ပင် မကူးစက်တတ်သော အခြားနာတာရှည်ရောဂါများကြောင့် သေဆုံးကြရသည်များလည်း ရှိပါသည်။ မကူးစက်တတ်သောရောဂါများတွင် ကင်ဆာရောဂါကြောင့် လူသေဆုံးမှုနှုန်းများ တစ်နှစ်ထက်တစ်နှစ်မြင့်တက်လာလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားချက်များအရ သိရပါသည်။ နှစ်စဉ်ကင်ဆာရောဂါဖြစ်ပွားသူပေါင်း ၁၂ သန်းခန့် ဖြစ်ပွားလျက်ရှိနေပြီး ရောဂါဖြစ်ပွားမှုနှုန်းမှာလည်း လျော့ကျသွားခြင်းမရှိဘဲ နှစ်စဉ်မြင့်တက်လာလျက်ရှိသဖြင့် ယခုနှုန်းအတိုင်းသာ ဆက်လက်မြင့်တက်လာပါက ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၂၂ သန်းခန့် ကင်ဆာရောဂါဖြစ်ပွားနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ခန့်မှန်းတွက်ချက်ထားပါသည်။ ကင်ဆာရောဂါအများစုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ပွားမှုနှုန်းမြင့်မားလျက်ရှိပြီး ကင်ဆာကြောင့်သေဆုံးမှုနှုန်းမှာလည်း မြင့်တက်လာလျက်ရှိပါသည်။ ကျွန်ုပ်တို့အာဆီယံဒေသတွင်း နိုင်ငံများတွင် နှစ်စဉ်ကင်ဆာရောဂါဝေဒနာရှင် ခုနစ်သိန်းခန့် ဖြစ်ပွားလျက်ရှိပြီး ဖြစ်ပွားမှုနှုန်းမှာ လျော့ကျမသွားသေးပေ။

ခံတွင်းကင်ဆာသည်လည်း ကိုယ်ခန္ဓာတွင်ဖြစ်ပွားတတ်သော အခြားကင်ဆာများနည်းတူ ဖြစ်ပွားမှုနှုန်းလျော့ကျမသွားပဲ တဖြည်းဖြည်းမြင့်တက်လာလျက်ရှိပါသည်။ ခံတွင်းကင်ဆာသည် ကမ္ဘာတစ်ဝန်းလုံးရှိ ဖြစ်ပွားမှုအများဆုံးကင်ဆာ (၁၀)မျိုးတွင်ပါဝင်ပြီး အာဆီယံဒေသတွင်းနိုင်ငံများတွင် ဖြစ်ပွားမှုများသော ကင်ဆာ (၅)မျိုးတွင် ပါဝင်ပါသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် နှစ်စဉ်ခံတွင်းကင်ဆာ ဖြစ်ပွားသူပေါင်း သုံးသိန်းခန့်ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ပွားမှုနှုန်း မြင့်မားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ကျွန်ုပ်တို့ အာဆီယံဒေသတွင်းနိုင်ငံများတွင် နှစ်စဉ် ခံတွင်းကင်ဆာဖြစ်ပွားသူပေါင်း ၂၇၀၀၀ ဝန်းကျင်ခန့် ဖြစ်ပွားလေ့ရှိပါသည်။ ခံတွင်းကင်ဆာဖြစ်ပွားမှု များသော ဒေသများမှာ အာရှတောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် အဓိကဖြစ်ပွားလျက်ရှိသည်။ အိန္ဒိယနိုင်ငံတစ်နိုင်ငံတည်းတွင်ပင် နှစ်စဉ်ခံတွင်း ကင်ဆာဖြစ်ပွားသူပေါင်း ၈၀၀၀၀ ကျော်ထိ ဖြစ်ပွားလျက်ရှိပြီး ခံတွင်းကင်ဆာဖြစ်ပွားမှု အများဆုံး နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။

သီရိလင်္ကာနိုင်ငံတွင်လည်း ခံတွင်းကင်ဆာသည် အဖြစ်အများဆုံးကင်ဆာရောဂါများတွင် အဆင့်တစ်တွင်ရှိနေပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း ခံတွင်းကင်ဆာသည် အဖြစ်အများဆုံးကင်ဆာငါးမျိုးတွင် ပါဝင်ပါသည်။ ထိုင်းနိုင်ငံတွင် အဖြစ်အများဆုံး ကင်ဆာများတွင် အဆင့်(၃) ဖြစ်ပွားမှုနှုန်း မြင့်မားလျက်ရှိပါသည်။

ခံတွင်းကင်ဆာသည်လည်း အခြားကင်ဆာများနည်းတူ အသက်အန္တရာယ်ပေးနိုင်သော ရောဂါဆိုးတစ်ခုဖြစ်ပြီး ရောဂါဖြစ်ပွားလာပါက ရောဂါဖြစ်ပွားသူ လူနာရှင်



အပါအဝင် အခြားမိသားစုဝင်များတွင်ပါ လူမှုစီးပွားအပေါ် ကြီးမားသော ဝန်ထုပ်ဝန်ပိုးများဖြစ်ပေါ်လာစေပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ခံတွင်းကင်ဆာရောဂါဖြစ်ပွားမှုများ သိသိသာသာမြင့်တက်လာလျက်ရှိပြီး စိန်ခေါ်မှုတစ်ခု သဖွယ်ဖြစ်လာပါသည်။ ခံတွင်းကင်ဆာဖြစ်ပွားပါက အခြားကင်ဆာရောဂါများနည်းတူ ရောဂါကုသရာတွင် အခက်အခဲများစွာရှိနိုင်သဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ခံတွင်းကင်ဆာရောဂါကုသရာတွင် အောင်မြင်မှုရာခိုင်နှုန်းမှာ လွန်စွာ နည်းပါးလျက်ရှိနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ခံတွင်းကင်ဆာမဖြစ်ပွားအောင် ဂရုတစိုက်နေထိုင်ခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်ပေမည်။ ဆေးရွက်ကြီးသုံးစွဲမှုနှင့်အဓိက ဆက်နွယ်နေသောခံတွင်းကင်ဆာမှာ ဆေးရွက်ကြီးသုံးစွဲမှု မြင့်မားလာသည်နှင့်အမျှ ခံတွင်းကင်ဆာဖြစ်ပွားမှုလည်း မြင့်တက်လာလျက်ရှိပါသည်။ ရှောင်လွှဲ၍မရသော အကြောင်းတရားများမှလွဲပြီး အခြားကျန်သော ရောဂါဖြစ်စေသော အကြောင်းအရင်းအများစုမှာ ဂရုတစိုက်ရှောင်ကျဉ်၍ရသဖြင့် ခံတွင်းကင်ဆာရောဂါသည် ရောဂါမဖြစ်ပွားအောင် ကာကွယ်၍ရနိုင်သော ကင်ဆာရောဂါတစ်မျိုးပင်ဖြစ်ပါသည်။ ထို့ကြောင့် ခံတွင်းကင်ဆာမဖြစ်ပွားအောင် ခံတွင်းကင်ဆာနှင့်ပတ်သက်သော ဗဟုသုတများ၊ ရှောင်ရန် ဆောင်ရန်များကို သိရှိထားဖို့ လိုအပ်ပါမည်။

**၁။ခံတွင်းကင်ဆာဆိုသည်မှာ**

ခံတွင်းကင်ဆာဆိုသည်မှာ ခံတွင်းနှင့် ဆက်စပ်နေရာများတွင် ပုံမှန်မဟုတ်သော ဆဲလ်များအထိန်းအချုပ်မဲ့ ကြီးထွားလာပြီး အခြေအနေပိုမိုဆိုးရွားလာပါက အခြားခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ပြန့်ရည်ကြောများ၊ သွေးကြောများမှတစ်ဆင့် ပျံ့နှံ့သွားနိုင်ပြီး အသက်အန္တရာယ်ဆုံးရှုံးသည်အထိ ဖြစ်စေနိုင်သော ရောဂါတစ်မျိုးပင်ဖြစ်ပါသည်။ ခံတွင်းအစိတ်အပိုင်းများဖြစ်သော နှုတ်ခမ်း၊ လျှာ၊ ပါးစောင်၊ သွားဖုံး၊ ခံတွင်းကြမ်းပြင်၊ အာခေါင်၊ မေးရိုးများနှင့် ခံတွင်းရှိ တံတွေးဂလင်းများတွင် ဖြစ်ပွားတတ်ပါသည်။ ခံတွင်းကင်ဆာစတင်ဖြစ်ပွားချိန်တွင် တွေ့ရသော ပုံစံများမှာ တစ်မျိုးနှင့်တစ်မျိုး အနည်းငယ်ခြားနားမှုရှိတတ်သောကြောင့် အချို့သောသူများမှာ မိမိခံတွင်းတွင် ကင်ဆာရောဂါဖြစ်နေသည်ကိုပင် သတိမမူဘဲဖြစ်တတ်ပါသည်။

**၂။ ခံတွင်းကင်ဆာ ဖြစ်ပွားစေနိုင်သော အကြောင်းအရင်းများ**

ခံတွင်းကင်ဆာဖြစ်စေနိုင်သော အကြောင်းအရင်းများမှာ များစွာရှိပြီး နေရာဒေသပတ်ဝန်းကျင်အပေါ် မူတည်ပြီး အနည်းငယ်ကွာခြားမှုများလည်း ရှိပါသည်။ သုတေသနများစွာ ပြုလုပ်ပြီး ရှာဖွေတွေ့ရှိထားသော ခံတွင်းကင်ဆာဖြစ်ပွားစေသည့်အကြောင်းအရင်းများမှာ

**(က)ဆေးရွက်ကြီးသုံးစွဲမှု**

ဆေးရွက်ကြီးကို ရှေးနှစ်ပေါင်းများစွာကပင် ပုံစံမျိုးစုံဖြင့် အသုံးပြုလာခဲ့ကြပြီး နိုင်ငံဒေသများအပေါ် မူတည်ပြီး သုံးစွဲမှုပုံစံလည်းကွာခြားကြသည်။ အများစုသုံးစွဲလျက်ရှိသောပုံစံများမှာ အငွေ့ထွက်ဆေးရွက်ကြီးသုံးစွဲမှု (smoking tobacco)အနေဖြင့် ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်၊ စီးကရက်၊ ဆေးတံနှင့် အချို့ဒေသများတွင် ကိုယ်တိုင်ဖန်တီးပြုလုပ်ပြီး သုံးစွဲကြသော ဆေးရွက်ကြီးလိပ် သောက်သုံးမှုများပါဝင်ပြီး အငွေ့မထွက်ဘဲ ဆေးရွက်ကြီးသုံးစွဲမှု (smokeless tobacco)အနေဖြင့် ကွမ်းဝါးခြင်း၊ အသင့်စားကွမ်းယာထုပ်များဝါးခြင်း၊ ဆေးရွက်ကြီးငုံခြင်း တို့ပါဝင်ကြပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်များအရ နှစ်စဉ်လူပေါင်း ၅ ဒသမ ၄ သန်းခန့်သည် ဆေးရွက်ကြီးသုံးစွဲမှုနှင့် ဆက်နွယ်နေသော ရောဂါများကြောင့် သေဆုံးနေကြရသည်။ ခံတွင်းကင်ဆာဖြစ်ပွားမှု၏ ၉၀ ရာခိုင်နှုန်းမှာလည်း ဆေးရွက်ကြီးသုံးစွဲမှုနှင့် ဆက်နွယ်ဖြစ်ပွားလျက်ရှိပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း အရွယ်ရောက်ပြီးသား ဆေးလိပ်သောက်သုံးသူ အမျိုးသား ၄၄ ဒသမ ၈ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၇ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး အရွယ်ရောက်ပြီး ကွမ်းဝါးသူ အမျိုးသား ၅၁ ဒသမ ၄ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၁၆ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း ၂၀၁၂ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သောဆေးရွက်ကြီးသုံးစွဲမှုစာရင်းများအရ သိရသည်။

တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဆေးလိပ်ကွမ်းယာများမှာ လွယ်ကူစွာ ဝယ်ယူသုံးစွဲရနိုင်သဖြင့် ကလေးလူကြီးလူငယ် အမျိုးသားအမျိုးသမီးအလွှာစုံတွင် သုံးစွဲလျက်ရှိသည်။ သုတေသနပြုရှာဖွေတွေ့ရှိချက်များအရ ဆေးရွက်ကြီးတွင် ကင်ဆာဖြစ်စေသောဓာတုပစ္စည်းများစွာ ပါဝင်လျက်ရှိပြီး အဓိကပါဝင်သော ကင်ဆာဖြစ်စေသော ပစ္စည်းမှာ PAH ခေါ် Polycyclic Aromatic Hydrocarbons ဖြစ်သည်။ ဆေးလိပ်ငွေ့တွင် ယင်းကင်ဆာဖြစ်စေသော ဓာတုပစ္စည်းများအပြင် အခြားသော ကင်ဆာဖြစ်စေသော ပစ္စည်းများပါဝင်ပြီး စီးကရက်ကဲ့သို့သော ဆေးလိပ်များတွင် အန္တရာယ်ရှိသောဓာတုပစ္စည်းပေါင်း ထောင်နှင့်ချီကာပါဝင်ပါသည်။ ကွမ်းယာများတွင် ပါဝင်သော ဆေးရွက်ကြီးတွင်လည်း အထက်ဖော်ပြပါ PAH ခေါ် ကင်ဆာဖြစ်စေသော ဓာတုပစ္စည်းများပါဝင်ပါသည်။ အနံ့အရသာကောင်းမွန်စေရန် ကွမ်းယာတွင် အသုံးပြုသော ဆေးရွက်ကြီးနှင့် အသင့်စားကွမ်းယာထုပ်များတွင် အခြားသောဓာတုပစ္စည်းများ ထပ်မံအသုံးပြုထားသဖြင့် ပို၍ပင် အန္တရာယ်ရှိပါသည်။ ထို့အပြင် ကွမ်းယာတွင် ထည့်သွင်းစားသုံးသော ကွမ်းသီးတွင်လည်း ARECOLINE ခေါ် ဓာတုပစ္စည်းတစ်မျိုးပါဝင်ပြီး ကွမ်းယာတွင် ပါဝင်သောဖောက်ထုံး SLAKED LIME နှင့်တွေ့သောအခါ ကင်ဆာဖြစ်စေနိုင်သော ဓာတုပစ္စည်းပုံစံဖြစ်သော ARECOIDENE အဖြစ်သို့ ပြောင်းလဲသွားသည်။ ထို့ကြောင့် ကွမ်းဝါးသည်ဖြစ်စေ၊ ဆေးလိပ်သောက်သည်ဖြစ်စေ ဆေးရွက်ကြီးနှင့် ဆက်စပ်ပစ္စည်းများတွင် ကင်ဆာဖြစ်စေသော ဓာတုပစ္စည်းများပါဝင်ပြီး ခံတွင်းတွင် ထိတွေ့မှုများလာသဖြင့် အချိန်ကြာလာသောအခါတွင် ခံတွင်းကင်ဆာရောဂါအဖြစ်သို့ ပြောင်းလဲသွားပါသည်။ အန္တရာယ်ကင်းသော ဆေးရွက်ကြီးသုံးစွဲမှုဟူ၍မရှိပေ။ ယခုနောက်ပိုင်း ကွမ်းကိုအချိန်ကြာမြင့်စွာ ငုံဝါးသောသူများတွင် ပါးစောင်ကင်ဆာအဖြစ် များလာကြောင်း သုတေသနလေ့လာမှုများအရ သိရသည်။

*(ဆက်လက်ဖော်ပြပါမည်)*

**ကွမ်းယာတွင် ထည့်သွင်းစားသုံးသော ကွမ်းသီးတွင်လည်း ARECOLINE ခေါ် ဓာတုပစ္စည်းတစ်မျိုးပါဝင်ပြီး ကွမ်းယာတွင် ပါဝင်သောဖောက်ထုံး SLAKED LIME နှင့်တွေ့သောအခါ ကင်ဆာဖြစ်စေနိုင်သော ဓာတုပစ္စည်းပုံစံဖြစ်သော ARECOIDENE အဖြစ်သို့ ပြောင်းလဲသွားသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**
**(တင်ဒါခေါ်ယူခြင်း)**

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ(၇)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၁၂-၁-၂၀၁၅ ရက်မှစ၍ ၁၅-၁-၂၀၁၅ ရက်အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ် ၄၈၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၅-၁-၂၀၁၅ ရက် မွန်းတည့် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။
၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဌာနစု(၁)၊ ဖုန်း-၀၆၇-၄၃၁၀၂၇သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များသို့**
**အသိပေးအကြောင်းကြားခြင်း**

၁။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ယခုအချိန်ထိ လူစီးယာဉ်ငယ်များနှင့် ခရီးသည်တင်ယာဉ်များကိုသာ ခွင့်ပြုထားခဲ့ပါသည်။ မကြာမီ အမြန်လမ်းပေါ်၌ အချိန်မီရောက်ရှိရန်လိုအပ်သည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်သယ်ပို့ယာဉ်များ၊ သား၊ ငါး၊ ကဏန်းသယ်ပို့ယာဉ်များ၊ သတင်းစာနှင့် ဂျာနယ်၊ မဂ္ဂဇင်းသယ်ပို့ယာဉ်များအား အထူးအခွင့်အရေး တစ်ရပ်အနေဖြင့် ခွင့်ပြုပေးရန်ရှိပါသည်။
၂။ သို့ဖြစ်၍ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်ယာဉ်ဖြင့် အထက်ဖော်ပြပါကုန်စည်များ သယ်ယူပို့ဆောင်လိုသော စိတ်ဝင်စားသည့် လုပ်ငန်းရှင်များသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းခွင့် မှတ်ပုံတင်ပြုလုပ်ရန်/ စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးရန်အတွက် ၂၁-၁-၂၀၁၅ ရက် မွန်းလွဲ ၁:၀၀ နာရီတွင် ရုံးအမှတ်(၁၁)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်သို့ တက်ရောက်ကြရန် အကြောင်းကြားပါသည်။

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၁-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၆-၁-၂၀၁၅ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

**အမည်ပြောင်း**

ကျောက်မဲမြို့၊ (၃)ရပ်ကွက်နေ ဦးသိန်းဇော်ဝင်း၏သား အမက(၈) မူလွန်၊ ဒုတိယတန်း(ခ)မှ ကျောင်းဝင်အမှတ် ၄၈၇၈ စိုင်းရန်မျိုးနိုင် အား မောင်ဇေရဲမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

**ဖြည့်စွက်ဖတ်ရှုပါရန်**

၅-၁-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၅)ပါ ဦးဖော်နယော်၏ကိတ္တိမမွေးစားသားအဖြစ်မှ စွန့်လွှတ်ခြင်းအား ကိတ္တိမမွေးစားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းဟု ဖြည့်စွက်ဖတ်ရှုပါရန်။

**အမည်ပြောင်း**

စစ်တွေမြို့၊ ရသေ့တောင်ရပ်ကွက်နေ ဦးမောင်ညွှန့်ဦး၏သား မောင်ဇော်အေးမြင့် ၁၁/ရသတ(နိုင်)၀၅၇၃၁၃အား မောင်ဇော်အေးနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဇော်အေးနိုင်**

**ပျောက်ဆုံးကြောင်း**

ကျွန်မ နန်းကေသီမိုး ၁၃/လလန(နိုင်)၀၀၀၉၁၅၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၃၇၃၂၉၃၁**

**ဖခင်အမည်မှန်**

လားရှိုးမြို့၊ အထက(၁) နဝမတန်း(က)မှ မောင်ဂမ်ဆိုင်း(ခ)မောင်အောင်ဆိုင်းဒန် (က၀-၅၀၅၁)၏ဖခင်အမည်မှန်မှာ ဦးမာဂမ်(ခ)ဦးဘရန်အောင် ဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မုန်ထွယ်အောင် ၁/မကန(နိုင်) ၁၄၄၇၆၅ ၏ ပတ်စ်ပို့ No.(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၆၂၅၂၉၀၇**

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော်၏သမီး မဒေါင်နော ၁/မကန(နိုင်)၁၀၁၆၃၅သည် ဖခင်၏ဆိုဆုံးမမှုကို မလိုက်နာခြင်း၊ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံးဝ)လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလွမ်းဒေါင် ၁/မကန(နိုင်)၀၉၇၃၇၁**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးသိန်းလွင်(ဘ)ဦးစံသာမောင် ကိုင်ဆောင်သော နိုင်ငံခြားမှတ်ပုံတင်စာအုပ် အမှတ် MA-705405 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၈၅၀၀၉၁၂၊ ၀၉-၅၁၅၉၃၆၂**

**မုံရွာမှာ အိမ်၊ ခြံ၊ မြေ ဝယ်လို ရောင်းလိုပါသလား**

ဧငြိမ့်ပြည့်ဝ
အိမ်၊ ခြံ၊ မြေနှင့် ဆက်သွယ်ပါ။
**ကိုဇော်ထိုက် ဖုန်း-၀၉-၃၃၅၆၀၁၁၃၊ ၀၉-၃၆၀၉၈၃၈၆**

သတင်းဆောင်းပါးနှင့်ကြော်ငြာ

# ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းရာဝယ်. . .

မောင်အာကာ(သမိုင်းမြေ)

